ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသောမင်္ဂဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)

၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်၊ အင်္ဂါနေ့။ Tuesday, 25 August 2020 ၁၀၁၁၅

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပပြုလုပ်သည့် တတိယအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များအစည်းအဝေးသို့ ပါဝင်တက်ရောက်

**မြန်မာနိုင်ငံက လာအိုနိုင်ငံထံမှ ပူးတွဲဥက္ကဋ္ဌတာဝန် လွှဲပြောင်းရယူ**




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် တတိယအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များအစည်းအဝေးသို့ ပါဝင်တက်ရောက်စဉ်။

**နေပြည်တော် ဩဂုတ် ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ယနေ့နံနက် ၈ နာရီတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် တတိယအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးသို့ နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်မှ ပါဝင်တက်ရောက်သည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❋

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံသို့ ရောက်ရှိနေသည့် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မိုတဲဂိ တိုရှိမိစုနှင့် တွေ့ဆုံဆွေးနွေး



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မိုတဲဂိ တိုရှိမိစုတို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် ဩဂုတ် ၂၄**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံသို့ တရားဝင်ခရီးရောက်ရှိနေသည့် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မိုတဲဂိ တိုရှိမိစုနှင့် ယနေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်သည်။ **စာမျက်နှာ ၅ ကော်လံ ၁ သို့**❖

**Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရခိုင်ပြည်နယ်အတွင်း COVID-19 ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေများနှင့်စပ်လျဉ်း၍ ပြည်သူသို့ အစီရင်ခံတင်ပြသည့်မိန့်ခွန်း**

စာမျက်နှာ » ၄

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# ကြေးမုံ

## ဖြစ်ပေါ်လာနိုင်သည့်အန္တရာယ်ကို သတိမူ

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ဗိုင်းရပ်စ်ပိုးတွေ့ရှိမှု အခြေအနေမှာ ဩဂုတ် ၁၅ ရက်နေ့က ၃၇၄ ဦးရှိရာမှ ဩဂုတ် ၂၄ ရက်နေ့တွင် ၄၇၄ ဦး ရှိလာသည်။ တစ်ပတ်ကျော်ကာလအတွင်း ရောဂါပိုးတွေ့ရှိသူများ တိုးလာသည်မှာ နိုင်ငံ၏ပကတိအနေအထားနှင့် လူဦးရေအရ ကူးစက်မှုမြန်နေသည်ဟု ဆိုရမည် ဖြစ်သည်။ အမှန်တွင် မြန်မာနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်ထားနိုင်ခဲ့သည်။

ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိမှုနှင့်ပတ်သက်၍ ပြည်တွင်းပိုးတွေ့ရှိမှုနှင့် ပြည်ပပိုးတွေ့ရှိမှု နှစ်မျိုးရှိရာ ပြည်ပရောဂါပိုးတွေ့ရှိမှုကို စိုးရိမ်ပူပန်မှု ကြီးကြီးမားမားမရှိဘဲ ထိန်းချုပ်ထားနိုင်ပြီး ပြည်တွင်းရောဂါပိုးတွေ့ရှိမှုကိုမူ စိုးရိမ်ပူပန်စရာ ထိန်းချုပ်ကြရသည်။ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ အများဆုံးတွေ့ရှိရာဒေသမှာ ရန်ကုန်မြို့ဖြစ်သည်။ အစောပိုင်းကာလက ရန်ကုန်မြို့တွင် ပြည်တွင်းကူးစက်မှုရှိခဲ့သော်လည်း အတိုင်းအတာတစ်ခု၌ နိုင်နင်းအောင် ထိန်းချုပ်နိုင်ခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း မြင့်မားနေသည်ကိုတွေ့ရမည်။ ဩဂုတ် ၂၃ ရက်နေ့က ပိုးတွေ့လူနာ ၄၅၀ ရှိပြီး နောက်တစ်ရက်တွင် ၄၇၀ ကျော် ဖြစ်လာသည်။ ရက်သတ္တပတ်အတွင်း ရောဂါပိုးတွေ့လူနာသစ်အများစုသည် ရခိုင်ပြည်နယ် စစ်တွေမြို့မှဖြစ်သည်။ ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမြန်ဆန်လာခြင်းသည် ရောဂါမျိုးဗီဇပြောင်းလဲမှုနှင့် သက်ဆိုင်ခြင်းရှိ၊ မရှိ ဆန်းစစ်လေ့လာကြသည်။ ယခုအခါ ကိုရိုနာဗိုင်းရပ်စ်ပိုး မျိုးဗီဇသစ်ကို တွေ့ရှိလာကြသည်။ မျိုးဗီဇသစ်သည် အာဖရိကမှလွဲ၍ နိုင်ငံများတွင် တွေ့ရှိလာကြပြီး အရှေ့တောင်အာရှတွင် အတော်များများ တွေ့ရှိလာကြသည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခါစတွင် တွေ့ရှိခဲ့သည့် ဗိုင်းရပ်စ်မျိုးဗီဇသည် D 614 ဖြစ်ခဲ့ပြီး ယခုနောက်ပိုင်းတွင် G 614 သို့ မျိုးဗီဇပြောင်းလဲသွားသည်။ မျိုးဗီဇအသစ်သည် ယခင်မျိုးဗီဇအဟောင်းထက် ကူးစက်နိုင်စွမ်း ၁၀ ဆခန့် ပိုမိုမြန်ဆန်သည်ဟု သိရသည်။ မြန်မာနိုင်ငံတွင် လွန်ခဲ့သည့်နှစ်လကတည်းက ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုး မျိုးဗီဇပြောင်းလဲမှုရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ရာ ဓာတ်ခွဲနမူနာ ၁၀ ခုတွင် ခြောက်ခုမှာ ကူးစက်မှုနှုန်းမြန်ဆန်သည့် G 614 ဖြစ်သည်ဟု ပညာရှင်များက ဖော်ထုတ်အတည်ပြုခဲ့သည်။ ယခုတွေ့ရှိနေသော ရောဂါပိုးသစ်တွေ့ရှိမှုများမှာ မြန်ဆန်နေသဖြင့် အထူးသတိပြုကြရမည် ဖြစ်သည်။

ယခင်ဗိုင်းရပ်စ်ပိုးသည် အလှမ်းနီးမှ ကူးစက်နိုင်သော်လည်း ယခုအသစ်တွေ့ရှိသော မျိုးဗီဇပြောင်းလဲသည့်ဗိုင်းရပ်စ်ပိုးသစ်မှာ အလှမ်းဝေးဝေး ကူးစက်နိုင်သည်ကို သတိပြုရမည် ဖြစ်သည်။ မျိုးဗီဇအသစ်သည် ပတ်ဝန်းကျင်လေထုထဲတွင် ဗိုင်းရပ်စ်ပိုးများပျံ့နှံ့နိုင်သည်ဟု သိရသည်။ မည်သူမည်ဝါ၊ မည်သည့်နေရာမှ ပျံ့နှံ့နေမှန်းမသိနိုင်သည့် ရောဂါပိုးများကို လေထဲမှတစ်ဆင့် ရှူရှိုက်မိနိုင်သည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် လုံးဝမပေါ့မဆဘဲ ရောဂါကာကွယ်ရေးနည်းစနစ်များကို အတိအကျလိုက်နာကြဖို့ လိုအပ်ပါသည်။

မြန်မာနိုင်ငံရှိ ကျန်းမာရေးဝန်ထမ်းများသည် ပြည်သူများ ရောဂါဘေးကင်းဝေးရေးအတွက် စိတ်ဆန္ဒစေတနာထက်သန်စွာဖြင့် ကိုဗစ်-၁၉ ရောဂါကို ကာကွယ်၊ ထိန်းချုပ်၊ ကုသပေးနေကြသည်။ ရောဂါထိန်းချုပ်ရေးကို ကျန်းမာရေးနှင့် ဒေသန္တရအုပ်ချုပ်ရေးပိုင်းဆိုင်ရာတို့က အလေးထားဆောင်ရွက်ပေးနေကြပြီး ကုသရေးကို ကျန်းမာရေးဝန်ထမ်းများက ထိထိရောက်ရောက်ဆောင်ရွက်ပေးလျက်ရှိသည်။ ရောဂါပိုးတွေ့ရှိမှု တိုးတက်နေသော်လည်း သေဆုံးသူတိုးမလာအောင် စနစ်တကျကုသပေးနိုင်သဖြင့် စိတ်သက်သာရာရစေသည်။ ရောဂါကာကွယ်ရေးအတွက် အဓိကမှာ ပြည်သူသာဖြစ်၍ ပြည်သူများအနေဖြင့် လမ်းညွှန်ထားသော ကျန်းမာရေးဆိုင်ရာ အချက်များကို လိုက်နာကြဖို့လိုသည်။

အဓိကမှာ မည်သည့်နေရာ၊ မည်သူ့ထံမှ ပျံ့နှံ့လာမှန်းမသိနိုင်သည့် ဗိုင်းရပ်စ်ပိုးကို လူတိုင်းလူတိုင်း ပြင်ပသို့ထွက်သည်နှင့် နှာခေါင်း၊ ပါးစပ်အကာအကွယ်များ အမြဲဝတ်ဆင်ထားရန်လိုအပ်ပြီး လူစုလူဝေးများကို သတိထားရန်၊ လူအများနှင့် ခပ်ခွာခွာနေရန်၊ အဝင်၊ အထွက် ပြုလုပ်ပြီးတိုင်း လက်ကိုဆပ်ပြာနှင့် ရေဖြင့် သန့်ရှင်းစင်ကြယ်အောင်ဆေးကြောရန် လိုအပ်သည်။ ပြည်သူများ လက်ငင်းလိုက်နာရသည့် အခက်အခဲထက် ပေါ့ဆမှုကြောင့် ကြုံတွေ့ရမည့် ဒုက္ခအခက်အခဲအန္တရာယ်များသည် အဆပေါင်းများစွာ ကြီးမားသည်ကို အထူးသတိပြုစေရန် အသိပေးအပ်ပါသည်။ ။

## ပါဠိပထမပြန်စာမေးပွဲနှင့် ဓမ္မာစရိယစာမေးပွဲ အောင်စာရင်းများ ဝက်ဘ်ဆိုက်များတွင် ကြည့်ရှုနိုင်

နေပြည်တော် ဩဂုတ် ၂၄

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပပြီးစီးခဲ့သော ၁၃၈၂ ခုနှစ် (၂၀၂၀ ပြည့်နှစ်) ပါဠိပထမပြန် စာမေးပွဲအောင်စာရင်းကို ၁၃၈၂ ခုနှစ် ဝါခေါင်လဆန်း ၁၀ ရက်၊ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၂၈ ရက် သောကြာနေ့တွင် လည်းကောင်း၊ ဓမ္မာစရိယစာမေးပွဲ အောင်စာရင်းကို ၁၃၈၂ ခုနှစ် ဝါခေါင်လဆန်း ၁၂ ရက်၊ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၃၀ ရက် တနင်္ဂနွေနေ့တွင် လည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.mahana.org.mm၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန Website www.mora.gov.mm နှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

## ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ ကိုဗစ်-၁၉ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်း

စစ်တွေ ဩဂုတ် ၂၄

ကမ္ဘောဇဘဏ်က ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ယနေ့ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ကမ္ဘောဇဘဏ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကမ္ဘောဇဘဏ်က ငွေကျပ်သိန်း ၉၀၀ ခန့်တန်ဖိုးရှိ ဆေးရုံသုံးနှာခေါင်းစည်း ၁၀၀၀၀၀၊ ဆေးရုံသုံး လက်အိတ် ၃၀၀၀၊ ခေါင်းစွပ် ၂၀၀၀၊ မျက်မှန် ၂၀၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေး ဝတ်စုံ ၂၀၀၊ အပူချိန်တိုင်းစက် ၁၀၀၊ မျက်နှာအကာ ၂၀၀၀ စသည့် ကာကွယ်ကုသရေးအထောက်အကူပစ္စည်း ခုနစ်မျိုးနှင့် အလှူငွေကျပ်သိန်း ၃၀၀ ကို ကမ္ဘောဇဘဏ် ရခိုင်ပြည်နယ် တာဝန်ခံ ဒုတိယအထွေထွေမန်နေဂျာ ဦးစံမြက ပေးအပ်လှူဒါန်းရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူသည်။ ထို့နောက် ရခိုင်ပြည်နယ် ဝန်ကြီးချုပ်က ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားသည်။



### လှူဒါန်း

ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် ရောဂါမဖြစ်ပွားခင် ဖေဖော်ဝါရီ ၂၆ ရက်မှစတင်၍ ယနေ့အထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငွေကျပ် ၆၀၃၄၂ သိန်း လှူဒါန်းထားပြီးဖြစ်ကြောင်း သိရသည်။

ပြည်နယ်

(ပြန်/ဆက်)

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့
ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၄-၈-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၉၀၀ | ၉,၉၀၀ | ၁,၅၅၄ | ၁၅,၂၉၁,၂၀၀ |
| MTSH | ၃,၈၀၀ | ၃,၇၅၀ | ၂,၇၂၄ | ၁၀,၂၂၄,၃၅၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၃၂၁ | ၂,၅၀၃,၈၀၀ |
| FPB | ၂၁,၅၀၀ | ၂၁,၅၀၀ | ၁၈၈ | ၄,၀၄၂,၀၀၀ |
| TMH | ၂,၈၀၀ | ၂,၇၅၀ | ၅၂၄ | ၁,၄၂၂,၄၀၀ |
| EFR | ၃,၁၀၀ | ၃,၀၅၀ | ၂၅ | ၇၇,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဩဂုတ် ၂၄

ရန်ကုန်(ရွှေဈေး) ၁၃၀၃၀၀၀ မန္တလေး(ရွှေဈေး) ၁၃၀၃၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၅၅/၆၀၀ ကျပ် | ၅၈၅/၆၀၅ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၄၅/၅၉၀ ကျပ် | ၅၇၅/၅၉၀ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၆၂၅/၆၅၀ ကျပ် | ၆၈၀/၇၁၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၉၅/၅၃၅ ကျပ် | ၅၅၅/၅၇၀ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၉၀/၅၀၀ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၀၀/၅၁၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၇၀/၄၈၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၈.၈ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၀၅.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၆.၅၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၃.၁၉၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၅.၃၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၃၂၅ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၇၆.၂၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၉၂.၂၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၈၃.၈ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၄.၄၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဦးမျိုးဝင်းနိုင်၊ ဦးရည်မွန်ခန့်အောင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်ချောစုလှိုင်နှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက





နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တတိယအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များအစည်းအဝေးတွင် ဆွေးနွေးပြောကြားစဉ်။

✻ ရှေ့ဖုံးမှ

အစည်းအဝေးတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် ဝန်ကြီးချုပ် မစ္စတာ လီခချန်းတို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်သည်။ အစည်းအဝေးသို့ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဟွန်ဆင်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ပရာယုဒ်ချန်အိုချာနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်စွမ်းဖုတို့လည်း တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးကို မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ဖြစ်ပေါ်တိုးတက်မှု မှတ်တမ်းဗီဒီယိုပြသ၍ ဖွင့်လှစ်သည်။ အစည်းအဝေးတွင် နိုင်ငံ့ခေါင်းဆောင်များသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဖြစ်ပေါ်တိုးတက်မှုအခြေအနေများအပေါ် သုံးသပ်မှုပြုခဲ့ကြပြီး ပူးပေါင်းဆောင်ရွက်မှုမူဘောင်၏ အနာဂတ်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ချစ်ကြည်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ဆွေးနွေးရာတွင် COVID-19 ကပ်ရောဂါကြောင့် ကမ္ဘာတစ်ဝန်းတွင် အသက်ဆုံးရှုံးခဲ့ရသူများ၊ ထိခိုက်ခံစားခဲ့ရသူများအတွက် ဝမ်းနည်းပါကြောင်းနှင့် COVID-19 ကပ်ရောဂါကို မှန်ကန်သောစီမံခန့်ခွဲမှုများဖြင့် အောင်မြင်စွာ ထိန်းချုပ်ထားနိုင်ခဲ့ခြင်းအတွက် မဲခေါင်-လန်ချန်းနိုင်ငံများ၏ အစိုးရအဖွဲ့များကို ချီးကျူးပါကြောင်း၊ မြန်မာနိုင်ငံ၏ COVID-19 ကပ်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းစဉ်အတွက် တရုတ်နိုင်ငံမှ အကူအညီများပေးအပ်ခဲ့ခြင်းကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ဖြစ်ပေါ်တိုးတက်မှုများနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတက ဆွေးနွေးရာ၌ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် မဲခေါင်ဒေသ ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကိုအကျိုးပြုပြီး အာဆီယံအသိုက်အဝန်း တည်ထောင်ရေးနှင့် ၂၀၃၀ ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များ အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်များကိုလည်း အထောက်အကူပြုလျက်ရှိပါကြောင်း၊ ဒေသတွင်းငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးတို့ တိုးမြှင့်ရရှိရေး၊ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်များ၊ တရားမဝင်မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ လူကုန်ကူးမှု၊ အကြမ်းဖက်မှုနှင့် လက်နက်ခဲယမ်းများ တရားမဝင် ရောင်းဝယ်မှုစသည့် သမားရိုးကျမဟုတ်သော စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရေး လုပ်ငန်းစဉ်များတွင် မဲခေါင်-လန်ချန်းနိုင်ငံများ၏ ပေါင်းစည်းမှုအင်အားသည် များစွာအရေးကြီးပါကြောင်း ပြောကြားသည်။

ထို့ပြင် အနာဂတ်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ကမ္ဘာတစ်ဝန်းတွင် လက်ရှိကြုံတွေ့နေရသော စိန်ခေါ်မှုများနှင့် အနာဂတ်ကာလ၏ စိန်ခေါ်မှုများအား ဖြေရှင်းနိုင်ရေးကိုမျှော်မှန်း၍ ကျန်းမာရေးကဏ္ဍအပါအဝင် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍသစ်များအား အချိန်ကိုက်တိုးချဲ့နိုင်ခဲ့ခြင်းအတွက် ချီးကျူးပါကြောင်း၊ ကူးစက်ရောဂါများ အထူးသဖြင့် COVID-19 ကပ်ရောဂါအတွက်

**မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ကမ္ဘာတစ်ဝန်းတွင် လက်ရှိကြုံတွေ့နေရသော စိန်ခေါ်မှုများနှင့် အနာဂတ်ကာလ၏ စိန်ခေါ်မှုများအား ဖြေရှင်းနိုင်ရေးကိုမျှော်မှန်း၍ ကျန်းမာရေးကဏ္ဍအပါအဝင် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍသစ်များအား အချိန်ကိုက်တိုးချဲ့နိုင်ခဲ့ခြင်းအတွက် ချီးကျူးပါကြောင်း၊ ကူးစက်ရောဂါများ အထူးသဖြင့် COVID-19 ကပ်ရောဂါအတွက် ကာကွယ်ဆေးသုတေသနပြုမှုနှင့် ကာကွယ်ဆေးထုတ်လုပ်မှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရန်လိုအပ်**

ကာကွယ်ဆေးသုတေသနပြုမှုနှင့် ကာကွယ်ဆေးထုတ်လုပ်မှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရန်လိုအပ်ကြောင်း၊ ထို့အပြင် အဆိုပါ ကာကွယ်ဆေးများကို လူတိုင်း လက်လှမ်းမီ သုံးစွဲခွင့်ရရှိနိုင်ရေးအတွက် လုပ်ငန်းအစီအစဉ်တစ်ရပ် ထူထောင်သွားရန် လိုအပ်ကြောင်း၊ ဒေသတွင်း

**ကာကွယ်ဆေးများကို လူတိုင်း လက်လှမ်းမီ သုံးစွဲခွင့်ရရှိနိုင်ရေးအတွက် လုပ်ငန်းအစီအစဉ်တစ်ရပ် ထူထောင်သွားရန်လိုအပ်ကြောင်း၊ ဒေသတွင်း ပေါင်းစည်းဆက်နွယ်မှုမြှင့်တင်ရေးနှင့် စီးပွားရေးပေါင်းစည်းမှုတို့သည် ကုန်စည်လွတ်လပ်စွာစီးဆင်းမှု၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလာမှု၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုတိုးမြှင့်ရေးနှင့် အခြားသော ပူးပေါင်းဆောင်ရွက်မှုများ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် များစွာအရေးကြီး**

ပေါင်းစည်းဆက်နွယ်မှုမြှင့်တင်ရေးနှင့် စီးပွားရေးပေါင်းစည်းမှုတို့သည် ကုန်စည်လွတ်လပ်စွာစီးဆင်းမှု၊ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလာမှု၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုတိုးမြှင့်ရေးနှင့် အခြားသော ပူးပေါင်းဆောင်ရွက်မှုများ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် များစွာအရေးကြီးကြောင်း ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက မဲခေါင်နိုင်ငံများအနေဖြင့် ၎င်းတို့၏ သက်ဆိုင်ရာနိုင်ငံအလိုက် အမျိုးသားစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာများအား ချိတ်ဆက်အထောက်အကူပြုရန်အတွက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု မူဘောင်အောက်မှစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ ထူထောင်ပေးပြီး ရန်ပုံငွေများထောက်ပံ့ကူညီပေးလျက်ရှိသည့် တရုတ်နိုင်ငံအစိုးရအား ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ယင်းအစည်းအဝေးက အနာဂတ်လုပ်ငန်းအစီအစဉ်များအတွက် မူဝါဒလမ်းညွှန်တစ်ရပ်အဖြစ် "ဗီယင်ကျန်းကြေညာစာတမ်း"နှင့် "မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုနှင့် အပြည်ပြည်ဆိုင်ရာ ကုန်း-ရေနှစ်သွယ် ကုန်သွယ်ရေးစင်္ကြံသစ်အကြား ချိတ်ဆက်ဆောင်ရွက်ရေး ပူးတွဲဥက္ကဋ္ဌကြေညာချက်"တို့ကို အတည်ပြုထုတ်ပြန်ခဲ့သည်။ ဗီယင်ကျန်းကြေညာစာတမ်း၌ COVID-19 အလွန်ကာလ စီးပွားရေးပြန်လည်ထူထောင်ရေး၊ ဒေသတွင်း ပေါင်းစည်းဆက်နွယ်မှုမြှင့်တင်ရေး၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရရှိရန်အတွက် အခြေအနေကောင်းများဖန်တီးပေးရေး၊ ပြည်သူ့ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနှင့် သမားရိုးကျမဟုတ်သော စိန်ခေါ်မှုများ ဖြေရှင်းရေးတို့ကို အနာဂတ်ဦးစားပေးလုပ်ငန်းများအဖြစ် ဖော်ပြထားသည်။

ဆွေးနွေးမှုများအပြီးတွင် မြန်မာနိုင်ငံသို့ လာအိုနိုင်ငံမှ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုပူးတွဲဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းလက်ခံရယူသည့် အစီအစဉ်ကို ကျင်းပရာ နိုင်ငံတော်သမ္မတက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်၏ ပူးတွဲဥက္ကဋ္ဌတာဝန်ကို လာအိုနိုင်ငံဝန်ကြီးချုပ်ထံမှ လွှဲပြောင်းရယူပြီးနောက် မိန့်ခွန်းတစ်ရပ်ပြောကြားသည်။ မြန်မာနိုင်ငံအနေဖြင့် အမြဲတမ်းပူးတွဲဥက္ကဋ္ဌဖြစ်သည့် တရုတ်နိုင်ငံနှင့်အတူ လာမည့်နှစ်နှစ်တာကာလအတွက် ပူးတွဲဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်သွားရမည်ဖြစ်သည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများက ဒေသတွင်းငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးတို့ကို ဖော်ဆောင်သွားရန်၊ ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်များကို လျှော့ချရန်နှင့် နိုင်ငံများ၏ အလုံးစုံပါဝင်သော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရေး ကြိုးပမ်းမှုများကို အထောက်အကူပြုရန်ရည်ရွယ်၍ ၂၀၁၆ ခုနှစ်တွင် တရားဝင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာကို အထောက်အကူပြုနိုင်စေရန်အတွက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေမှ စီမံကိန်း ၅၁ ခုအတွက် စုစုပေါင်း ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၃ သန်းအား မြန်မာနိုင်ငံသို့ ထောက်ပံ့ပေးခဲ့ပြီးဖြစ်သည်။

တတိယအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များနှင့် အဆင့်မြင့်အရာရှိကြီးများ ပါဝင်တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

**ဒေသတွင်းငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးတို့ တိုးမြှင့်ရရှိရေး၊ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်များ၊ တရားမဝင်မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ လူကုန်ကူးမှု၊ အကြမ်းဖက်မှုနှင့် လက်နက်ခဲယမ်းများ တရားမဝင်ရောင်းဝယ်မှုစသည့် သမားရိုးကျမဟုတ်သော စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရေးလုပ်ငန်းစဉ်များတွင် မဲခေါင်-လန်ချန်းနိုင်ငံများ၏ ပေါင်းစည်းမှုအင်အားသည် များစွာအရေးကြီး**

## Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

# ရခိုင်ပြည်နယ်အတွင်း COVID-19 ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေများနှင့်စပ်လျဉ်း၍ ပြည်သူသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်း

နေပြည်တော် ဩဂုတ် ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံသူ နိုင်ငံသားများ အပေါင်းရှင်။

ကျွန်မတို့နိုင်ငံအတွက် အရေးကြီးတဲ့ကိစ္စတွေ ပေါ်ပေါက်လာပြီဆိုရင် ပြည်သူလူထုကို တင်ပြပြီးတော့ ပြည်သူနဲ့အတူ ပူးပေါင်းဆောင်ရွက်ခြင်းဟာ အထိရောက်ဆုံးလို့ ကျွန်မတို့အစိုးရက ယုံကြည်ပါတယ်။ ဒီယုံကြည်ချက်အရ တင်ပြရခြင်းဖြစ်ပါတယ်။ အများသိကြတဲ့အတိုင်းပဲ အခု စစ်တွေမှာဆိုရင် အရင်အပတ်ကစပြီး ကိုဗစ်–၁၉ ရောဂါ ပြန့်ပွားမှုဟာ အင်မတန်မှမြန်ခဲ့ပါတယ်။ အင်မတန်မှ မြန်တဲ့အခါမှာ စိုးရိမ်ပူပန်မှုတွေလည်း တက်လာပါတယ်။ ဒါကို စိန်ခေါ်မှုတစ်ခုအနေနဲ့ ကြည့်စေချင်ပါတယ်။ စိန်ခေါ်မှုဆိုတာ ကြောက်စရာမဟုတ်ပါဘူး။ ကျော်လွှားဖို့သာဖြစ်ပါတယ်။ ဒီစိန်ခေါ်မှုကို နိုင်ငံတော်ရဲ့ ကြိုးပမ်းဆောင်ရွက်မှုတစ်ခုအနေနဲ့ ကျော်လွှားနိုင်မယ်လို့ ယုံကြည်ပါတယ်။ စစ်တွေမှာ ရောဂါပြန့်ပွားနေတာကြောင့် ရခိုင်ပြည်နယ် ပြင်ပကို စစ်တွေကပြည်သူတွေ မထွက်အောင်လို့ ကျွန်မတို့ စည်းကမ်းတွေ သတ်မှတ်ရပါတယ်။ ဒီဟာက ထိန်းချုပ်ချင်တဲ့သဘော မဟုတ်ပါဘူး။ ကျွန်မတို့အနေနဲ့ ကာကွယ်ချင်တဲ့ သဘောဖြစ်ပါတယ်။ ကာကွယ်တာဟာ တစ်တိုင်းပြည်လုံးလည်း ကာကွယ်ရတယ်။ စစ်တွေနဲ့ ကျန်တဲ့ ရခိုင်မြောက်ပိုင်းက ပြည်သူတွေကိုလည်း ကာကွယ်ရတယ်။

ဘယ်လိုကာကွယ်တာလဲဆိုတော့ အထူးကျန်းမာရေးစောင့်ရှောက်မှုတွေကို စစ်တွေနဲ့သက်ဆိုင်ရာ ဒေသတွေအတွက် စီစဉ်ထားပါတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက သေသေချာချာ စီစဉ်ထားပါတယ်။ စစ်တွေက ပြည်သူတွေနဲ့ တခြားကူးစက်မယ်လို့ ခန့်မှန်းရတဲ့ မြို့နယ်တွေက ပြည်သူတွေကို ကျန်းမာရေးစစ်ဆေးမှုပေးမယ်။ ကုသမှုလည်းပေးပါမယ်။ လိုအပ်သလို အားလုံးဆောင်ရွက်ပေးပါမယ်။ အထူးအစီအစဉ်တွေလည်း ချမှတ်ပြီးပါပြီ။ နိုင်ငံတော်သတင်းစာတွေထဲမှာလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဘယ်လိုအစီအစဉ်တွေ လုပ်ထားတယ်ဆိုတာကို ကြေညာပါမယ်။ အများပြည်သူက သိရှိနားလည်ပြီး ယုံကြည်စိတ်ချမှုရှိအောင်လို့ပါ။ ကျွန်မတို့ ဒီကိစ္စ အောင်မြင်ရေးအတွက်က စစ်တွေမြို့နယ်တစ်ခုတည်း၊ ရခိုင်ပြည်နယ်တစ်ခုတည်း လုပ်ရမယ့်ကိစ္စ မဟုတ်ပါဘူး။ ပြည်ထောင်စုတစ်ခုလုံးက လုပ်ရမယ့်ကိစ္စဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မစောစောက ပြောသလို အမျိုးသားကြိုးပမ်းဆောင်ရွက်မှုကြီးတစ်ခုအနေနဲ့ မြင်စေချင်ပါတယ်။ ကျွန်မတို့အားလုံး ဝိုင်းလုပ်မှ အောင်မြင်နိုင်မှာဖြစ်ပါတယ်။ အောင်လည်း အောင်မြင်မယ်လို့ ယုံကြည်ပါတယ်။

အခုအချိန်မှာ ရခိုင်ပြည်နယ်က တချို့ပြည်သူတွေက ပြင်ပကိုထွက်ချင်ကြတယ်။ ပြင်ပမှာပိုပြီးတော့ လုံခြုံတယ်လို့ ထင်ကြတယ်။ ရောဂါပိုးဝင်နေပြီဆိုရင် ဘယ်သွားသွား ရောဂါပိုးက ပါသွားမှာဖြစ်ပါတယ်။ ဒီရောဂါပိုးဟာ ကိုယ်နဲ့ပါလာမှာပဲ၊ ရခိုင်ပြည်နယ်အတွင်းမှာပဲနေမယ်။ စစ်တွေအတွင်းမှာပဲနေမယ်။ ကူးစက်ပြန့်ပွားနေတဲ့ ဒေသမှာပဲနေမယ်ဆိုရင် ရောဂါပိုးရှိရင် ပိုပြီးတော့ မြန်မြန်ဆန်ဆန် တွေ့ရှိနိုင်မယ်။ ကုသမှုပေးနိုင်မယ်။ ကိုဗစ်ရောဂါက ကုသလို့မရတဲ့ရောဂါ မဟုတ်ပါဘူး။ စောစောစီးစီးတွေ့လေလေ ပိုပြီးတော့ ကုသမှုထိရောက်လေဖြစ်ပါတယ်။ အခုပြည်နယ်တွေ၊ တိုင်းဒေသကြီးတွေကြားက နယ်နိမိတ်တွေကို ပိတ်ပါတယ်။ စစ်တွေဘက်က၊ ရခိုင်ပြည်နယ်ဘက်ကနေပြီးတော့ တခြားဘက်တွေကို မထွက်ဖို့ဆိုတာဟာ ရောဂါပိုး မပြန့်စေချင်လို့ဖြစ်ပါတယ်။ သက်ဆိုင်ရာ တခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကလည်း ဒီပိတ်ဆို့မှုထဲမှာ ထိထိရောက်ရောက် ပါဝင်ကြရမှာဖြစ်ပါတယ်။ ပိတ်ပင်ရေးဆိုတာ ကာကွယ်ရေးပါပဲ။ ကာကွယ်ရေးလို့ပဲ စဉ်းစားစေချင်ပါတယ်။

အဲဒီလိုလုပ်တဲ့နေရာမှာ သတိရှိဖို့လိုပါတယ်။ ကျွန်မ ခဏခဏပြောပါတယ်။ သတိဆိုတာ လွန်ကဲတယ်လို့ မရှိနိုင်ပါဘူး။ ကရုဏာဆိုတာ လွန်ကဲနိုင်ပါတယ်။ သနားပြီးတော့ လွှတ်ပေးလိုက်မယ်ဆိုရင် တစ်တိုင်းပြည်လုံးကို ပြန့်သွားနိုင်တဲ့ အခြေအနေရှိနိုင်ပါတယ်။ ဒါကြောင့် ကျွန်မတို့က သတိနဲ့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အခုမှ ရန်ကုန်က ကျွန်မတို့ ပြည်သူပြည်သားတွေ Mask တွေ ပြန်တပ်နေကြတယ်လို့ ကြားရပါတယ်။ အဲဒါကလည်း တစ်နည်းအားဖြင့် ကောင်းကျိုးတစ်ခုဖြစ်ပါတယ်။ အခုမှပဲ သတိထားရမှန်းတချို့သဘောပေါက်တယ်။ ရန်ကုန်က အထူးသတိထားစေချင်ပါတယ်။ ဩဂုတ် ၁၆ ရက်ကစပြီး ဒီရောဂါပိုး ပြန့်ပွားတယ်လို့ ခန့်မှန်းရပါတယ်။ အဲဒီနောက်ပိုင်းမှာ စစ်တွေဘက်ကနေ ရန်ကုန်ကို လေယာဉ်ခရီးနဲ့လာတဲ့ ပြည်သူတွေလည်း ရှိတယ်လို့ ကြားရပါတယ်။ အဲဒီလိုရှိခဲ့ရင် အနီးဆုံးကျန်းမာရေးဌာနကို ဆက်သွယ်ပါ။ ဆက်သွယ်ပြီးတော့ ရောက်ခဲ့ပါတယ်၊ သွားခဲ့ပါတယ်ဆိုပြီး အစစ်အဆေးခံပါ။ လိုအပ်ရင် ကုသမှုကို အမြန်ဆုံးရနိုင်မှာဖြစ်ပါတယ်။

ပတ်ဝန်းကျင်က ပြည်သူတွေကလည်း ဟိုဘက်အိမ်၊ ဒီဘက်အိမ်၊ အခြားလမ်းထဲမှာနေတဲ့ ပြည်သူပြည်သားတွေ၊ အသိမိတ်ဆွေထဲက ဒီလိုပြန်လာတာရှိရင် အသိပေးပါ။ ဒါဟာ အတင်းပြောတာ မဟုတ်ပါဘူး။ ကုန်းတိုက်တာလည်း မဟုတ်ပါဘူး။ အားလုံးအတွက် လုပ်သင့်တဲ့အလုပ်တစ်ခုကို လုပ်တာလို့ ယူဆစေချင်ပါတယ်။ ရခိုင်ပြည်နယ်ဟာ တစ်နိုင်ငံလုံးအတွက် အင်မတန်မှ ကြီးမားတဲ့စိန်ခေါ်မှုကြီးဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာ ဖြစ်ပွားတဲ့ ကိစ္စတွေနဲ့ ပတ်သက်ပြီးတော့ နိုင်ငံတကာရဲ့ ဖိအားပေးမှုတွေလည်း အများကြီး ခံရပါတယ်။ ရခိုင်ပြည်နယ်မှာရှိတဲ့ ပြဿနာတွေကိုဖြေရှင်းဖို့ ကြိုးစားတဲ့နေရာမှာ တကယ်ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်ပြီး ကူညီတာထက် ဝေဖန်ဖိအားပေးမှုတွေက သိပ်များပါတယ်။ ဒီဟာတွေကို ကျွန်မတို့ အားငယ်နေစရာမဟုတ်ပါဘူး။ ကျွန်မတို့ ပြည်သူတွေရဲ့ စုပေါင်းအင်အားနဲ့ ဒါတွေကို ရင်ဆိုင်နိုင်ပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ ပြဿနာတွေကို ဖြေရှင်းတဲ့နေရာမှာ ကိုးကွယ်တဲ့ဘာသာခွဲခြားခြင်း၊ လူမျိုးခွဲခြားခြင်းမရှိပါဘူး။ ပြည်ထောင်စုသားအားလုံးဟာ ကျွန်မတို့ ပြည်ထောင်စုနယ်နိမိတ်အတွင်း မှီတင်းနေထိုင်တဲ့သူအားလုံးကို စောင့်ရှောက်ချင်တဲ့စိတ်ရှိတယ်ဆိုတာ ပြဖို့လိုပါတယ်။

ဒါပေမယ့် စိတ်ရှိရုံနဲ့လည်း မပြီးသေးပါဘူး။ အလုပ်နဲ့ပြရပါမယ်။ ကျွန်မတို့ လုပ်နိုင်တယ်ဆိုတာ ပြဖို့လိုပါတယ်။ ကျွန်မတို့ နိုင်ငံသူနိုင်ငံသားများရဲ့ အင်မတန်မှ ချစ်စရာကောင်းတဲ့ ဓလေ့အရ ဒီလိုရခိုင်ပြည်နယ်မှာ ရောဂါပွားများနေပြီဆိုတာနဲ့ပဲ စေတနာ့ဝန်ထမ်းတွေဟာ အခုဆိုရင် တစ်သုတ်ရောက်သွားပါပြီ။ ကျန်းမာရေးဆိုင်ရာတွေ အကူအညီပေးဖို့၊ လုပ်ဆောင်ပေးဖို့ စေတနာ့ဝန်ထမ်းတစ်ဖွဲ့က အခုတောင် ရခိုင်ပြည်နယ်ကို ရောက်နေပါပြီ။ စစ်တွေကို ရောက်နေပြီးတော့ အကူအညီတွေ ပေးနေပါပြီ။ ကျွန်မတို့ တခြားစေတနာ့ဝန်ထမ်းတွေကိုလည်း ဖိတ်ခေါ်ပါတယ်။ ဖိတ်ခေါ်ရုံတင်မကဘူး ဒီစေတနာ့ဝန်ထမ်းများ သွားရောက်ပြီးတော့ ရခိုင်ပြည်နယ်ရဲ့ ကျန်းမာရေးအခြေအနေနဲ့ပတ်သက်လို့ ကူညီခြင်းအတွက်ကို ကျွန်မတို့ နိုင်ငံတော်အစိုးရကနေ အကုန်အကျခံပါမယ်။ စေတနာ့ဝန်ထမ်းတွေကို အင်မတန်မှ ကျေးဇူးတင်ပါတယ်။ အခုအချိန်မှာ ချက်ချင်းကို ဆေးပစ္စည်းအမျိုးမျိုး၊ ကျန်းမာရေးနဲ့ပတ်သက်တဲ့ ပစ္စည်းအမျိုးမျိုးနဲ့ ကူညီတဲ့ အလှူရှင် ပြည်သူပြည်သားအားလုံးကိုလည်း အင်မတန်မှ ကျေးဇူးတင်ပါတယ်။ ဒီလိုပဲ ဆက်လုပ်သွားရင် ဒီစိန်ခေါ်မှုကြီးကို ကျွန်မတို့ ကျော်လွှားနိုင်မှာ ဖြစ်ပါတယ်။ သတိတော့ အင်မတန်ထားဖို့ လိုပါတယ်။ ကျွန်မတို့ လုပ်ရမယ့်ကိစ္စတွေက များပါတယ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကလည်း ညွှန်ကြားချက်တွေ ထုတ်ပါလိမ့်မယ်။ အသစ်အဆန်းတော့ မဟုတ်ပါဘူး။ တခြားနေရာတွေမှာလည်း လုပ်ဖူးပြီးသားဖြစ်ပါတယ်။ အိမ်မှာနေရေးကိစ္စ၊ အသွားအလာကန့်သတ်ရေးကိစ္စ၊ အထူးသဖြင့် ဒီအချိန်မှာ အားလုံးသိရမယ့် Mask တပ်ရမယ်၊ လက်ဆေးရမယ်၊ ဒါမှမဟုတ် လက်ကိုသန့်စင်စေတဲ့ ဆေးရည်သုံးရမယ် စသဖြင့် အပြင်ကို တတ်နိုင်သမျှ မထွက်ဘဲနေရမယ်၊ လူစုလူဝေး မဖြစ်အောင် ကြိုးစားရမယ်၊ ဖြစ်နိုင်ရင် တစ်ယောက်နဲ့တစ်ယောက်ကြားမှာ ခြောက်ပေလောက်ကွာခြားပြီးတော့ နေရမယ်ဆိုတဲ့ အခြေခံစည်းမျဉ်း စည်းကမ်းတွေကို အားလုံးက တစ်ယောက်ချင်း တစ်ယောက်ချင်း လိုက်နာမယ်ဆိုရင် ဒီရောဂါပြန့်ပွားစရာအကြောင်း မရှိပါဘူး။

စာမျက်နှာ ၅ သို့ ❍



Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရခိုင်ပြည်နယ်အတွင်း COVID–19 ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေများနှင့်စပ်လျဉ်း၍ ပြည်သူသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းပြောကြားစဉ်။

**စစ်တွေက ပြည်သူတွေနဲ့ တခြားကူးစက်မယ်လို့ ခန့်မှန်းရတဲ့ မြို့နယ်တွေက ပြည်သူတွေကို ကျန်းမာရေးစစ်ဆေးမှုပေးမယ်။ ကုသမှုလည်းပေးပါမယ်။ လိုအပ်သလို အားလုံးဆောင်ရွက်ပေးပါမယ်။ အထူးအစီအစဉ်တွေလည်း ချမှတ်ပြီးပါပြီ။ နိုင်ငံတော်သတင်းစာတွေထဲမှာလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဘယ်လိုအစီအစဉ်တွေ လုပ်ထားတယ်ဆိုတာကို ကြေညာပါမယ်။ အများပြည်သူက သိရှိနားလည်ပြီး ယုံကြည်စိတ်ချမှု ရှိအောင်လို့ပါ။**

**အခုအချိန်မှာ ရခိုင်ပြည်နယ်က တချို့ပြည်သူတွေက ပြင်ပကို ထွက်ချင်ကြတယ်။ ပြင်ပမှာပိုပြီးတော့ လုံခြုံတယ်လို့ ထင်ကြတယ်။ ရောဂါပိုးဝင်နေပြီဆိုရင် ဘယ်သွားသွား ရောဂါပိုးက ပါသွားမှာဖြစ်ပါတယ်။ ဒီရောဂါပိုးဟာ ကိုယ်နဲ့ပါလာမှာပဲ၊ ရခိုင်ပြည်နယ်အတွင်းမှာပဲနေမယ်။ စစ်တွေအတွင်းမှာပဲနေမယ်။ ကူးစက်ပြန့်ပွားနေတဲ့ ဒေသမှာပဲနေမယ်ဆိုရင် ရောဂါပိုးရှိရင် ပိုပြီးတော့ မြန်မြန်ဆန်ဆန် တွေ့ရှိနိုင်မယ်။ ကုသမှုပေးနိုင်မယ်။ ကိုဗစ်ရောဂါက ကုသလို့မရတဲ့ရောဂါ မဟုတ်ပါဘူး။ စောစောစီးစီး တွေ့လေလေ ပိုပြီးတော့ ကုသမှုထိရောက်လေဖြစ်ပါတယ်။**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မိုတဲဂိ တိုရှိမိစုနှင့် တွေ့ဆုံဆွေးနွေးစဉ်။

**❖ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ**

နှစ်နိုင်ငံတွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာအိချိယို မာရုယာမနှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များ၊ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ တားဆီးရေးနှင့် ကုသရေးလုပ်ငန်းများအတွက် ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ ဆက်လက်ကူညီပံ့ပိုးသွားမည့် အခြေအနေ၊ ကိုဗစ်-၁၉ ကာလအတွင်း နှစ်နိုင်ငံနိုင်ငံသားများအတွက် ကယ်ဆယ်ရေးလေယာဉ်များ ဆက်လက်ပျံသန်းပြေးဆွဲပေးရေးနှင့် အပြန်အလှန်သွားလာမှုများ တစ်ဆင့်ချင်း ပြန်လည်ဖွင့်လှစ်သွားရေး၊ မြန်မာနိုင်ငံ၌ နိုဝင်ဘာလအတွင်းကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် ဂျပန်နိုင်ငံမှ အကူအညီပေးအပ်ရေးနှင့် လေ့လာသူအဖွဲ့စေလွှတ်သွားရေးကိစ္စ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၌ ဂျပန်အစိုးရမှ ကူညီပံ့ပိုးမှုများ ဆက်လက်ပေးအပ်သွားမည့်ကိစ္စ၊ ကိုဗစ်-၁၉ အလွန်ကာလ မြန်မာနိုင်ငံ၏စီးပွားရေး ပြန်လည်ဦးမော့လာစေရန် နှစ်ဖက်ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စများနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဆက်လက်တိုးချဲ့သွားရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးကြရာတွင် ဂျပန်နိုင်ငံအနေဖြင့် သိမ်မွေ့နက်နဲသည့်အခြေအနေကို နားလည်ကြောင်းနှင့် ရခိုင်ပြည်နယ်ရှိ လူ့အဖွဲ့အစည်းများအကြား သဟဇာတဖြစ်ရေးနှင့် တည်ငြိမ်ရေးအပါအဝင် မြန်မာအစိုးရကိုယ်တိုင် စီမံဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို ဆက်လက်ထောက်ခံအားပေးသွားမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးက ဆွေးနွေးခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိတို့၏ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရေးအတွက် မြန်မာအစိုးရ၏စွမ်းဆောင်ရည် မြှင့်တင်ပေးရန် ကူညီပံ့ပိုးပေးခြင်းသည် တန်ဖိုးအရှိဆုံးဖြစ်ကြောင်း၊ ထို့ကြောင့် ရခိုင်ပြည်နယ်၌ လုံခြုံရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများတွင် စွမ်းဆောင်ရည်မြှင့်တင်ရန် ဂျပန်နိုင်ငံ၏ ကူညီပံ့ပိုးမှုများအတွက် ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် ဒေသတွင်းနှင့် နိုင်ငံတကာအရေးကိစ္စရပ်များအပေါ် နှစ်ဖက်ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ကိုဗစ်-၁၉ ကပ်ရောဂါ ထိန်းချုပ်နိုင်မည့် အခြေအနေအပေါ်မူတည်၍ နှစ်နိုင်ငံအကြား ကာလရှည်နေထိုင်ခွင့်ရရှိထားသူများအား အပြန်အလှန် ဝင်ရောက်နိုင်ရေးနှင့်ပတ်သက်၍ တစ်ဆင့်ချင်းဖြေလျှော့သွားရေးကိစ္စရပ်များကို စက်တင်ဘာလလယ်တွင် ဆက်လက်ဆွေးနွေးရန် နှစ်ဖက်သဘောတူခဲ့ကြသည်။

ထို့ပြင် ဂျပန်နိုင်ငံသို့ ကာလတို လာရောက်လိုသည့် အတတ်ပညာရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များအတွက် ဂျပန်နိုင်ငံသို့ ဝင်ရောက်ခွင့်ကို ဖြေလျှော့ပေးမည့် business track အစီအစဉ်နှင့် ဂျပန်အစိုးရမှပေးအပ်သည့် ပညာသင်ဆုရရှိထားသည့် မြန်မာပညာတော်သင်များကို ဂျပန်နိုင်ငံသို့ မကြာမီဝင်ရောက်ခွင့်ပြုရေးကိစ္စတို့ကိုလည်း ဆက်လက်ညှိနှိုင်းသွားရန်လည်း ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

❍ စာမျက်နှာ ၄ မှ

ဒါကြောင့် စည်းမျဉ်းစည်းကမ်းတွေကို အသေအချာလိုက်နာကြပါ။ ဒီလို ဆောင်ရွက်ခြင်းအားဖြင့် ကျွန်မတို့နိုင်ငံရဲ့အင်အားကို မြှင့်တင်ပေးရာလည်း ရောက်ပါတယ်။ နိုင်ငံရဲ့အင်အားကို မြှင့်တင်ပေးခြင်းဆိုတာ ကျွန်မတို့ရဲ့ ကမ္ဘာကြီးမှာ ရပ်တည်မှုကိုလည်း အထောက်အကူပြုရာရောက်ပါတယ်။ ရခိုင်ပြည်နယ်အတွင်းမှာဆိုရင် ကိုးကွယ်တဲ့ ဘာသာအရ၊ လူမျိုးအရ ကွဲပြားမှုတွေရှိတယ်။ ဒီကွဲပြားမှုတွေကနေ အကြမ်းဖက်မှုတွေအထိ ရောက်သွားတယ်။

ဒီအကြမ်းဖက်မှုတွေကနေ မတည်ငြိမ်မှုတွေဖြစ်ပြီးတော့ ကျွန်မတို့နိုင်ငံ တစ်နိုင်ငံလုံးဟာ ကမ္ဘာ့အလယ်မှာ မျက်နှာငယ်ရတဲ့အခြေအနေကို ရောက်ခဲ့ပါတယ်။ ကျွန်မတို့ ဒါတွေကို ပြုပြင်နိုင်ဖို့၊ ဒီဟာတွေကို ပြန်ပြီးပြန်လှန်နိုင်ဖို့ အခွင့်အရေးတစ်ခုရတယ်လို့ ပြည်သူပြည်သားတွေကို မြင်စေချင်ပါတယ်။ ဒါကြောင့် စစ်တွေမြို့မှာ ရောဂါပြန့်ပွားနေတဲ့ကိစ္စကို စိုးရိမ်မှုနဲ့ မတုံ့ပြန်ပါနဲ့။ သန္နိဋ္ဌာန်ခိုင်မာမှုနဲ့ တုံ့ပြန်ပါ။ ကျွန်မတို့ဟာ ဒီပြဿနာကို ကျော်လွှားမယ်ဆိုတဲ့ သန္နိဋ္ဌာန်ခိုင်မာဖို့လိုပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ တွေ့ရှိချက်အရဆိုရင် စစ်တွေမြို့မှာ ရောဂါပိုးပြန့်ပွားတဲ့ အဓိကနေရာဟာ ဈေးကလို့ သုံးသပ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခုရောဂါစွဲကပ်နေပြီလို့ တွေ့ရှိရတဲ့ ပြည်သူတွေရဲ့ အသိုင်းအဝိုင်း၊ အနေအထားကို ကြည့်လိုက်တဲ့အခါမှာ ဒီဈေးကနေ ရောဂါကူးစက်မှုဟာ အများဆုံးလို့ သုံးသပ်ပါတယ်။ ဒါကြောင့် ဈေးသွားတဲ့ ကျွန်မတို့ ပြည်သူပြည်သားများ သတိထားကြပါ။ ဒါလည်းကျွန်မတို့ ထပ်တလဲလဲပြောပါတယ်။ ဈေးသွားရင် မျက်နှာဖုံးတပ်ပါ။ ဈေးသည်များ လက်အိတ်ဝတ်ပါ။ Mask တပ်ပါ။ လူစုလူဝေးနဲ့ ဖြစ်အောင်မနေပါနဲ့ဆိုပြီး ကျွန်မတို့ အကြိမ်ကြိမ်အဖန်ဖန် သတိပေးပါတယ်။ သတိပေးသော်လည်း အချိန်ကြာလာတာနဲ့အမျှ ကျွန်မတို့ ပြည်သူတွေက နည်းနည်းတော့ ပေါ့လာတယ်လို့ဆိုရမှာပါ။ ဘာမှမဖြစ်တော့ပါဘူးဆိုတဲ့စိတ်တွေ ဖြစ်လာကြပါတယ်။ အခုတော့ ဘာမှမဖြစ်တော့ဘူးဆိုတာ မဟုတ်ဘူးဆိုတာကို သဘောပေါက်မယ်လို့ ကျွန်မတို့ထင်ပါတယ်။ ဒါကို တချို့က ကိုဗစ်ဒုတိယလှိုင်းလားလို့ မေးပါတယ်။ ဒါ ကိုဗစ်ဒုတိယလှိုင်း မဟုတ်ပါဘူး။ စစ်တွေမှာ ကိုဗစ်ပြန့်ပွားမှု ဖြစ်နေပါတယ်။

တစ်နိုင်ငံလုံးမှာ ကိုဗစ်ဒုတိယလှိုင်းမဖြစ်အောင် ကျွန်မတို့အားလုံး ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ဒီဟာကို ဟန့်တားနိုင်ပါတယ်။ ကာကွယ်နိုင်ပါတယ်။ ကျွန်မတို့ရဲ့ နိုင်ငံတစ်ဝန်းလုံးကို ကာကွယ်နိုင်ပါတယ်။ ရခိုင်ပြည်နယ်ကိုလည်း ကျွန်မတို့ကာကွယ်မယ်။ ကျန်တဲ့ ကျွန်မတို့ရဲ့ နိုင်ငံအတွင်းရှိ ဒေသတွေအားလုံးလည်း ကာကွယ်မယ်။ ပူးပေါင်းဆောင်ရွက်မှုကသာ အဓိကဖြစ်ပါတယ်။ ကျွန်မတို့ဟာ ဒီလိုလုပ်တဲ့နေရာမှာ ကိုးကွယ်တဲ့ဘာသာလည်း မရွေးဘူး။ လူမျိုးလည်းမရွေးဘူး။ ကျွန်မတို့ရဲ့ နိုင်ငံအတွင်းမှာ မှီတင်းနေထိုင်သူ အားလုံးအတွက် ညီညီမျှမျှ အကူအညီပေးပါမယ်။ ဒီစိတ်ဓာတ်နဲ့လည်း ကျွန်မတို့ ပြည်သူပြည်သားတွေ ဝိုင်းပြီးတော့ ကူညီပေးစေချင်ပါတယ်။ နောက်တစ်ခုကတော့ ကိုဗစ်ရောဂါ စစ်တွေဘက်မှာ ဒီလောက်မြန်မြန်ဆန်ဆန်ပြန့်ပွားတာ ဘာကြောင့်လဲလို့ ကျန်းမာရေးဘက်ကနေ စဉ်းစားတဲ့အခါမှာ မျိုးရိုးဗီဇပြောင်းသွားမှုများရှိသလားဆိုတာလည်း ကျွန်မတို့ ထည့်တွက်ရပါတယ်။ အဖြေကတော့ မထင်ရှားသေးပါဘူး။ ကျွန်မတို့ သေသေချာချာ မသိရသေးပါဘူး။ ဒီအဖြေကိုလည်း ကျွန်မတို့ရှာနေပါတယ်။ အကယ်၍ ဒီလိုပြောင်းလဲမှုရှိတယ်ဆိုရင်လည်း ထွေထွေထူးထူးတော့ စိတ်မပူကြပါနဲ့။ ကျွန်မတို့ သတ်မှတ်ထားတဲ့ စည်းမျည်းစည်းကမ်းတွေကိုသာ လိုက်နာကြပါ။ သတိထားကြပါ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့နိုင်ငံနဲ့ အရှေ့တောင်အာရှနိုင်ငံအများမှာ ဒါကလည်း ခန့်မှန်းချက်ပါ သေသေချာချာတော့ ၁၀၀

**စစ်တွေဘက်မှာဆိုရင် ရှောင်တခင် ကျွန်မတို့ ပြည်သူလူထုတွေ သွားရင်းလာရင်းနဲ့ စစ်ဆေးဖို့လုပ်တဲ့ အစီအစဉ်တွေလည်း ချမှတ်ထားပါတယ်။ အဲဒီလို စစ်ဆေးဖို့ လုပ်တဲ့အခါမှာ လိုလိုချင်ချင်နဲ့ ပူးပေါင်းဆောင်ရွက်ပါ။ အစစ်ဆေးခံရတာဟာ ပြဿနာကြီးမဟုတ်ပါဘူး။ မစစ်ဆေးဘဲနဲ့ ရောဂါရှိနေတာကသာ ပြဿနာဖြစ်ပါလိမ့်မယ်။ စစ်ဆေးလိုက်လို့ ရောဂါတွေ့တယ်ဆိုရင် ချက်ချင်းကုသမှုပေးမှာပါ။**

ရာခိုင်နှုန်း သေချာတယ်လို့တော့ မပြောလိုပါဘူး။ ရောက်လာတဲ့ ကိုဗစ်ရောဂါ မျိုးရိုးဗီဇဟာ ဒီလောက်အထိ မပြင်းထန်ဘူး။ ဒါကြောင့်မို့ ပြန့်ပွားမှုမမြန်ဘူးဆိုတဲ့ သုံးသပ်ချက်တွေလည်း ရှိပါတယ်။ ဒါကျွန်မတို့ သေသေချာချာ သက်သေအထောက်အထား ခိုင်လုံတယ်။ ပြည့်စုံတယ်လို့ မပြောလိုပါဘူး။ ဒီလိုပဲ သုံးသပ်ကြပါတယ်။

အခုစစ်တွေမှာဆိုရင် မျိုးရိုးဗီဇက နည်းနည်းပြောင်းလဲသွားတယ်။ ပိုပြီးတော့ မြန်မြန်ပြန့်ပွားတဲ့ မျိုးရိုးဗီဇဆိုတာလည်း ဖြစ်နိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ပြန့်ပွားမှုနှုန်းက အင်မတန်မှ မြန်ပါတယ်။ သို့သော်ငြားလည်း ကျွန်မတို့ ကုသနိုင်တယ်လို့ ပြောထားပြီးသားပါ။ စောစောစီးစီး ဒီရောဂါကိုတွေ့ရင် ပိုပြီးတော့ ထိထိရောက်ရောက် ကုသနိုင်ပါတယ်။ ဒါကြောင့် ရောဂါရှိတဲ့သူတွေနဲ့ ဆက်စပ်မှုရှိမယ်လို့ထင်တဲ့ ပုဂ္ဂိုလ်များဟာ မိမိနဲ့အနီးဆုံးကျန်းမာရေးဌာနကို အသိပေးပါ။ သူစိမ်းတွေ ဝင်လာရင်လည်း သတိထားပါ။ သက်ဆိုင်ရာကို အသိပေးပါ။ ကန့်သတ်ထားတဲ့ အရပ်ဒေသတွေကနေ ဝင်လာခြင်းကိုတော့ ကျွန်မတို့ သတိထားရပါလိမ့်မယ်။ စစ်တွေဘက်မှာဆိုရင် ရှောင်တခင် ကျွန်မတို့ ပြည်သူလူထုတွေ သွားရင်းလာရင်းနဲ့ စစ်ဆေးဖို့လုပ်တဲ့ အစီအစဉ်တွေလည်း ချမှတ်ထားပါတယ်။ အဲဒီလိုစစ်ဆေးဖို့ လုပ်တဲ့အခါမှာ လိုလိုချင်ချင်နဲ့ ပူးပေါင်းဆောင်ရွက်ပါ။ အစစ်ဆေးခံရတာဟာ ပြဿနာကြီးမဟုတ်ပါဘူး။ မစစ်ဆေးဘဲနဲ့ ရောဂါရှိနေတာကသာ ပြဿနာဖြစ်ပါလိမ့်မယ်။ စစ်ဆေးလိုက်လို့ ရောဂါတွေ့တယ်ဆိုရင် ချက်ချင်းကုသမှုပေးမှာပါ။ ဘယ်သူ့ကိုမှ ချန်ခဲ့မှာမဟုတ်ပါဘူး။ အားလုံးကို တူညီတဲ့ကုသမှု ကျွန်မတို့ပေးမှာဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ စိုးရိမ်မလွန်ကြပါနဲ့။ အခုအရေးကြီးတာက အားလုံးပူးပေါင်းဆောင်ရွက်ဖို့ပဲ ဖြစ်ပါတယ်။ အားလုံးစိတ်တည်တည်ငြိမ်ငြိမ်နဲ့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာဖို့ပဲ ဖြစ်ပါတယ်။

ဒီစည်းမျဉ်းစည်းကမ်းတွေကို ကျွန်မတို့ နိုင်ငံတော်သတင်းစာတွေထဲမှာ ပြန်ပြီးတော့ ထည့်ပါမယ်။ ထပ်တလဲလဲထည့်ပါမယ်။ သတင်းဌာနတွေကလည်း ဖြန့်ချိပါမယ်။ ပြည်သူလူထုကနေပြီးတော့ ဒီဟာတွေကို အလေးထားပြီး တိတိကျကျ လိုက်နာဖို့ပဲဖြစ်ပါတယ်။ ကျွန်မတို့ အားလုံးအတွက် အကြီးဆုံးလာဘ်လာဘဖြစ်တဲ့ ကျန်းမာရေးဆိုတဲ့ဆုကြီးကို ကျွန်မတို့ ပြည်သူတွေအားလုံး ဆုပ်ကိုင်နိုင်ပါစေ။ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ဆုတောင်းမေတ္တာ ပို့လိုက်ပါတယ်။

**ကျေးဇူးတင်ပါတယ်။**

# အကြမ်းဖက်အဖွဲ့အစည်းများရှိသည့် နေရာများမှအပ ကျန်နယ်မြေများတွင် စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်အထိ တိုးမြှင့်ရပ်ဆိုင်းပေးသွားမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

**ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်**
**(၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်)**
**(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၄ ရက်)**

၁။ မြန်မာနိုင်ငံတွင် Coronavirus Disease 2019(COVID-19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုထိရောက်လျင်မြန်ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် တပ်မတော်အနေဖြင့် နိုင်ငံတကာစံနှုန်းအတိုင်း နိုင်ငံတော်မှ အကြမ်းဖက်ဟု သတ်မှတ်ကြေညာထားသော အကြမ်းဖက်အဖွဲ့အစည်းများ ရှိသည့် နေရာများမှအပ ကျန်နယ်မြေများတွင် ၂၀၂၀ ပြည့်နှစ်၊ မေလ(၁၀) ရက်မှ ဩဂုတ်လ (၃၁) ရက်နေ့အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲထားကြောင်းနှင့် COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို နိုင်ငံ့အရေး၊ အမျိုးသားရေးအဖြစ် အင်တိုက်အားတိုက် ထိထိရောက်ရောက် ဆက်လက်ပါဝင်ကူညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၂၀၂၀ ပြည့်နှစ်၊ မေလ ၉ ရက်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

၂။ ကမ္ဘာအနှံ့တွင် COVID-19 ကမ္ဘာ့ကပ်ရောဂါနှင့် ရင်ဆိုင်နေရသောကြောင့် ကမ္ဘာတစ်ဝန်း လက်ရှိဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများ ရပ်တန့်ပေးကြရန် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် Antonio Guterres က ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၃ ရက်နေ့တွင် တိုက်တွန်းပြောကြားခဲ့ပြီး ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ Appeal for Global Ceasefire ကို ထုတ်ပြန်ခဲ့ပါသည်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ Appeal for Global Ceasefire ကို ထောက်ခံသည့်အနေဖြင့် COVID-19 ရောဂါကာလအတွင်း လူသားချင်းစာနာထောက်ထားမှု အကူညီများပေးနိုင်ရန်အတွက် လက်နက်ကိုင်ပဋိပက္ခတွင် သက်ဆိုင်သူများအားလုံးအနေဖြင့် အနည်းဆုံးရက် ၉၀ ကြာ အပစ်အခတ်ရပ်စဲရန်နှင့် COVID-19 ရောဂါတုံ့ပြန်ရေး အကူအညီပေးရန် အပါအဝင် ဆုံးဖြတ်ချက်တစ်ရပ်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၁ ရက်နေ့တွင် ဆုံးဖြတ်ခဲ့ပါသည်။ မိမိတို့နိုင်ငံအနေဖြင့် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံဖြစ်ကာ နိုင်ငံတကာ ကျင့်ဝတ်များနှင့် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်အပေါ် လိုက်နာရန်တာဝန်ရှိပြီး အခြားနိုင်ငံများနည်းတူ လိုက်နာကျင့်သုံးလျက်ရှိပါသည်။

၃။ ထို့အပြင် တပ်မတော်အနေဖြင့်လည်း COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို နိုင်ငံ့အရေး၊ အမျိုးသားရေးတာဝန်အဖြစ် အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ပိုမိုထိရောက်လျင်မြန်စွာဆောင်ရွက်နိုင်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးတွင် သဘောတူ လက်မှတ်ရေးထိုးခဲ့သည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)ကို ဖော်ဆောင်ရာတွင် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် တပ်မတော်အနေဖြင့် နိုင်ငံတကာစံနှုန်းအတိုင်း နိုင်ငံတော်မှ အကြမ်းဖက်ဟု သတ်မှတ်ကြေညာထားသော အကြမ်းဖက်အဖွဲ့အစည်းများရှိသည့် နေရာများမှအပ ကျန်နယ်မြေများတွင် စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများကို ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁ ရက်မှ ၃၀ ရက်အထိ တိုးမြှင့်ရပ်ဆိုင်းပေးသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂျပန်နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၂၄**
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မိုတဲဂိ တိုရှိမိစု ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့သည် ဆက်ဆံရေးကောင်းမွန်လျက်ရှိပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ၊ COVID-19 ရောဂါနှင့်ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization – WHO) ၏ ညွှန်ကြားချက်များနှင့်အညီ အလေးအနက်ထား ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ ယခုလအစောပိုင်းမှစ၍ ရခိုင်ပြည်နယ်အတွင်း ရောဂါကူးစက်မှုနှုန်းများပြားလာသည့်အတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်မှ ဝိုင်းဝန်းဖြေရှင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ COVID-19 ရောဂါဖြစ်ပွားမှုကြောင့် ကမ္ဘာတစ်ဝန်းတွင် စီးပွားရေးအရ ရိုက်ခတ်မှုများစွာရှိခဲ့ပြီး အခြားလိုအပ်ချက်များစွာရှိသော်လည်း စားရေးသည် နေ့စဉ်လိုအပ်ချက်ဖြစ်သည့်အတွက် စားနပ်ရိက္ခာဖူလုံရေးကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည့် အခြေအနေများ၊ ဂျပန်နိုင်ငံအနေဖြင့် ဆေးနှင့်ဆေးပစ္စည်းများ၊ အသေးစားစက်မှုလက်မှု လုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးခဲ့သည့်အခြေအနေများ၊ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများနှင့်ပတ်သက်၍ တပ်မတော်အနေဖြင့် တရားဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး တာဝန်ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ကာကွယ်ရေးစိတ်ဓာတ်ကိုလည်း ထိခိုက်မှုမရှိအောင် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ တပ်မတော်အနေဖြင့် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုထိရောက်လျင်မြန် ကျယ်ပြန့်စွာဆောင်ရွက်နိုင်ရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် နိုင်ငံတကာစံနှုန်းအတိုင်း နိုင်ငံတော်က အကြမ်းဖက်ဟု သတ်မှတ်ကြေညာထားသော အကြမ်းဖက်အဖွဲ့အစည်းများ ရှိသည့် နေရာများမှအပ ကျန်နယ်မြေများတွင် စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်အထိ ထပ်မံတိုးမြှင့်ရပ်ဆိုင်းပေးသွားမည့်အခြေအနေများ၊ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး၊ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေးဆိုင်ရာကိစ္စရပ်များနှင့် ရွေးကောက်ပွဲကျင်းပပြုလုပ်နေမှုများကို ဂျပန်နိုင်ငံမှ လေ့လာရေးအဖွဲ့ဖြင့် လာရောက်လေ့လာမည့် အခြေအနေများအား ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်း တောင်ကြီးခရိုင် မီးသတ်စခန်း သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂၄**
ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းသည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးခရိုင် မီးသတ်စခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ရှေးဦးစွာ ခရိုင်မီးသတ်စခန်းလေ့ကျင့်ရေးကွင်း၌ တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံခြင်း၊ ခရိုင်မီးသတ်စခန်းရှိ မီးသတ်ယာဉ်များအား စစ်ဆေးခြင်း၊ တပ်ဖွဲ့ဝင်များ၏ မီးသတ်စွမ်းရည်ပြသခြင်းနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဝယ်ယူထားသည့် မီးသတ်ယာဉ် ၁၅ စီး၊ ရှာဖွေကယ်ဆယ်ရေးယာဉ်နှစ်စီး၊ သူနာတင်ယာဉ် နှစ်စီး စုစုပေါင်း ၁၉ စီးတို့၏ စွမ်းဆောင်ရည်ပြသခြင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ခရိုင်မီးသတ်အစည်းအဝေးခန်းမ၌ ပြည်နယ်မီးသတ်ဦးစီးမှူး (ညွှန်ကြားရေးမှူး) ဦးတင်မင်းက လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး ပြခန်း၌ ခင်းကျင်းပြသထားသည့် ခေတ်မီမီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး ပစ္စည်းကိရိယာများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံရှိ မီဒီယာနှင့် ရွေးကောက်ပွဲများ ခေါင်းစဉ်ဖြင့် အင်္ဂမအကြိမ် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံ ကျင်းပ

နေပြည်တော် သြဂုတ် ၂၄
မြန်မာနိုင်ငံရှိ မီဒီယာနှင့် ရွေးကောက်ပွဲများ ခေါင်းစဉ်ဖြင့် အဋ္ဌမအကြိမ် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးညီလာခံကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။





ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း မြန်မာနိုင်ငံရှိ မီဒီယာနှင့် ရွေးကောက်ပွဲများ ခေါင်းစဉ်ဖြင့် ကျင်းပသည့် အဋ္ဌမအကြိမ် မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ညီလာခံတွင် အဖွင့်အမှာစကား ပြောကြားစဉ်။

## တက်ရောက်

အခမ်းအနားသို့ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဦးအုန်းကြိုင်နှင့် ကောင်စီဝင်များ၊ UNESCO , IMS Fogo, Internews , JICA , MYPOL, DW Akademie, BBC Media Action နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး Zoom ဗီဒီယိုကွန်ဖရင့်ဖြင့် နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများ၊ ယူနက်စကိုနှင့် NGO/INGO တို့မှ တာဝန်ရှိသူများ၊ ပြည်တွင်း ပြည်ပ သတင်းမီဒီယာများ၊ စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ယူနက်စကို ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဌာနမှ Assistant Director General , Mr.Moez Chakchouk က လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်ရေးသည် မဲပေးခွင့်တစ်ခုတည်းတင် မဟုတ်ပါကြောင်း၊ ဒီမိုကရေစီစနစ် အကောင်အထည်ဖော်ရာတွင် ရွေးကောက်ပွဲ၌ အများပြည်သူ ပါဝင်ခွင့်၊ သတင်းအချက်အလက်ရရှိခွင့်၊ ရရှိသော သတင်းအချက်အလက်များအပေါ်တွင် ပြည်သူများအနေဖြင့် ဆုံးဖြတ်ပိုင်ခွင့်ရရှိရန် လိုအပ်ပါကြောင်း၊ ပြည်သူများအနေဖြင့် ပါဝင်ဆွေးနွေးခွင့်လည်း ရရှိရန်လိုအပ်ပါကြောင်း ပြောကြားသည်။

## အထောက်အကူပြုနိုင်မည်

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းက အဖွင့်အမှာစကားပြောကြားရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လာမည့် နိုဝင်ဘာ ၈ ရက်တွင် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲ ကျင်းပမည်ဟု ကြေညာထားပြီးဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲကျင်းပရာတွင် စံ ငါးချက်နှင့်အညီ ကျင်းပသွားမည်ဟု ကတိပေးထားပြီး လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှု၊ အများယုံကြည်လက်ခံမှုနှင့် ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းကျရေးဆိုသည့် အချက် ၅ ချက် ဖြစ်ပါကြောင်း၊ ဒီမိုကရေစီနိုင်ငံများတွင် ရွေးကောက်ပွဲသည် အရေးကြီးသည့်ကဏ္ဍမှ ပါဝင်နေပါကြောင်း၊ ထို့အတူ ရွေးကောက်ပွဲဆိုင်ရာ အသိပညာများကို ပြည်သူများ သိရှိနားလည်မှသာ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကို အထောက်အကူ ပြုနိုင်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ရွေးကောက်ပွဲနှင့် ပတ်သက်သည့် အသိပညာပေးလုပ်ငန်းများ၊ မဲဆန္ဒရှင်များ လိုက်နာရမည့်အချက်များ၊ မဲဆွယ်စည်းရုံးရေးကာလတွင် နိုင်ငံရေးပါတီများ လိုက်နာရမည့် စည်းကမ်းများကို ရေးဆွဲထားပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဝက်ဘ်ဆိုက်တွင် ရွေးကောက်ပွဲဆိုင်ရာ



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာဖေမြင့်



မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ
ဦးအုန်းကြိုင်

အချက်အလက်များကို တင်ပြလျက်ရှိပါကြောင်း၊ ထို့အတူ သတင်းမီဒီယာကောင်စီနှင့် ပူးပေါင်း၍ သတင်းထုတ်ပြန်ရေး လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်စေရန် ဆောင်ရွက်နေပါကြောင်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်း၍လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးနှင့် ပူးပေါင်း၍ ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် အသိပညာပေး သီချင်းများ၊ ဇာတ်လမ်းတိုများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မဲဆွယ်စည်းရုံးရေးကာလ နီးကပ်လာပြီဖြစ်သည့်အတွက် အမုန်းစကားများ၊ သတင်းတုများ၊ သတင်းမှားများကြောင့် ပဋိပက္ခများမဖြစ်ပေါ်စေရန် သတင်းမီဒီယာကောင်စီနှင့် ဖေ့စ်ဘွတ်အဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ညီလာခံများ ကျင်းပခဲ့သည်မှာ ရှစ်ကြိမ်ရှိခဲ့ပြီး မီဒီယာဖွံ့ဖြိုးမှုနှင့် ပတ်သက်သည့် ခေါင်းစဉ်များစွာကို ဆွေးနွေးခဲ့ပါကြောင်း၊ ရှစ်နှစ်တာကာလအတွင်း မြန်မာ့မီဒီယာလောကသည် အစဉ်တစိုက် ဖွံ့ဖြိုးတိုးတက်ခဲ့သည်ဟု မိမိအနေဖြင့် ထင်မြင်ပါကြောင်း၊ စာပေစိစစ်ရေးစနစ် ရုပ်သိမ်းခဲ့ပြီး နေ့စဉ်ထုတ် ပုဂ္ဂလိကသတင်းစာများ ထုတ်ဝေလာနိုင်ကြောင်း၊ မီဒီယာအသင်းအဖွဲ့များ၊ ထို့နောက် သတင်းမီဒီယာကောင်စီတို့ ပေါ်ပေါက်လာကြောင်း၊ မီဒီယာလွတ်လပ်ခွင့်ဆိုင်ရာ အယူအဆများ ထွန်းကားလာပြီး မီဒီယာဆိုင်ရာ ဆွေးနွေးပွဲများ၊ သင်တန်းများ များစွာပေါ်ပေါက်ခဲ့ပါကြောင်း၊ သတင်းမီဒီယာဥပဒေ ရေးဆွဲရာတွင်လည်း မီဒီယာသမားများကိုယ်တိုင် ပါဝင်ဆောင်ရွက်ခွင့် ရလာခဲ့ပါကြောင်း၊ မဏ္ဍိုင်လေးရပ် ဆွေးနွေးပွဲများ၊ ဌာနပေါင်းစုံသတင်းစာရှင်းလင်းပွဲများသည် အစဉ်အလာကဲ့သို့ ဖြစ်လာပါကြောင်း။

## နည်းပညာအသစ်ပြောင်းလဲသုံးစွဲ

မီဒီယာဖွံ့ဖြိုးတိုးတက်ရေးကိုစဉ်းစားရာ၌ ကမ္ဘာတွင်ဖြစ်ပေါ်နေသည့် မီဒီယာဆိုင်ရာ နည်းပညာ ပြောင်းလဲတိုးတက်မှုများ အကြောင်းကိုလည်း အလေးအနက်ထား ဆွေးနွေးသင့်ပါကြောင်း၊ ကမ္ဘာတွင် မီဒီယာနှင့်ဆိုင်သည့် နည်းပညာအသစ်များကို မိမိတို့အနေဖြင့် ပြောင်းလဲသုံးစွဲကာ မီဒီယာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်သင့်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ဒစ်ဂျစ်တယ် မီဒီယာအသစ်များ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေးလေးနက်နက် ဆွေးနွေး ဆောင်ရွက်ကြစေလိုပါကြောင်း။

မိမိတို့၏ မျှတ၍ ဘက်မလိုက်သည့် သတင်းဖော်ပြမှုများ၊ သတင်းမီဒီယာအဖွဲ့အစည်းအသီးသီး၏ ပိုမိုပြည့်စုံသည့် ရှုထောင့်အသီးသီးမှ ဖော်ပြမှုများနှင့် ပေါင်းစပ်သည့်အခါ အများပြည်သူသည် ရွေးကောက်ပွဲနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ပြည့်ပြည့်စုံစုံ ရရှိသွားမည်ဖြစ်ပါကြောင်း၊ အမုန်းစကား ဖြန့်ဝေခြင်းများ မပေါ်ပေါက်စေရန် ထိန်းသိမ်းကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

## များစွာတိုးတက်လာ

ယင်းနောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းကြိုင်(ဟံသာဝတီ ဦးအုန်းကြိုင်)က မြန်မာမီဒီယာလောကဖွံ့ဖြိုးရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် မိမိတို့ သတင်းမီဒီယာသမားများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် များစွာအောင်မြင်တိုးတက်လာပါကြောင်း၊ မြန်မာနိုင်ငံသည် ဒီမိုကရေစီ အသွင်ကူးပြောင်းနေသည့် နိုင်ငံတစ်ခုဖြစ်ပြီး အချုပ်အခြာအာဏာသည် ပြည်သူ့ထံမှ ဆင်းသက်လာပါကြောင်း။

လာမည့် ရွေးကောက်ပွဲအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီတို့သည် ကြိုတင်၍ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

## မတူညီသည်များရှိနိုင်

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဂျွန်နေလ်ဆင်က လာမည့် ရွေးကောက်ပွဲသည် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲနှင့် မတူညီသည်များ ရှိနိုင်ပါကြောင်း၊ လာမည့်ရွေးကောက်ပွဲသည် ကိုဗစ်ကာလဖြစ်နေပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံတွင် ဖေ့စ်ဘွတ်သုံးစွဲမှု များပြားနေသည်ကိုလည်း တွေ့ရပါကြောင်း၊ ထိုအချက်များကို ရွေးကောက်ပွဲနှင့် ပတ်သက်၍ စဉ်းစားရာတွင် ထည့်သွင်း စဉ်းစားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားအပြီး၌ ရွေးကောက်ပွဲတွင် မီဒီယာ၏အခန်းကဏ္ဍ - ၂၀၁၀၊ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၈ ခုနှစ် ရွေးကောက်ပွဲများမှ နှိုင်းယှဉ်ချက်နှင့် ရရှိခဲ့သောသင်ခန်းစာများ ခေါင်းစဉ်ဖြင့် မျက်နှာစုံညီဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ AFP သတင်းဌာနမှ နိုင်ငံခြားသတင်းထောက် ဒေါ်လှလှဌွေးက ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအဖွဲ့ဝင် ဒေါ်အိအိတင်၊ Zoom ဗီဒီယိုကွန်ဖရင့်ဖြင့် ယူနက်စကိုရုံးချုပ် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဌာနမှ Program Specialist, Mr. Andrea Cairola နှင့် လွတ်လပ်သော ရွေးကောက်ပွဲများအတွက် အာရှကွန်ရက် (ANFREL)မှ စီမံကိန်းအရာရှိ Mr.John Reiner Antiquerra တို့က ပါဝင်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲအပြီးတွင် ရွေးကောက်ပွဲဆိုင်ရာသတင်းအချက်အလက်များနှင့် စပ်လျဉ်း၍အွန်လိုင်းမှ မေးမြန်းထားသည့် မေးခွန်းများကို မျက်နှာစုံညီဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးသူများက ရှင်းလင်းဖြေကြားကြသည်။

## ဆွေးနွေးကြမည်

အဋ္ဌမအကြိမ်မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ညီလာခံကို သြဂုတ် ၂၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ရွေးကောက်ပွဲများနှင့် သတင်းထောက်များ၏ ဘေးကင်းလုံခြုံရေး၊ ရွေးကောက်ပွဲကာလများအတွင်း ကျင့်ဝတ်ဆိုင်ရာ လက်တွေ့ကျင့်သုံးမှုများနှင့် စည်းစောင့်မှု၊ ဆိုရှယ်မီဒီယာခေတ်အတွင်းမှ ရွေးကောက်ပွဲများ၊ တိုင်းရင်းသားဒေသ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ရွေးကောက်ပွဲဆိုင်ရာ သတင်းများ၊ စိန်ခေါ်မှုများနှင့် ဖြေရှင်းခဲ့မှုများ ဟူသည့် ခေါင်းစဉ်များကို ဆွေးနွေးသွားကြမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## Sun Outage ဖြစ်စဉ်ကြောင့် ရုပ်သံထုတ်လွှင့်မှုများ သုံးမိနစ်မှ ၁၈ မိနစ်ခန့်အထိ ပြတ်တောက်မည့်အခြေအနေ အသိပေးတင်ပြခြင်း

နေ၊ ဂြိုဟ်တုနှင့် TVRO (စလောင်း)တို့ တစ်တန်းတည်းကျရောက်ချိန်တွင် Sun Outage ဖြစ်ပေါ်ပါသည်။ ယင်းသို့ Sun Outage ဖြစ်ပေါ်ချိန်တွင် ဂြိုဟ်တုမှ ပေးပို့ထုတ်လွှင့်နေသော အရုပ်/အသံအချက်အလက်များ ခေတ္တယာယီ ပြတ်တောက်မှုများ ဖြစ်ပေါ်လေ့ရှိပါသည်။ Sun Outage ဖြစ်စဉ်မှာ နှစ်စဉ်ကြုံတွေ့ရလေ့ရှိသည့် သဘာဝဖြစ်စဉ်တစ်ခုဖြစ်ပြီး နှစ်စဉ် မတ်လတွင် တစ်ကြိမ်၊ စက်တင်ဘာလကုန်နှင့် အောက်တိုဘာလဆန်းတို့တွင် တစ်ကြိမ် ကြုံတွေ့ရလေ့ရှိပါသည်။ ၎င်းဖြစ်စဉ်သည် ထုတ်လွှင့်သည့် ဂြိုဟ်တု၊ ဖမ်းယူသည့် TVRO (စလောင်း) အရွယ်အစားနှင့် တည်နေရာတို့အပေါ် မူတည်၍ Sun Outage ဖြစ်သောအချိန်နှင့် Signal ပြတ်တောက်မှုကြာချိန်တို့ ကွာခြားမှုရှိပါသည်။ Thaicom-6 ဂြိုဟ်တုကို အသုံးပြု၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်နေသော TV Channel များနှင့် ရေဒီယိုအစီအစဉ်များသည် ၂၅-၉-၂၀၂၀ ရက်နေ့မှ ၅-၁၀-၂၀၂၀ ရက်နေ့အတွင်း နေ့စဉ် သုံးမိနစ်မှ ၁၈ မိနစ်ခန့်အထိ Sun Outage ဖြစ်စဉ်ကြောင့် Signal ပြတ်တောက်မှုဖြစ်ပေါ်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

# လူဝင်မှုကြီးကြပ်ရေးအကြောင်း သိကောင်းစရာ

သိန်းလွင် (လဝက)

**လူဝင်မှုကြီးကြပ်ရေးဥပဒေနှင့် လူဝင်မှုကြီးကြပ်ရေးဌာန၏ လုပ်ငန်းများမှာ စိတ်ဝင်စားဖွယ်ကောင်းပါသည်။ လူဝင်မှုကြီးကြပ်ရေးဥပဒေများမှာ မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီက ပြဋ္ဌာန်းခဲ့သော ဥပဒေများဖြစ်သော်လည်း ယနေ့အထိ နိုင်ငံခြားသားများအား ထိန်းချုပ်နိုင်သည့် ဥပဒေဖြစ်ပါသည်။ ထိုခေတ် ထိုကာလကပင် မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံခြားသားများ ဝင် / ထွက်သွားလာခြင်းမှာ ပြဿနာတစ်ရပ်အနေဖြင့် ရှိခဲ့ကြောင်းကိုလည်းကောင်း၊ ဒီပဲယင်းဝန်ထောက်ဦးမြဲ၏ အနာဂတ်မြန်မာလူမျိုးများ ပျောက်ကွယ်သွားနိုင်သည့် အန္တရာယ်ကိုလည်းကောင်း၊ လွတ်လပ်ရေးရပြီးနောက် အသစ်ပြန်လည်ဖွဲ့စည်းခဲ့သည့် (၁၉၅၇ ခုနှစ်) က တာဝန်ထမ်းဆောင်ခဲ့ကြသော ဝန်ထမ်းဟောင်း (ဆရာများ)၏ "ဝန်ထမ်းအနည်းအများသည် ပဓာနမဟုတ်" ခံယူချက်နှင့် စိတ်ဓာတ်သာအဓိကဖြစ်ကြောင်း ပြောဆိုချက်များမှာ လေးစားအတုယူဖွယ်ဖြစ် . . .**

အချုပ်အခြာအာဏာပိုင် နိုင်ငံများသည် မိမိတို့၏ နိုင်ငံအတွင်းသို့ ဝင်/ ထွက်သွားလာသူများအား တရားဝင်ခွင့်ပြုချက်ဖြင့်သာ ဝင်/ထွက်ခွင့်ပြုစေပါသည်။ ထို့ကြောင့် မိမိတို့နိုင်ငံနှင့် ကိုက်ညီသင့်လျော်မည့် လူဝင်မှုကြီးကြပ်ရေးဥပဒေနှင့် နိုင်ငံခြားသားများနှင့်ဆိုင်သော ဥပဒေများကို ပြဋ္ဌာန်းပြီး တရားဝင်ခွင့်ပြုချက်မရှိဘဲ ဝင်/ထွက်သွားလာနေထိုင်သူများကို အဆိုပါ ဥပဒေများဖြင့် အရေးယူအပြစ်ပေးလေ့ရှိပါသည်။

### ဥပဒေပြဋ္ဌာန်းခြင်းနှင့် ရည်ရွယ်ချက်

လူဝင်မှုကြီးကြပ်ရေးဥပဒေနှင့် နိုင်ငံခြားသားများနှင့်ဆိုင်သော ဥပဒေများ ပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်မှာ သမိုင်းဖြစ်စဉ်အရ အင်္ဂလိပ်–မြန်မာစစ်ပွဲ သုံးကြိမ်ဖြစ်ပွားခဲ့ရာ စစ်ပွဲများဖြစ်ပွားပြီးတိုင်း မြန်မာ့ပိုင်နက်နယ်မြေများ ဆုံးရှုံးခဲ့ရပြီး အဆိုပါနယ်မြေများသို့ နိုင်ငံခြားသားများ (အများအားဖြင့် အိန္ဒိယနှင့် တရုတ်လူမျိုးများ) အတားအဆီးမရှိ အစုလိုက်၊ အပြုံလိုက် ဝင်ရောက်လာခဲ့သဖြင့် ထိန်းချုပ်နိုင်ရန် ၁၈၆၄ ခုနှစ်တွင် "နိုင်ငံခြားသားများ အက်ဥပဒေ" ကို ပထမဆုံးအကြိမ် ပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါ ၁၈၆၄ ခုနှစ် နိုင်ငံခြားသားများ အက်ဥပဒေသည် [The Union of Burma (Adaptation of Laws) Order 1948] အရ ဆက်လက်တည်ရှိခဲ့ပါသည်။

အင်္ဂလိပ်တို့သည် ၁၈၈၅ ခုနှစ် တတိယအကြိမ် အင်္ဂလိပ်–မြန်မာစစ်ပွဲတွင် မြန်မာတစ်နိုင်ငံလုံး သိမ်းပိုက်နိုင်ခဲ့ပြီး နောက်ပိုင်း နိုင်ငံခြားသားများ ဝင်/ထွက်သွားလာမှု ပြဿနာရှုပ်ထွေးလာသဖြင့် "နိုင်ငံခြားသားများ မှတ်ပုံတင်ရေးအက်ဥပဒေ"ကို ၁၉၄၀ ပြည့်နှစ် မတ်လ ၂၈ ရက်နေ့က အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ၎င်းဥပဒေမပြဋ္ဌာန်းမီ ၁၉၃၁ ခုနှစ် သန်းခေါင်စာရင်းအရ နိုင်ငံခြားသားလူဦးရေမှာ ကိုးသိန်းရှိပြီး နောက် ၁၀ နှစ်ကြာသောအခါ နိုင်ငံခြားသားဦးရေမှာ ၁၅ သိန်းခန့် ရှိလာခဲ့ပါသည်။ အဆိုပါဥပဒေကို ၁၉၄၀ ပြည့်နှစ် မြန်မာနိုင်ငံအက်ဥပဒေအမှတ် (၇) အရ ပြဋ္ဌာန်းခြင်းဖြစ်ပါသည်။ နည်းဥပဒေ ပြဋ္ဌာန်းနိုင်ခြင်းမရှိသဖြင့် အက်ဥပဒေမှာ အသက်ဝင်ခြင်း မရှိခဲ့ပေ။

သို့သော် အိန္ဒိယ – မြန်မာနှစ်နိုင်ငံ သဘောတူစာချုပ်အား ၁၉၄၁ ခုနှစ် ဇူလိုင်လတွင် လက်မှတ်ရေးထိုးနိုင်ခဲ့သဖြင့် ထိုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေးဌာနကို ဖွဲ့စည်းကာ နိုင်ငံခြားသားများ မြန်မာနိုင်ငံအတွင်းသို့ ဝင်/ထွက်သွားလာမှုကို စတင်ကြီးကြပ်ဆောင်ရွက်ခဲ့ပါသည်။

ထို့နောက် နည်းဥပဒေကို "၁၉၄၈ ခုနှစ် နိုင်ငံခြားသား မှတ်ပုံတင်ရေး နည်းဥပဒေအဖြစ် ပြဋ္ဌာန်းခဲ့ပြီး ၁၉၄၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် အတည်ဖြစ်ခဲ့ပါသည်။

အဆိုပါ နည်းဥပဒေပြဋ္ဌာန်းပြီးနောက် ၎င်းနည်းဥပဒေနှင့် အကျုံးမဝင်သူများကို ကင်းလွတ်ခွင့်အမိန့်အမှတ် (၄) ဖြင့် ကင်းလွတ်ခွင့်ပြုခဲ့ပါသည်။

အထက်ပါ နိုင်ငံခြားသားများနှင့် သက်ဆိုင်သော ဥပဒေများကို ပြဋ္ဌာန်းခဲ့သော်လည်း မြန်မာနိုင်ငံအတွင်းသို့ မတရားဝင်ရောက်မှုကို ကာကွယ်နိုင်ခြင်းမရှိသဖြင့် လူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ အက်ဥပဒေ) ကို ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံမခံရမီ ၁၉၄၇ ခုနှစ် ဇွန်လ ၁၃ ရက်နေ့တွင် ဆက်လက်အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါဥပဒေသည် နိုင်ငံခြားသားများပါမက မြန်မာနိုင်ငံသားများနှင့်လည်း အကျုံးဝင်ပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်/ထွက်သွားလာနေထိုင်ခြင်း မပြုနိုင်ရန်နှင့် နိုင်ငံခြားတိုင်းပြည်များ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် အရှုပ်အထွေး ပြဿနာမပေါ်ပေါက်စေရန် ရည်ရွယ်ပြဋ္ဌာန်းရခြင်း ဖြစ်ပါသည်။

### ပြဋ္ဌာန်းဥပဒေများသည် ဆက်စပ်မှုရှိခြင်း

နိုင်ငံခြားသားများအား ကြပ်မတ်ထိန်းချုပ်နိုင်ရန် ရှေးဦးစွာ ပြဋ္ဌာန်းခဲ့သော ၁၈၆၄ ခုနှစ် နိုင်ငံခြားသားများ အက်ဥပဒေ၊ ၁၉၄၀ ပြည့်နှစ် နိုင်ငံခြားသားများ မှတ်ပုံတင်ရေး အက်ဥပဒေ၊ ၁၉၄၈ ခုနှစ် နိုင်ငံခြားသားများ မှတ်ပုံတင်ရေး နည်းဥပဒေနှင့် နည်းဥပဒေနှင့် အကျုံးမဝင်သူများအား ကင်းလွတ်ခွင့်ပြုသည့် အမိန့်အမှတ်–(၄)၊ ၁၉၄၇ ခုနှစ် လူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေနှင့် အဆိုပါဥပဒေများအရ အရေးယူခြင်းခံရသော နိုင်ငံခြားသားများအား ပြည်နှင်ဒဏ်ပေးပြီးနောက် ချုပ်နှောင်ထားရန် ပြဋ္ဌာန်းထားသည့် ၁၉၅၁ ခုနှစ် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (ချုပ်နှောင်ခြင်း) နည်းဥပဒေများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် အခြေခံမူများမှာ တူညီလျက်ရှိသည်ကို တွေ့ရပေမည်။

ဥပမာအားဖြင့် နိုင်ငံခြားသားများ အက်ဥပဒေ ပုဒ်မ–၁ တွင် နိုင်ငံခြားသားဆိုသည့် စကားရပ်မှာ မြန်မာနိုင်ငံသား မဟုတ်သူကို ဆိုလိုသည်ဟုလည်းကောင်း၊ နိုင်ငံခြားသားများ မှတ်ပုံတင်ရေး အက်ဥပဒေပုဒ်မ –၂ (က)တွင် နိုင်ငံခြားသားဆိုသည်မှာ နိုင်ငံခြားသားများ အက်ဥပဒေတွင် အဓိပ္ပာယ်ဖော်ပြထားသည့် နိုင်ငံခြားသားကို ဆိုလိုသည်ဟုလည်းကောင်း၊ သက်သေပြရန် တာဝန်နှင့်ပတ်သက်၍လည်း နိုင်ငံခြားသားများ အက်ဥပဒေပုဒ်မ– ၂ နှင့် နိုင်ငံခြားသားများ မှတ်ပုံတင်ရေး အက်ဥပဒေပုဒ်မ – ၄ တို့တွင် နိုင်ငံခြားသား ဟုတ်၊ မဟုတ် အငြင်းပွားပါက နိုင်ငံခြားသားမဟုတ်ကြောင်း သက်ဆိုင်ရာကို ထင်ရှားအောင် သက်သေပြရန်တာဝန်မှာ ထိုသူ၏တာဝန်ဖြစ်စေရမည်ဟုလည်းကောင်း၊

၁၉၄၇ ခုနှစ် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ– ၁၃ (က) တွင် ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများနှင့် စပ်လျဉ်း၍ နိုင်ငံခြားသားတစ်ဦးဦး ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ခြင်းသည် သို့တည်းမဟုတ် နေထိုင်ခြင်းသည် တရားဥပဒေနှင့်အညီ ဝင်ရောက်ခြင်းသို့တည်းမဟုတ် နေထိုင်ခြင်း ဟုတ်၊ မဟုတ် ဆုံးဖြတ်ရန်အချက် ပေါ်ပေါက်လျှင် သက်သေခံဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ မိမိသည် တရားဥပဒေနှင့်အညီ ဝင်ရောက်လာကြောင်း၊ သို့မဟုတ် နေထိုင်ကြောင်းကို ထင်ရှားအောင် သက်သေပြရန်တာဝန်မှာ အဆိုပါနိုင်ငံခြားသား၏ တာဝန်ပင်ဖြစ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်။

ဥပဒေပြဋ္ဌာန်းချက်များမှာ မတူကွဲပြားသော်လည်း (၁၈၆၄ ခုနှစ် နိုင်ငံခြားသားများ အက်ဥပဒေ၊ ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး လတ်တလောပြဋ္ဌာန်းချက်များ အက်ဥပဒေ စသည်ဖြင့်) နိုင်ငံခြားသားများ ဥပဒေမဲ့ ဝင်ရောက်နေထိုင်သွားလာခြင်းကို ကန့်သတ်၊ ထိန်းချုပ်၊ ကြပ်မတ်ရန် ရည်ရွယ်သောကြောင့် ဥပဒေများမှာ တစ်ခုနှင့်တစ်ခု ဆက်စပ်နေခြင်းဖြစ်ပါသည်။

### လူဝင်မှုကြီးကြပ်ရေးဌာနသမိုင်းဖြစ်စဉ်

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း လူဝင်မှုကြီးကြပ်ရေးဌာနကို ၁၉၄၁ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် စတင်ဖွဲ့စည်းချိန်မှစ၍ ဌာန၏လုပ်ငန်းတာဝန်များကို ရဲတပ်ဖွဲ့မှ ၁၉၅၆ ခုနှစ်အထိ ဆောင်ရွက်ခဲ့ပါသည်။ ၁၉၅၇ ခုနှစ်တွင် သီးခြားဌာနခွဲအဖြစ် ဖွဲ့စည်းပြီး အစိုးရဌာနအသီးသီးမှ အရာထမ်း၊ အမှုထမ်းများနှင့် ပြင်ပမှခေါ်ယူသော ဝန်ထမ်းများ (ဥပဒေဌာန၊ ပညာရေးဌာန၊ ဘဏ္ဍာနှင့်စာရင်းစစ်ဌာန စသည်များ)ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

ဖွဲ့စည်းရာတွင် လူဝင်မှုကြီးကြပ်ရေးအရာရှိ (Inspector)နှင့် စာရေးဝန်ထမ်း (Office Staff) ဟူ၍ နှစ်မျိုးခွဲထားပါသည်။ လူဝင်မှုကြီးကြပ်ရေးအရာရှိများ၏ ကိုယ်ပိုင်အမှတ်အား (လဝက––––) ဟုလည်းကောင်း၊ စာရေးဝန်ထမ်းများ၏ ကိုယ်ပိုင်အမှတ်ကို (ငစရ––––––)ဟုလည်းကောင်း သတ်မှတ်ထားပါသည်။ လူဝင်မှုကြီးကြပ်ရေး အရာရှိများတွင် ဝန်ထောက်အဆင့်မှာ (ကြယ်သုံးပွင့်) ဖြစ်ပြီး ၎င်းအထက်အရာရှိများမှာ ယူနီဖောင်းဝတ်ရန်မလိုဘဲ လက်ထောက်ဝန်၊ ဒု – ဝန်၊ ကြီးကြပ်ရေးဝန် (Controller) စသည့်ရာထူးအခေါ်အဝေါ်များဖြင့် ဌာနဆိုင်ရာ အကြီးအကဲများအဖြစ် သတ်မှတ်ထားပါသည်။ စတင်ဖွဲ့စည်းစဉ်က လူဝင်မှုကြီးကြပ်ရေးအရာရှိမှာ တစ်ထောင့်နှစ်ရာကျော်ခန့်ရှိပြီး စာရေးဝန်ထမ်းမှာ ကိုးရာကျော်မျှသာ ရှိပါသည်။

### ဌာနနှင့် ဝန်ထမ်းတာဝန်

ဝန်ထမ်းဌာနတိုင်းတွင် မူဝါဒများရှိသကဲ့သို့ လူဝင်မှုကြီးကြပ်ရေးဌာနတွင်လည်း မူဝါဒထားရှိပါသည်။ အဆိုပါမူဝါဒမှာ "မြေမျို၍ လူမျိုးမပြုတ်၊ လူမျိုးမှ လူမျိုးပြုတ်မည်" ဟူသော အသိ၊ သတိရှိသော မူဝါဒ၊ ဆောင်ပုဒ် ဖြစ်ပါသည်။

၎င်းမူဝါဒမှာ ၁၉၂၁ ခုနှစ်တွင် ကျင်းပသော နဝမအကြိမ်မြောက် (ဂျီစီဘီအေ) ကွန်ဖရင့်တွင်ပြောကြားသော ဦးမြဲ၏ မိန့်ခွန်းမှဖြစ်ပါသည်။ အဆိုပါဦးမြဲမှာ ဒီပဲရင်းဝန်ထောက်ဖြစ်ပြီး မင်းတုန်းမင်းကြီးလက်ထက်တွင် ပထမဆုံး အင်္ဂလန်နိုင်ငံသို့ ပညာတော်သင်သွားရသူ ဖြစ်ပါသည်။ ဦးမြဲ၏ ပြောဆိုချက်ကို လေ့လာသုံးသပ်ကြည့်ပါက ၎င်းအချိန်ကပင် မြန်မာနိုင်ငံတွင် နိုင်ငံခြားသားများ၏ အန္တရာယ်ကို ခန့်မှန်းနိုင်ပါသည်။

"ငါတို့နိုင်ငံဟာ အင်အားကြီးအိမ်နီးချင်းနိုင်ငံများနဲ့ ထိစပ်နေပြီး မိုင်ပေါင်းများစွာရှည်လျားတဲ့ နယ်စပ်ဒေသကို ဝန်ထမ်းအင်အား တစ်ထောင်ကျော်လောက်နဲ့ ဘယ်တားဆီးနိုင်မလဲ။ ဒါပေမယ့် ခိုးဝင်လာတဲ့ နိုင်ငံခြားသားတွေကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းနဲ့အညီ ကိုင်တွယ်ဖြေရှင်းရင် တို့နိုင်ငံထဲကို အဝင်လွယ်ပေမယ့် အနေခက်စေရမယ်" ဆိုတဲ့ ခံယူချက်များထားပြီး တာဝန်ထမ်းဆောင်ခဲ့ကြောင်း ပြန်ပြောင်း သိခဲ့ရပါသည်။ ထို့ကြောင့်လည်း နိုင်ငံခြားသားပြဿနာမှာ ထိုအချိန်က နိုင်ငံတော်ပြဿနာအထိ မဖြစ်ခဲ့ခြင်း ဖြစ်ပါသည်။

ဌာနအနေဖြင့်လည်း ဝန်ထမ်းများ တာဝန်ထမ်းဆောင်ရာတွင် လွယ်ကူအဆင်ပြေစေရန်အတွက် ဘာသာစကားသင်ကြားမှုကို ဌာနတွင်း၌ သင်ကြားပေးခဲ့ကြောင်း၊ အဆိုပါဘာသာစကားများမှာ တိုင်းရင်းသားဘာသာစကား (ရှမ်း၊ ကချင်စသည်ဖြင့်) အပြင် နိုင်ငံခြားဘာသာစကားအဖြစ် (တရုတ်၊ အင်္ဂလိပ်) စကားများကို သင်ကြားပေးခဲ့ကြောင်း သိရပါသည်။ ယခုအခါ အဆိုပါ သင်တန်းများ မရှိတော့ပါ။ ထားသင့်သည်ဟု ထင်ပါသည်။

### ဌာန သုံးခုပေါင်းခြင်း

ယနေ့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် ယခင်ကသီးခြားဌာနဖြစ်သော လူဝင်မှုကြီးကြပ်ရေးဌာနခွဲ၊ သီးခြားဖြစ်သော အမျိုးသားမှတ်ပုံတင်ဌာနခွဲ (မြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး) သီးခြားဖြစ်သော သန်းခေါင်စာရင်းဌာနခွဲများကို ပေါင်းစည်းဖွဲ့စည်းထားသော ဝန်ကြီးဌာန ဖြစ်ပါသည်။

အဆိုပါ ဌာနခွဲ သုံးခုကို ၁၉၇၆ ခုနှစ်တွင် ပူးပေါင်းဖွဲ့စည်းထားခြင်း ဖြစ်ပါသည်။ ထိုဌာနခွဲသုံးခုမှာ သဘောသဘာဝမတူသော ဌာနများဖြစ်သော်လည်း ပူးပေါင်းဖွဲ့စည်းခဲ့သဖြင့် အကျိုးသက်ရောက်မှုမှာ မကောင်းခဲ့ပါ။ သာဓကအားဖြင့် လူဝင်မှုကြီးကြပ်ရေးဌာနသည် နိုင်ငံခြားသားများ မှတ်ပုံတင်လုပ်ငန်းတာဝန်နှင့် မြန်မာနိုင်ငံအတွင်းသို့ ဥပဒေမဲ့ဝင်ရောက်သူများအား ကာကွယ်တားဆီးရေးနှင့် တရားမဝင် ဝင်ရောက်လာသူများဖြစ်ပါက (လဝက ဥပဒေများ)နှင့် အညီ တရားစွဲဆို အပြစ်ပေးခြင်းနှင့် ပြည်နှင်ခြင်းလုပ်ငန်းများနှင့် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသံသယရှိသူများအား တရားဝင်နေထိုင်ခွင့် ရှိ၊ မရှိ စစ်ဆေးအရေးယူခြင်းမှာ အဓိကဖြစ်ပါသည်။

အမျိုးသားမှတ်ပုံတင်ဌာနခွဲမှာ မြန်မာနိုင်ငံအတွင်းရှိ နေထိုင်သူများအား မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံကတ်ပြား ထုတ်ပေးရန်ဖြစ်ပါသည်။ အဆိုပါ သက်သေခံကတ်ပြား ကိုင်ဆောင်ထားသူတိုင်းကို မြန်မာနိုင်ငံတွင်း၌ တရားဝင်နေထိုင်ခွင့်ရှိသူအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံသားအဖြစ်လည်းကောင်း (လဝက ဥပဒေ) အရ လက်ခံခြင်းမရှိဘဲ စစ်ဆေးအရေးယူမှုများ ရှိခဲ့ပါသည်။ အဆိုပါသူများအနက် တရားစွဲဆိုပြည်နှင်ဒဏ်ပေးသူများရှိသကဲ့သို့ အချို့ကို နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ် (FRC) ကိုင်ဆောင်စေပြီး နိုင်ငံခြားသားအဖြစ် သတ်မှတ်ပေးခဲ့ပါသည်။

သန်းခေါင်စာရင်းဌာနခွဲမှာ ယေဘုယျအားဖြင့် လူဦးရေစာရင်းကောက်ယူပြီး လိုအပ်သောလူဦးရေ အချက်အလက်များ ရယူခြင်းသာဖြစ်၍ ဌာနခွဲ သုံးခုပူးပေါင်းခြင်းတွင် ပြဿနာတစ်စုံတစ်ရာ မရှိခဲ့ပါ။

ယနေ့ဖြစ်ပေါ်လျက်ရှိသော နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးပြဿနာ (နိုင်ငံသားများအား အချိန်နှင့်တစ်ပြေးညီ ထုတ်မပေးနိုင်ခြင်း) မှာ သဘောသဘာဝမတူသော ဌာနများ၊ ပူးပေါင်းဖွဲ့စည်းထားသောကြောင့်ဟု ယူဆပါသည်။ ယင်းကဲ့သို့ ပူးပေါင်းထားသဖြင့် ဝန်ထမ်းများအနေဖြင့် လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများလည်း သီးသီးသန့်သန့်၊ စူးစူးစိုက်စိုက် မလုပ်နိုင်သလို နိုင်ငံသားကတ်ပြား ထုတ်ပေးရေးလုပ်ငန်းများကိုလည်း ပီပီပြင်ပြင် မဆောင်ရွက်နိုင်ဟု ထင်မြင်မိပါသည်။ ထို့ကြောင့် နိုင်ငံခြားသား ထိန်းသိမ်းရေးလုပ်ငန်းများတွင် လစ်ဟာမှုမရှိစေရန်၊ နိုင်ငံသားလုပ်ငန်းမှာလည်း တိုးတက်လာသော လူဦးရေနှင့်အညီ အချိုးကျဆောင်ရွက်နိုင်ရန် အပြုသဘောအကြံပြုလိုပါသည်။

ဝန်ကြီးဌာန (အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန) အောက်တွင် လူဝင်မှုကြီးကြပ်ရေးဌာန၊ အမျိုးသားမှတ်ပုံတင်ရေးနှင့် သန်းခေါင်စာရင်းဌာနဟူ၍ ယခင်ကအတိုင်း လုပ်ငန်းသဘောသဘာဝ မတူသောဌာနများကို သီးခြားခွဲထားမည်ဆိုလျှင် ပို၍အဆင်ပြေနိုင်မည်ဖြစ်ပါသည်။ သို့မှသာ ဌာနဆိုင်ရာတစ်ခုချင်း၏ လုပ်ငန်းတာဝန်ဝတ္တရားများကို သီးခြားစီဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် လုပ်ငန်းများ တိကျမှန်ကန်လာမည့်အပြင် ဝန်ထမ်းများအနေဖြင့်လည်း မိမိဌာနအားကိုယ်တိုင်တာဝန်ခံရမည့် အနေအထားဖြစ်လာပါမည်။ ထိုသို့ခွဲခြားခြင်းအားဖြင့် ဌာနဆိုင်ရာ တစ်ခုချင်းအလိုက်လုပ်ငန်းများလည်း အချိန်နှင့်တစ်ပြေးညီ ပြီးစီးမည်ဖြစ်ပါသည်။ ယနေ့ဖြစ်ပေါ်နေသော ဝန်ကြီးဌာန၏ နိုင်ငံသားစိစစ်ရေးလုပ်ငန်း၏ အခက်အခဲပြဿနာမှာ သဘောသဘာဝမတူသော ဌာနများကို ပူးပေါင်းထားခြင်း၏ (၁၉၇၆) ခုနှစ်ရလဒ်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

စာမျက်နှာ ၉ သို့ ❂

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၃၁ / ၂၀၂၀**
၁၃၈၂ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၄ ရက်)

## "တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်၊ ခဝဲကျေးရွာနေ ဇော်ဦးနှင့် မအေးကြည်၊ သန်းဌေးတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၈-၈-၂၀၂၀ ရက်နေ့တွင် မော်လိုက်မြို့နယ်၊ ခဝဲကျေးရွာနေ ဇော်ဦး(၄၁)နှစ်၊ (ဘ)ဦးဝင်းမောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာငင်းအား မတွေ့ရှိဘဲ ၎င်း၏ဇနီးဖြစ်သူ ဒေါ်အေးကြည် (ခ)အေးအေးကြည်(၄၀)နှစ်၊(ဘ)ဦးဝင်းရွှေအား တွေ့ရှိပြီး ဘိန်းဖြူများနှင့်အတူဖမ်းဆီးရမိသဖြင့် မမစ (မော်လိုက်) မယ(ပ)၆၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် လည်းကောင်း၊ ဆက်လက်၍ ၎င်းကျေးရွာနေ သန်းဌေး(၅၆)နှစ်၊ (ဘ)ဦးထွန်းဖေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မော်လိုက်) မယ(ပ)၆၇/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)ဖြင့် လည်းကောင်း အသီးသီးအမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂ | တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ရတောင်ကျေးရွာနေ ကျော်နိုင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၆-၈-၂၀၂၀ ရက်နေ့တွင် ကျွန်းစုမြို့နယ်၊ ရတောင်ကျေးရွာနေ ကျော်နိုင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်တွင် ကျော်နိုင်အားမတွေ့ရှိဘဲ ၎င်း၏အစ်ကို ဖြစ်သူ မင်းအောင်(၄၁)နှစ်၊ (ဘ)ဦးသာပိန်အား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ လက်လုပ်တူမီးသေနတ် (၁)လက်တို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(သဇင်) မယ(ပ)၅ /၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၂ (ခ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ ရွာသစ်ကျေးရွာနေ ဦးအိုကုန်းသည် ၎င်းပိုင်ဥယျာဉ်ခြံထဲ၌ ဘိန်းစာ ရွက်ပင်များစိုက်ပျိုးထားပြီး ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ ခြင်း။ | ၁၇-၈-၂၀၂၀ ရက်နေ့တွင် ဘုတ်ပြင်းမြို့နယ်၊ ရွာသစ်ကျေးရွာနေ ဦးအိုကုန်း(ခ)အိုတုန်း(၄၂)နှစ်၊ (ဘ) ဦးမောင်မြင့်၏နေအိမ်တဲအား ဝင်ရောက်ရှာဖွေရာ ၎င်းမှာထွက်ပြေး တိမ်းရှောင်နေပြီး ၎င်းပိုင်ဥယျာဉ်ခြံအတွင်းမှ ဘိန်းစာရွက်ပင်များ တွေ့ရှိသဖြင့် အပင်များဖျက်ဆီးကာ ဘိန်းစာရွက်များအား သိမ်းဆည်းရမိသဖြင့် မမစ (ဘုတ်ပြင်း) မယ(ပ)၃၀/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဝဲကျွန်းထိန်လယ်ရပ်ကွက်နေ သူရဇော်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၈-၈-၂၀၂၀ ရက်နေ့တွင် ထားဝယ်မြို့၊ ထိန်သစ်ရပ်ကွက်၊ ဝဲကျွန်းထိန်လယ်ရပ်နေ သူရဇော်(၃၀)နှစ်၊ (ဘ)ဦးဇော်မင်း ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ထားဝယ်) မယ(ပ)၅၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ကံမော်ကျေးရွာနေ ရန်ကြီးအောင်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၈-၂၀၂၀ ရက်နေ့တွင် ကျွန်းစုမြို့နယ်၊ ကံမော်ကျေးရွာနေ ရန်ကြီးအောင်(၅၂)နှစ်၊ (ဘ)ဦးမြလွင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ကံမော်) မယ(ပ) ၄၄/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထား ရှိပါသည်။ |
| ၆ | မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အဘစ်-ခလယ် တံခွန်တိုင်ကျေးရွာသွားလမ်းပေါ်၌ မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချသူ ပေါ်များလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၁၉) မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၃၂)ဦးတို့အား ဘိန်းစာရွက်များ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိ၍ ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၁၆-၈-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ မုဒုံမြို့နယ်၊ အဘစ်ကျေးရွာအနီး အဘစ်-ခလယ်တံခွန်တိုင် သွားကားလမ်းမပေါ်၌ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ခလယ်တံခွန်တိုင်ကျေးရွာနေ ချမ်းငြိမ်း (၂၃)နှစ်၊ (ဘ)ဦးအောင်ကြည်နှင့် မြဦး(၃၅)နှစ်၊ (ဘ)ဦးဆောင်းဦးတို့(၂)ဦးအား WYစာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ကမာဝက်)မယ(ပ)၄၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၇ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းမြေတိုင်း(၂၆) ရပ်ကွက်တွင် လူငယ်များသည် မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၈-၂၀၂၀ ရက်နေ့တွင် လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်း (၂၆)ရပ်ကွက်၊ ကျန်စစ်သားလမ်းမပေါ်၌ ၎င်းမြို့နယ်၊ (၁၉)ရပ်ကွက်နေ ဇင်ကိုကို(ခ) အောင်မြင့်သန်း(၂၁)နှစ်၊ (ဘ) ဦးမောင်မြင့်အား စိစစ်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (လှိုင်သာယာ) မယ(ပ)၈၅/၂၀၂၀၊ မူး/စိတ်ပုဒ်မ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၈ | ရှမ်းပြည်နယ် (တောင်ပိုင်း)၊ အေးသာယာမြို့နယ်၊ အမှတ်(၈) ရပ်ကွက်နေ ကုလားလေးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၈-၂၀၂၀ ရက်နေ့တွင် တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ ရပ်ကွက်(၈)နေ ကုလားလေး(ခ)မဂျစ်(ခ)ကျော်ဦး (၄၂)နှစ်၊ (ဘ)ဦးလှမြင့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ရပ်ကွက်(၇)နေ ချစ်ဦးလွင်(ခ)သားကြီး (၂၃)နှစ်၊ (ဘ)ဦးဆန်းလင်းတို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (အေးသာယာ) မယ(ပ)၂၂/၂၀၂၀၊ မူး/စိတ် ပုဒ်မ ၁၉(က)/ ၂၀(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုးနဲမြို့နယ်၊ ကျိုင်းတောင်းမြို့၊ အမှတ်(၃) ရပ်ကွက်နေ ဒေါ်အေးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၀-၈-၂၀၂၀ ရက်နေ့တွင် မိုးနဲမြို့နယ်၊ ကျိုင်းတောင်းမြို့၊ အမှတ် (၃) ရပ်ကွက်နေ ဒေါ်အေး(၅၃)နှစ်၊ (ဘ)ဦးတာ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ခင်ပွန်းဖြစ်သူ အောင်ကျော်ငြိမ်း(ခ)မင်းထက်စိုး(၃၄)နှစ်၊ (ဘ) ဦးအောင်မောင်းတို့(၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ကျိုင်းတောင်း) မယ(ပ)၂/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၂၂-၈-၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၁၂၉၈)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၁၆၆၃)ဦး၊ မ(၃၂၈)ဦး၊ ပေါင်း(၁၉၉၁)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၁၀၀၅၂.၂၆၉၄)ဂရမ်၊ ICE (၁၄၃၅.၄၂) ဂရမ်၊ ဘိန်း(၄၄၃၈၇.၂၂၈၈၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၁၃၆၇.၉၆)ဂရမ်၊ ဘိန်းစာမှုန့်(၅၃၃၆၃.၇၆)ဂရမ်၊ ဘိန်းစာရွက် (၅၁၀၉၇.၃၂)ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား(၆၆၆၀၇၈)ပြား၊ ဆေးခြောက် (၁၃၄၇၄.၃၆)ဂရမ်၊ ဘိန်းရည်(၀.၁)လီတာ၊ ဘိန်းဆီခဲ(၆၃၀.၂၈)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့်(၆၀.၁၅)ဂရမ်၊ ECSTASY အကြေ(၀.၀၀၁)ဂရမ်၊ လက်နက်မျိုးစုံ(၂၇)လက်၊ ကျည်မျိုးစုံ(၆၀၉)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ် ဖမ်းဆီး အရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီး အရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | ၀၆၇-၅၉၀၂၀၀ |
| **ဖက်စ်ဖုန်းနံပါတ်** | - | ၀၆၇-၅၉၀၂၃၃ |
| **အီးမေးလ်လိပ်စာ** | - | antinarcotics@presidentoffice.gov.mm |

❂ စာမျက်နှာ ၈ မှ

ဌာနများ သီးခြားခွဲပါက ယခင်ကကဲ့သို့ မြို့နယ်များတွင် FRO ရုံး (Foreigners Registration Office) များ ထားခြင်းအားဖြင့် ဌာနေနိုင်ငံခြားသားများနှင့် ပြည်ပမှ ဝင်ရောက်လာသော နိုင်ငံခြားသားများ၊ တရားမဝင် ဝင်ရောက်လာသူများအား ဥပဒေနှင့်အညီ ထိန်းသိမ်းကြီးကြပ်နိုင်မည်ဖြစ်သကဲ့သို့ အမျိုးသားမှတ်ပုံတင်လုပ်ငန်း (အမတ၊ ယာယီသက်သေခံလက်မှတ်၊ White Card နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေး၊ အိမ်ထောင်စုစာရင်းနှင့် ပုံစံ (၁၀) ကိစ္စများ) မှာလည်း တစ်မျိုးတည်းသာ ဆောင်ရွက်ရခြင်းဖြစ်၍ အချက်အလက်ပြည့်စုံစွာ ရရှိနိုင်မည်ဖြစ်ပါသည်။

သန်းခေါင်စာရင်းလုပ်ငန်းမှာလည်း သတ်မှတ်ကာလ (၁၀ နှစ်တစ်ကြိမ်) ကောက်ယူရရှိသော အချက်အလက်များနှင့် လဝက၊ အမတဌာနရှိ အချက်အလက်များနှင့် လုပ်ငန်းညှိနှိုင်း ဆောင်ရွက်ခြင်းအားဖြင့် လိုအပ်သော အချက်အလက်များ ပြည့်စုံစွာရရှိမည်ဖြစ်ပါသည်။

### လဝက ဥပဒေ၏ ထူးခြားချက်

၁၉၄၇ ခုနှစ် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလော ပြဋ္ဌာန်းချက်များ) အက်ဥပဒေ၏ ထူးခြားချက်မှာ နိုင်ငံတော်သမ္မတက အာဏာလွှဲအပ်ပေးခြင်းဖြစ်ပါသည်။ ပုဒ်မ- ၂၊ ပုဒ်မခွဲ (၂)တွင် "နိုင်ငံတော်သမ္မတသည် အရာရှိတစ်ဦးဦးအား ဤအက်ဥပဒေအရသို့တည်းမဟုတ် ဤအက်ဥပဒေဖြင့် ပြုသောနည်းဥပဒေများအရ ပြဋ္ဌာန်းထားသည့် ကြီးကြပ်ရေးဝန်၏ အာဏာတစ်ခုခုကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ သုံးစွဲရန် အရာရှိတစ်ဦးဦးအား လွှဲအပ်နိုင်သည်" ဟု အတိအလင်းပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။

ထို့ကြောင့် (COVID – 19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အထက်ပါ ပုဒ်မ-၂၊ ပုဒ်မခွဲ (၂) ကို ကျင့်သုံးလျက် လူဝင်မှုကြီးကြပ်ရေး ဥပဒေပုဒ်မ-၃၊ ပုဒ်မခွဲ (၂) ကို ဖြေလျှော့ပေးကာ တရားမဝင် ထွက်ခွာသွားသော မြန်မာနိုင်ငံသားများအား အရေးယူခြင်းမပြုဘဲ ပြန်လည်လက်ခံခြင်းဖြစ်ပါသည်။

အဆိုပါ ၁၉၄၇ ခုနှစ် လူဝင်မှုကြီးကြပ်ရေး ဥပဒေသာမက အထက်တွင် ဖော်ပြခဲ့သည့် နိုင်ငံခြားသားများ အက်ဥပဒေ၊ ၁၉၄၀ ပြည့်နှစ် နိုင်ငံခြားသားများ မှတ်ပုံတင်ရေးအက်ဥပဒေ၊ ၁၉၄၈ ခုနှစ် နိုင်ငံခြားသားများ မှတ်ပုံတင်ရေး နည်းဥပဒေ၊ ကင်းလွတ်ခွင့် အမိန့်အမှတ်- ၄ တို့သည်လည်း နိုင်ငံတော်သမ္မတ၏ ပြဋ္ဌာန်းဥပဒေများ ဖြစ်သောကြောင့် အကျုံးဝင်ပါသည်။

### နိဂုံး

လူဝင်မှုကြီးကြပ်ရေးဥပဒေနှင့် လူဝင်မှုကြီးကြပ်ရေးဌာန၏ လုပ်ငန်းများမှာ စိတ်ဝင်စားဖွယ်ကောင်းပါသည်။ လူဝင်မှုကြီးကြပ်ရေးဥပဒေများမှာ မြန်မာနိုင်ငံလွတ်လပ်ရေးမရမီက ပြဋ္ဌာန်းခဲ့သော ဥပဒေများဖြစ်သော်လည်း ယနေ့အထိ နိုင်ငံခြားသားများအား ထိန်းချုပ်နိုင်သည့် ဥပဒေဖြစ်ပါသည်။ ထိုခေတ် ထိုကာလကပင် မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံခြားသားများ ဝင်/ထွက်သွားလာခြင်းမှာ ပြဿနာတစ်ရပ်အနေဖြင့် ရှိခဲ့ကြောင်းကိုလည်းကောင်း၊ ဒီပဲယင်းဝန်ထောက်ဦးမြဲ၏ အနာဂတ်မြန်မာလူမျိုးများ ပျောက်ကွယ်သွားနိုင်သည့် အန္တရာယ်ကိုလည်းကောင်း၊ လွတ်လပ်ရေးရပြီးနောက် အသစ်ပြန်လည်ဖွဲ့စည်းခဲ့သည့် (၁၉၅၇ ခုနှစ်) က တာဝန်ထမ်းဆောင်ခဲ့ကြသော ဝန်ထမ်းဟောင်း (ဆရာများ)၏ "ဝန်ထမ်းအနည်းအများသည် ပဓာနမဟုတ်" ခံယူချက်နှင့် စိတ်ဓာတ်သာ အဓိကဖြစ်ကြောင်း ပြောဆိုချက်များမှာ လေးစားအတုယူဖွယ်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**ကျမ်းကိုး-**

- **လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဆိုင်ရာ အက်ဥပဒေနှင့် နည်းဥပဒေများ**
- **နိုင်ငံခြားသားနှင့် လူဝင်မှုဥပဒေ (ဦးလှကို (B.A, R.L) တရားရုံးချုပ်ရှေ့နေ)**

★ ကျောဖုံးမှ

အခန်း(၁)၏ အခန်းခေါင်းစဉ်၊ အပိုဒ်(၁)၊ (၂)၊ (၃)၊ အခန်း(၂)၏ အခန်းခေါင်းစဉ်၊ အပိုဒ်(၄)၊ အခန်း(၃)၏ အခန်းခေါင်းစဉ်၊ အပိုဒ်(၅)မှ အပိုဒ်(၁၄)အထိကို မူလအဆိုပြုချက်အတိုင်း အတည်ပြုပေးနိုင်ရန် အဆိုပြုတင်ပြရာ ပြည်ထောင်စုလွှတ်တော်နာယကက လွှတ်တော်၏အဆုံးအဖြတ် ရယူအတည်ပြုသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ဥပဒေကြမ်း၏ခေါင်းစဉ်နှင့် နိဒါန်းသည် မူလအဆိုပြုချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်းနှင့် ဥပဒေကြမ်း၏ ပူးတွဲဇယား(၁) မှ (၇) အထိ ပါရှိသည့်စီမံကိန်းတန်ဖိုးများနှင့် စပ်လျဉ်း၍ နောက်ဆက်တွဲ(၂)ပါ စီမံကိန်းလုပ်ငန်းများအပေါ် လွှတ်တော်၏ ဆုံးဖြတ်ချက်နှင့်အညီ ရရှိသည့်ကိန်းဂဏန်းတန်ဖိုးများအတိုင်း ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အတည်ပြုကြေညာသည်။

ဆက်လက်၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း က အဆိုပါဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် အဆိုတင်သွင်းသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကဆုံးဖြတ်ထားသည့်အတိုင်း ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော သံလွင်မြစ်ကူးတံတား (တာဆန်း) ကြိုးတံတားတည်ဆောက်ခြင်း စီမံကိန်းအတွက် ဩစတြီးယားနိုင်ငံ UniCredit Bank ထံမှ အတိုးမဲ့ချေးငွေယူရို ၈ ဒသမ ၄ သန်း ရယူရေးနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က သံလွင်မြစ်ကူးတံတား(တာဆန်း) သည် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (အရှေ့ပိုင်း)ကို ဆက်သွယ်ထားသည့် နမ့်စန် – မိုးနဲ – မိုင်းတုံ – မိုင်းဆတ် – တာချီလိတ်လမ်းအကြားတွင် တည်ရှိသော တံတားအမှတ်(၁/၁၈၇) ဖြစ်ပါကြောင်း၊ အဆိုပါတံတားသည် မြန်မာ–ထိုင်း နှစ်နိုင်ငံ နယ်စပ်မြို့ဖြစ်သည့် တာချီလိတ်မြို့နှင့် ဆက်သွယ်ထားသော လမ်းမကြီးပေါ်တွင် တည်ရှိသောကြောင့် နှစ်နိုင်ငံ ကုန်သွယ်စီးဆင်းမှုအတွက် အရေးပါသည့် တံတားတစ်စင်းလည်း ဖြစ်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး
ဦးဟန်ဇော်



ဒုတိယဝန်ကြီး
ဦးမောင်မောင်ဝင်း

တာဆန်းကြိုးတံတားကို ရေရှည်အသုံးပြုနိုင်ရန်အတွက် ခံနိုင်ဝန် ၁၆ တန်သာ ခွင့်ပြုထားသောကြောင့် ၁၀ ဘီးနှင့်အထက် ကုန်တင်ယာဉ်ကြီးများ တံတားသို့ ရောက်ရှိပြီး ယာဉ် + ကုန် ၁၆ တန်ထက် ကျော်လွန်ပါက ကုန်ပစ္စည်းများကို တစ်ဖက်ကမ်းသို့ ယာဉ်ငယ်များဖြင့် ပို့ဆောင်ရသည့်အတွက် အချိန်ကြာမြင့်ခြင်း၊ သယ်ယူပို့ဆောင်ခများ အပိုကုန်ကျခြင်းတို့ကြောင့် ကုန်ပစ္စည်းဈေးနှုန်းများမှာ သာမန်ထက် မြင့်တက်လျက်ရှိပါကြောင်း။

ထို့ပြင် နမ့်စန် – မိုးနဲ – မိုင်းတုံ – မိုင်းဆတ် – တာချီလိတ်လမ်းသည် (NH–23) လမ်းမကြီးဖြစ်ပြီး တန် ၃၀ အထက် ကုန်တင်ယာဉ်ကြီးများ ဖြတ်သန်းသွားလာလျက်ရှိရာ ၎င်းလမ်းပေါ်တွင်ရှိသည့် တာဆန်းတံတားသည် အဓိကကျသည့် တံတားဖြစ်သောကြောင့် လက်ရှိကြိုးတံတား၏ ရေစုန်ဘက်တွင် ခံနိုင်ဝန် တန် ၆၀ ရှိသည့် တံတားအသစ်တစ်စင်း အဆင့်မြှင့်တင် တည်ဆောက်ရန် လိုအပ်လျက်ရှိပါကြောင်း။

တာဆန်းတံတားသည် နိုင်ငံ့ထွက်ပေါက် နယ်စပ်ဒေသတွင် ဘက်စုံအသုံးပြုနိုင်မည့် အဓိကကျသည့် လမ်းမကြီးပေါ်တွင် တည်ရှိသည့် မဟာဗျူဟာအရ အရေးပါသော တံတားတစ်စင်းဖြစ်သောကြောင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံများသို့ လွယ်ကူလျင်မြန်စွာ ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည့်အပြင် ဒေသထွက်ကုန်ပစ္စည်းများကို ဒေသတွင်းသာမက အိမ်နီးချင်းနိုင်ငံများသို့ပါ ပို့ဆောင်နိုင်မည်ဖြစ်ခြင်း၊ ကုန်စည်စီးဆင်းမှု မြန်ဆန်ရေးအတွက် များစွာအထောက်အကူပြုခြင်း၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါကြောင်း။

တံတားတည်ဆောက်ရာတွင် တံတားသံပေါင်များကို အရည်အသွေးမြင့် ဥရောပသံပေါင်များကို အသုံးပြုမည်ဖြစ်ပြီး မြန်မာအင်ဂျင်နီယာများအတွက် ကြိုးတံတားသံပေါင်တပ်ဆင်ခြင်း နည်းပညာသစ်အတွေ့အကြုံများလည်း ရရှိစေမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် သံလွင်မြစ်ကူးကြိုးတံတား (တာဆန်း) တည်ဆောက်ခြင်း စီမံကိန်းအတွက် လိုအပ်သောသံပေါင်နှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူအသုံးပြုနိုင်ရန် ဩစတြီးယားနိုင်ငံ UniCredit Bank ထံမှ အတိုးမဲ့ချေးငွေယူရို ၈ ဒသမ ၄ သန်း ချေးယူမည့်ကိစ္စအား ပြည်ထောင်စုလွှတ်တော်မှ ခွင့်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ယခုချေးငွေစီမံကိန်းသည် နိုင်ငံတော်၏ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်ပါကြောင်း၊ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့် ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေတို့နှင့် ကိုက်ညီပါကြောင်း၊ ၂၀၁၈ ခုနှစ် ကာလလတ်ကြွေးမြီစီမံခန့်ခွဲ မှုမဟာဗျူဟာ၊ ဖွံ့ဖြိုးမှုအကူအညီများဆိုင်ရာ မူဝါဒများနှင့်လည်း ကိုက်ညီပါကြောင်း၊ ထို့ကြောင့် သံလွင်မြစ်ကူးတံတား (တာဆန်း) ကြိုးတံတားတည်ဆောက်ခြင်းစီမံကိန်းအတွက် လိုအပ်သည့်သံပေါင်နှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ဩစတြီးယားနိုင်ငံ UniCredit Bank ထံမှ အတိုးမဲ့ချေးငွေ ယူရို ၈ ဒသမ ၄ သန်း ရယူနိုင်ရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးသုံးသပ်၍ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယက က ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ကို ဩဂုတ် ၂၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ရဲသွင်၊ အေးအေးသန့်(သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် အတည်ပြုခြင်းနှင့် ရခိုင်ပြည်နယ် ကိုဗစ်-၁၉ ဆိုင်ရာ လူငယ်လုပ်အားပေးအစီအစဉ် ရှင်းလင်းဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၄**

မြန်မာနိုင်ငံလူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၂၀ – ၂၀၂၄) အတည်ပြုခြင်းနှင့် စပ်လျဉ်း၍ လူငယ်ရေးရာကော်မတီဝင် လူငယ်များအား အသိပေးရှင်းလင်းဆွေးနွေးခြင်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရုံး ယနေ့မွန်းလွဲပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။



## တက်ရောက်

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီးဦးစိုးအောင်၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ လူငယ်ရေးရာကော်မတီဝင်လူငယ်များ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးများ၊ UNFPA Myanmar နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ပြည်သူ့အစိုးရက ပြည်သူများ၏ ဆန္ဒနှင့် လိုအပ်ချက်များကို ဥပဒေဘောင်အတွင်းက ဖော်ဆောင်ပေးခြင်းဖြစ်ပါကြောင်း၊ စနစ်တကျ အကောင်အထည်ဖော်နိုင်ရန် မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ၊ မဟာဗျူဟာ၊ လုပ်ငန်းစဉ်နှင့် လုပ်ထုံးလုပ်နည်းများ လိုအပ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ရှေးဦးအရွယ်ကလေးသူငယ်များကို ပြုစုပျိုးထောင်ရန်နှင့် ကာကွယ်စောင့်ရှောက်ရန် ဥပဒေများ ချမှတ်ပေးခဲ့ပြီး ကလေးဘဝ ရှေ့ဆောင် ရက် ၁၀၀၀ စီမံချက် (MCCT)၊ ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး (ECCD) စီမံချက်၊ မသန်စွမ်းမှုကို ကာကွယ်နိုင်သည့် (ECI) စီမံချက်တို့ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အရည်အချင်းပြည့်ဝသည့် အနာဂတ်မျိုးဆက်သစ်များ ထွက်ပေါ်လာရန်ရည်ရွယ်ပါကြောင်း၊ သို့မှသာ ဉာဏ်ရည်ထက်မြက်သော၊ ကျန်းမာသော မျိုးဆက်သစ်လူငယ်များ ထွက်ပေါ်လာမည်ဖြစ်ပါကြောင်း၊ လူငယ်ကာလအတွက် ကလေးဘဝအစ ရက် ၁၀၀၀ က စတင်နေချိန်မှာပင် မျက်မှောက်ခေတ်လူငယ်များအတွက် အခွင့်အရေးများကို အပြည့်အဝရရှိရန် ဖော်ဆောင်ပေးမည့် လူငယ်ရေးရာမူဝါဒ ပေါ်ပေါက်အောင် လမ်းဖွင့်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယနေ့တွင် လူငယ်များ ကိုယ်တိုင်ပါဝင်ရေးဆွဲပြီး ကိုယ်တိုင်ပါဝင်ဆောင်ရွက်ရမည့် လူငယ်ရေးရာမူဝါဒဆိုင်ရာအမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၂၀ _ ၂၀၂၄)ကို ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုပေးခဲ့ပြီး ဖြစ်သည်ကို ဝမ်းမြောက်စွာ အသိပေးလိုပါကြောင်း၊ မဟာဗျူဟာပါ လုပ်ငန်းစဉ်များသည် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ခြင်း၊ လူငယ်တစ်ဦးချင်းက အခွင့်အရေးများကို တရားမျှတခြင်း၊ လွတ်လပ်လုံခြုံခြင်း၊ သာတူညီမျှခြင်းတို့ဖြင့် ခံစားရရှိနိုင်ရေး၊ အနာဂတ်နိုင်ငံကို လက်ဆင့်ကမ်းအမွေရယူပြီး ငြိမ်းချမ်းသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရန် ဖြစ်ပါကြောင်း။

## တစ်လကြာ လုပ်အားပေး

မိမိတို့နိုင်ငံသည် မလွဲမသွေ ပြည်ထောင်စုနိုင်ငံဖြစ်ရမည်ဖြစ်ကြောင်း၊ လူမျိုးပေါင်းစုံ နေထိုင်သည့် ပြည်ထောင်စုနိုင်ငံတွင် လူမျိုးတိုင်း၏ မျိုးချစ်စိတ်များကို ညီညွတ်စွာဖြင့် တစုတစည်းဖြစ်သော ပြည်ထောင်စုစိတ်အဖြစ် ဖော်ဆောင်ရမည်ဖြစ်ပါကြောင်း၊ အစိုးရ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ –၂၁ ရာစုပင်လုံ စတုတ္ထအကြိမ်အစည်းအဝေးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ၏ နောက်ခံသမိုင်း၊ ရိုးရာယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကားနှင့် အမျိုးသားလက္ခဏာများ မတူကွဲပြားမှုကို လက်ခံအသိအမှတ်ပြုပြီး လူမျိုးပေါင်းစုံ၊ ဘာသာစကားပေါင်းစုံတို့ဖြင့် "စည်းလုံးညီညွတ်သည့် တစ်ခုတည်းသော ပြည်ထောင်စု" ကို နိုင်ငံသားအားလုံး စုပေါင်းပုံဖော်ရန် သဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့ပါကြောင်း၊ လူငယ်များသည် ၎င်းတာဝန်များကို ဆက်လက် လက်ဆင့်ကမ်းအမွေယူ၍ မိမိတို့တာဝန်ယူရမည့် ကဏ္ဍအသီးသီးတွင် တာဝန်ကျေနိုင်ကြရန် စွမ်းဆောင်ရည်များကို မြှင့်တင်ထားနိုင်ဖို့လိုပါကြောင်း၊ လူငယ်များအနေဖြင့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အားလုံးတညီတညွတ်တည်း မြန်မာနိုင်ငံ လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (၂၀၂၀ – ၂၀၂၄) ကို ဦးစားပေးကဏ္ဍများဖော်ထုတ်ပြီး ဒေသအလိုက် နည်းဗျူဟာလုပ်ငန်းစဉ်များ ဖော်ဆောင်ကာ သစ်လွင်ဆန်းသစ်သော စိတ်ကူးစိတ်သန်း၊ တွေးခေါ်ဖန်တီးမှုများ၊ အပြုသဘောဆောင်သော သုံးသပ်အကြံပြုခြင်း၊ အချင်းချင်းအတွေ့အကြုံ အသိအမြင်များ ဖလှယ်ခြင်းများဖြင့် အားလုံးလက်တွဲပူးပေါင်း အကောင်အထည်ဖော်ကြရန် တိုက်တွန်းပါကြောင်း၊ လတ်တလောအနေဖြင့် ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသည့် ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်၊ ထိန်းချုပ်၊ ကုသ၊ တုံ့ပြန်ရေး အစိုးရ၏ လုပ်ငန်းစဉ်များတွင် လူငယ်များက မည်သည့်ဒေသတွင် နေထိုင်စေကာမူ တစ်ခုတည်းသော ပြည်ထောင်စုစိတ်ဖြင့် ပါဝင်ကူညီကြရန် လိုအပ်ပါကြောင်း၊ ရခိုင်ပြည်နယ်တွင် စေတနာ့ ဝန်ထမ်းလူငယ်များ အလှည့်ကျ တစ်လခန့်ကြာ လုပ်အားပေး တာဝန်ထမ်းဆောင်ရန် စီစဉ်လျက်ရှိကြောင်း၊ ကိုဗစ်–၁၉ ကာလအတွင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မိမိတို့ဒေသအလိုက် ပါဝင်ခဲ့ကြသော စေတနာ့ဝန်ထမ်းလူငယ်များအနေဖြင့် မိမိတို့၏ဆန္ဒအလျောက် ပါဝင်ဆောင်ရွက်နိုင်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ လူငယ်ရေးရာကော်မတီ တွဲဖက်အထွေထွေအတွင်းရေးမှူးက လူငယ်ရေးရာမူဝါဒအရ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ဦးစားပေးကဏ္ဍများ၊ ဒေသအလိုက်ရေးဆွဲထားသော လုပ်ငန်းစီမံချက်များကို ရှင်းလင်းဆွေးနွေးသည်။

## ဖြည့်စွက်ဆွေးနွေး

ဆက်လက်၍ တက်ရောက်လာကြသော လူငယ်ရေးရာကော်မတီဝင်များက မဟာဗျူဟာနှင့်ပတ်သက်၍ ဆက်လက်အကောင်အထည်ဖော်နိုင်ရန် ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်၊ ခရိုင်၊ မြို့နယ်အဆင့်အလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ထပ်မံဆွေးနွေးနိုင်ရေး၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်လူငယ်ကော်မတီများ ဆက်လက်ဖွဲ့စည်းနိုင်ရေး၊ အတည်ပြုပြီးသော မဟာဗျူဟာကို ဖြန့်ဝေပေးနိုင်ရေး၊ အကောင်အထည်ဖော်ရန် လုပ်ငန်းစဉ်များအလိုက် ဘဏ္ဍာရန်ပုံငွေရရှိရေး၊ လူငယ်စင်တာ မြေနေရာရရှိရန် ဆက်လက်ညှိနှိုင်းဆောင်ရွက်ရေး၊ ရခိုင်ပြည်နယ်အတွက် အစိုးရက ဆောင်ရွက်မည့် ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသ၊ တုံ့ပြန်ရေးဆောင်ရွက်မည့် လုပ်ငန်းစဉ်များတွင် မိမိတို့ဆန္ဒအရ ပါဝင်ကူညီပေးနိုင်မည့် လူငယ်စေတနာ့ဝန်ထမ်းများအား စုစည်းပါဝင်နိုင်ရေး တို့ကို ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဖြည့်စွက်ဆွေးနွေး ညှိနှိုင်းပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# (၁၂)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ စီးပွားရေးဝန်ကြီးများ အစည်းအဝေးကျင်းပ



**နေပြည်တော် ဩဂုတ် ၂၄**

(၁၂) ကြိမ်မြောက် စီအယ်လ်အမ်ဗွီ စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ယနေ့ နံနက် ၈ နာရီခွဲက ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

**တက်ရောက်**

(၁၂) ကြိမ်မြောက် စီအယ်လ်အမ်ဗွီ စီးပွားရေးဝန်ကြီးများ အစည်းအဝေးသို့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်နိုင်ငံတို့မှ စီးပွားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အဆင့်မြင့်စီးပွားရေးအရာရှိများက တင်ပြလာသည့် အစီရင်ခံစာနှင့် စီအယ်လ်အမ်ဗွီ လုပ်ငန်းစီမံချက် ၂၀၁၉-၂၀၂၀ ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေတို့ကို ဆွေးနွေးခဲ့ကြပြီး စီအယ်လ်အမ်ဗွီ လုပ်ငန်းစီမံချက် ၂၀၂၁ - ၂၀၂၂ ကို အတည်ပြုခဲ့ကြသည်။ ထို့ပြင် ကိုဗစ်-၁၉ ကပ်ရောဂါ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရေးအတွက် တုံ့ပြန်ဆောင်ရွက်ချက်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက စီအယ်လ်အမ်ဗွီ လုပ်ငန်းစီမံချက် ၂၀၂၁-၂၀၂၂ တွင် ပါဝင်သော အစီအစဉ်များသည် မိမိတို့နိုင်ငံများ၏ လိုအပ်ချက်များ၊ ဦးစားပေး အစီအစဉ်များနှင့် ကိုက်ညီပါကြောင်းနှင့် ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများ အထူးသဖြင့် မိမိတို့စီအယ်လ်အမ်ဗွီ နိုင်ငံများတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ အရင်းအနှီးလိုအပ်ချက်အတွက် Two-Step Loan ချေးငွေအစီအစဉ်ကို ဆောင်ရွက်လျက်ရှိသည့် နိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များ၏ စွမ်းဆောင်ရည်မြှင့်တင်ရန် အရေးကြီးပါကြောင်း ပြောကြားသည်။

စီအယ်လ်အမ်ဗွီလုပ်ငန်း စီမံချက် ၂၀၂၁-၂၀၂၂ တွင် "Pandemic Recovery Plan" ထည့်သွင်းခြင်းကို ကြိုဆိုပါကြောင်းနှင့် အဆိုပါလုပ်ငန်းစီမံချက်သည် ယခုဆောင်ရွက်လျက်ရှိသော ဒေသတွင်းပေါင်းစည်းမှုဆိုင်ရာ ဆောင်ရွက်မှုများကို အကျိုးရှိစေမည် ဖြစ်ပါကြောင်း ပြောကြားသည်။ ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် နိုင်ငံ၏စီးပွားရေးအပေါ် သက်ရောက်မှုများ သက်သာစေရေးအတွက် မြန်မာနိုင်ငံအနေဖြင့် ဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များကိုလည်း ဆွေးနွေးပြောကြားသည်။ ထို့နောက် အစည်းအဝေးမှ (၁၂) ကြိမ်မြောက် စီအယ်လ်အမ်ဗွီ စီးပွားရေးဝန်ကြီးများ အစည်းအဝေး၏ ပူးတွဲသတင်းထုတ်ပြန်ချက်ကို အတည်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန အမှုထမ်းများလုပ်ငန်းခွင်အကြိုသင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ





**နေပြည်တော် ဩဂုတ် ၂၄**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန၏ အမှုထမ်းများ လုပ်ငန်းခွင်အကြိုသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် အဆိုပါဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲအခမ်းအနား၌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ဝန်ကြီးဌာန၏ အလုပ်သမားရေးရာဆိုင်ရာ ရည်မှန်းချက်များကို အကောင်အထည်ဖော်သည့်နေရာတွင် ဦးစီးဌာနများအလိုက် ပါဝင်ဆောင်ရွက်ရသည့် အခန်းကဏ္ဍများသည် လွန်စွာအရေးကြီးသည့်အတွက် ဦးစီးဌာနအသီးသီးက တာဝန်ယူဆောင်ရွက်ရသည့် လုပ်ငန်းစဉ်များကို ဝန်ထမ်းသစ်များ သေချာစွာနားလည်သိမြင်ပြီး တာဝန်ထမ်းဆောင်ကြရာ၌ စနစ်တကျ၊ ထိထိရောက်ရောက်၊ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်စွမ်းရှိကြစေရန် ရည်ရွယ်ချက်ဖြင့် ယနေ့သင်တန်းကို ဖွင့်လှစ်ရခြင်း ဖြစ်ပါကြောင်း။

**စိတ်ဝင်တစားလေ့လာ**

နိုင်ငံ့ဝန်ထမ်းကောင်းတစ်ဦးအဖြစ် အစပြုတာဝန်ထမ်းဆောင်ရာတွင် ဝန်ထမ်းတစ်ဦး လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ ကျင့်ဝတ်များကို တိတိကျကျလိုက်နာပြီး တစ်ပြိုင်နက်တည်းတွင် စွမ်းဆောင်ရည်ပြည့်ဝပြီး တာဝန်ကျေပွန်သည့် မိမိ၏ဦးစီးဌာနမှ အားကိုးအားထားပြုရသည့်သူများဖြစ်ရန် ကြိုးစားကြစေလိုကြောင်း၊ သတ်မှတ်ထားသည့် သင်တန်းကာလငါးရက်ဖြစ်သော်လည်း ဝန်ထမ်းငယ်ဘဝမှ ရာထူးအဆင့်ဆင့် တိုးတက်တာဝန်ထမ်းဆောင်နိုင်ရေး၊ အခြေခံအုတ်မြစ်ကောင်းများရရှိစေရေးအတွက် ရုံးလုပ်ငန်းဘာသာရပ်များနှင့် ဥပဒေ၊ နည်းဥပဒေများကို သင်ကြားပို့ချမည်ဖြစ်သည့်အတွက် စိတ်ဝင်တစားလေ့လာဆည်းပူးကြရန် မှာကြားလိုပါကြောင်း။

တာဝန်ကျရာ ဒေသများတွင်လည်း ရုံးချုပ်မှထုတ်ပြန်ညွှန်ကြားသည့် အမိန့်ညွှန်ကြားချက်များနှင့်အညီ လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်သကဲ့သို့ မိမိတို့၏အထက်အရာရှိများနှင့် လုပ်သက်ရင့်ဝန်ထမ်းများကို လေးလေးစားစားဆက်ဆံပြီး လုပ်ငန်းခွင်ဆိုင်ရာ လက်တွေ့ဆောင်ရွက်ကြရမည့်အတွေ့အကြုံများကို ဆည်းပူးလေ့လာသင်ယူသွားကြစေလိုကြောင်း။

လူငယ်များဖြစ်သည့်အတွက် အင်္ဂလိပ်စာနှင့် ကွန်ပျူတာကို ထိတွေ့သုံးစွဲနေကြသူများဖြစ်ကြသည့်အလျောက် ပိုမိုတိုးတက်လာစေရေး စဉ်ဆက်မပြတ် လေ့လာသင်ယူသွားကြစေလိုကြောင်း၊ အချိန်ကာလနှင့်အတူ မိမိတို့၏ စွမ်းဆောင်ရည်၊ လုပ်ကိုင်နိုင်စွမ်း၊ သင်ယူနိုင်စွမ်းများအပေါ်မူတည်ပြီး ရာထူးအဆင့်ဆင့်တိုးမြှင့်ရရှိလာကြမည်ဖြစ်ပါကြောင်း၊ ဦးစီးဌာန၌ လုပ်သက်တစ်နှစ်ပြည့်ပြီးပါက ဝန်ကြီးဌာနကခေါ်ယူသည့် ပြန်တမ်းဝင်အရာရှိအဆင့် စာမေးပွဲများကို ဝင်ရောက်ဖြေဆိုနိုင်မည်ဖြစ်ပြီး လုပ်သက် သုံးနှစ်ပြည့်ပြီးသည့်အခါ အခြားဝန်ကြီးဌာနများက ခေါ်ယူသည့် စာမေးပွဲများကို ဝင်ရောက်ဖြေဆိုနိုင်ခွင့်ရှိမည်ဖြစ်ရာ ဝန်ထမ်းသစ်များအနေဖြင့် အရည်အချင်းပြည့်သည့်ဝန်ထမ်းတစ်ယောက်အဖြစ် အမြဲအဆင်သင့် ဖြစ်နေရန် ကိုယ်စီပြင်ဆင်ထားရန် လိုအပ်ပါကြောင်း။

**အစဉ်အားထုတ်ဆောင်ရွက်**

ဝန်ထမ်းသစ်များအနေဖြင့် ဝန်ထမ်းအဖွဲ့အစည်းအပေါ်သစ္စာရှိပြီး တာဝန်ကို လိုလားတက်ကြွစွာ တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းကောင်းများအဖြစ် မိမိဌာန၏ ရည်မှန်းချက်များ အောင်မြင်ပြီးမြောက်အောင် တစ်ထောင့်တစ်နေရာမှ ပါဝင်ကူညီပေးကြစေလိုပါကြောင်း၊ တာဝန်ထမ်းဆောင်မည့် ဘဝတစ်သက်တာလုံး သင်ယူလေ့လာဆည်းပူးခြင်းနှင့် မိမိတာဝန်ထမ်းဆောင်နေသည့်အဖွဲ့အစည်း ထိုမှတစ်ဆင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာကဏ္ဍမှ စွမ်းဆောင်ရည်ပြည့်ဝစွာဖြင့် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် လေ့လာဆည်းပူးကြစေလိုကြောင်း၊ ယခုဖွင့်လှစ်ပို့ချမည့် သင်တန်းမှ အတွေ့အကြုံကောင်းများကို ရယူ၍ လုပ်ငန်းစွမ်းဆောင်ရည်များ တိုးတက်မြင့်မားအောင် အားစိုက်ဆောင်ရွက်ကြရန်နှင့် တိုင်းပြည်အတွက် အားကိုးအားထားပြုထိုက်သည့် ဝန်ထမ်းကောင်းများဖြစ်အောင် အစဉ်အမြဲ အားထုတ်ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

**သင်ကြားပို့ချသွားမည်**

အဆိုပါအမှုထမ်းများ လုပ်ငန်းခွင်အကြိုသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သင်တန်းသား ၂၄ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဩဂုတ် ၂၄ ရက်မှ ၂၈ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဂျပန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မိုတဲဂီ တိုရှီမိစု ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိ



**နေပြည်တော် ဩဂုတ် ၂၄**

ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မိုတဲဂီ တိုရှီမိစု ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် လေကြောင်းခရီးဖြင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံမှ နေပြည်တော်သို့ ရောက်ရှိသည်။

**ကြိုဆိုနှုတ်ဆက်**

ဂျပန်နိုင်ငံခြားရေး ဝန်ကြီး ဦးဆောင်သောအဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်၊ မြန်မာနိုင်ငံဆိုင်ရာဂျပန်နိုင်ငံ သံအမတ်ကြီး မစ္စတာ အိချိရော့ မာရုယာမနှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**

## ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်၌ တည်ရှိ

**နေပြည်တော် ဩဂုတ် ၂၄**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်သုံးရက်အတွင်း တစ်ပေခွဲခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ညောင်ဦးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

---------

## လေဖိအားနည်းရပ်ဝန်း အခြေအနေ

**နေပြည်တော် ဩဂုတ် ၂၄**

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

**မိုး/ဇလ**

# ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို မဲခေါင်ဒေသနိုင်ငံများအတွက် ဦးစားပေးမည်ဟု တရုတ်ဝန်ကြီးချုပ် လီခချန်း ပြော




**ပေကျင်း ဩဂုတ် ၂၄**

တရုတ်နိုင်ငံက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထုတ်လုပ်ပြီး အသုံးပြုပါက မဲခေါင်ဒေသနိုင်ငံများအတွက် ဦးစားပေးထောက်ပံ့မည်ဟု တရုတ်ဝန်ကြီးချုပ် လီခချန်းက ယနေ့ ပြောကြား လိုက်သည်။

ဗီဒီယိုကွန်ဖရင့်မှတစ်ဆင့် ကျင်းပသည့် တတိယအကြိမ် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုနိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးတက်ရောက်စဉ် ဝန်ကြီးချုပ်လီခချန်းက ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေမှုဘောင်အရ ပြည်သူများ၏ကျန်းမာရေး မြှင့်တင်ပေးရန် တရုတ်နိုင်ငံက အထူးရန်ပုံငွေများ ထူထောင်မည်ဖြစ်ပြီး မဲခေါင်ဒေသနိုင်ငံများသို့ကပ်ရောဂါတိုက်ဖျက်ရေးပစ္စည်းကိရိယာများနှင့် နည်းပညာပံ့ပိုးမှု ဆက်လက်ပြုလုပ်မည်ဟု ၎င်းကဆိုသည်။

**လက်တွဲဆောင်ရွက်လို**

ကမ္ဘာ့နိုင်ငံများ၏ ကပ်ရောဂါတိုက်ဖျက်မှုတွင် စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု၏ အရေးပါမှုနှင့်ပတ်သက်၍ တရုတ်နိုင်ငံက ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း၏ ဆောင်ရွက်မှုကို ပံ့ပိုးရန် မဲခေါင်ဒေသနိုင်ငံများနှင့် လက်တွဲဆောင်ရွက်လိုသော ဆန္ဒရှိပါကြောင်း လီခချန်းက ပြောသည်။

၂၀၁၄ ခုနှစ်တွင် တရုတ်နိုင်ငံက စတင်ခဲ့သည့် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု (LMC)အဖွဲ့သည် တရုတ်၊ ကမ္ဘောဒီးယား၊ မြန်မာ၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ဖြင့် ဖွဲ့စည်းထားသည်။

လန်ချန်းမြစ်မှာ တရုတ်နိုင်ငံအနောက်တောင်ပိုင်း ကွင်ဟိုင်း-တိဘက်ကုန်းပြင်မြင့်ဒေသတွင် အစပြုစီးဆင်းသည်။ ပင်လယ်တွင်းသို့ မရောက်ရှိမီ ငါးနိုင်ငံကို ဖြတ်သန်းစီးဆင်းသည့် အဆိုပါမြစ်ကို မဲခေါင်မြစ်ဟု ခေါ်ဆိုကြသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ကျော်ထိုက်စိုး**




# ဗြိတိန်မှ ပြင်သစ်သို့ရောက်ရှိလာသော ခရီးသည်များအား ကန့်သတ်စောင့်ကြည့်မှု ဆောင်ရွက်မည်ဟု ပြင်သစ်ပြောကြား

**ပါရီ ဩဂုတ် ၂၄**

ပြင်သစ်အနေဖြင့်ဗြိတိန်မှရောက်ရှိလာမည့်ခရီးသည်များကို ၁၄ ရက်ကြာ ကန့်သတ်စောင့်ကြည့်မှုကို ရက်အနည်းငယ်အတွင်း ဆောင်ရွက်ရန်စီစဉ်နေကြောင်း ဥရောပရေးရာဝန်ကြီး ကလဲမန့်ဘာနီက ပြောကြားသည်။ ယခု ဆောင်ရွက်ချက်သည် ဗြိတိန်၏ ပြင်သစ်မှရောက်ရှိလာသော ခရီးသည်များကို သီးခြားစောင့်ကြည့်ရေးဆောင်ရွက်ခြင်းအား အပြန်အလှန်အနေဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။

ဗြိတိန်မှ ပြင်သစ်နိုင်ငံသို့ ပြန်ရောက်လာသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာလုပ်ငန်းများ စစ်ဆေးဆောင်ရွက်မည့်အရေးကို လာမည့်ရက်အနည်းငယ်အတွင်း ကာကွယ်ရေးကောင်စီမှ ဆုံးဖြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘော်နီက ပြင်သစ်-၂ ရုပ်မြင်သံကြားဌာနသို့ ပြောကြားသည်။

ပြင်သစ်နိုင်ငံသည် ဗြိတိန်၏ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ကန့်သတ်စောင့်ကြည့်မည့်နိုင်ငံများစာရင်းတွင် ဩဂုတ် ၁၅ ရက်ကတည်းက စာရင်းသွင်းခံရသည်။ ဗြိတိန်နိုင်ငံခြားရေးရုံး၏ ပြောကြားချက်အရ လူ ၁၀၀၀၀၀ လျှင် ၂၀ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေသော မည်သည့်နိုင်ငံမဆို ဗြိတိန်က ကန့်သတ်စောင့်ကြည့်မည့်စာရင်းတွင် ထည့်သွင်းသွားမည်ဟု ပြောကြားသည်။ ပြင်သစ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားသူ ၂၄၂ ၈၉၉ ဦး ရှိသည်။ ဗြိတိန်တွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားသူ ၃၂၅၆၄၂ ဦး ရှိသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# ဖိလစ်ပိုင်တောင်ပိုင်းရှိ ဂျိုလိုကျွန်း၌ ပေါက်ကွဲမှု နှစ်ကြိမ်ဖြစ်ပွား၊ ၁၄ ဦးသေဆုံး

**မနီလာ ဩဂုတ် ၂၄**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းရှိ ကျွန်းတစ်ကျွန်းတွင် ယနေ့ ပေါက်ကွဲမှုနှစ်ကြိမ်ဖြစ်ပွားခဲ့ရာ ၁၄ ဦး သေဆုံးခဲ့ပြီး ယင်းပေါက်ကွဲမှုများသည် အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ကြောင်း ဒေသတွင်းအာဏာပိုင်များက သံသယရှိနေကြသည်။

ဖိလစ်ပိုင်စစ်ဘက်မှ ကုန်တင်ယာဉ်များရပ်နားထားသည့်နေရာအနီးတွင် ရပ်ထားသည့် ဆိုင်ကယ်တစ်စီးသည် ယနေ့မွန်းတည့်ချိန်မတိုင်မီ ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း ဖိလစ်ပိုင်စစ်ဘက်က ပြောကြားသည်။ စစ်ဘက်နှင့် ရဲတပ်ဖွဲ့ဝင်များက ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာသို့ ပြေးအလာတွင် ဒုတိယမြောက်ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။

ယင်းပေါက်ကွဲမှုနှစ်ခုကြောင့် ဖိလစ်ပိုင်တပ်မတော်သားခုနစ်ဦး၊ ရဲအရာရှိတစ်ဦးနှင့် အရပ်သားခြောက်ဦးတို့ သေဆုံးခဲ့ပြီး အခြားလူ ၇၀ ခန့် ဒဏ်ရာရခဲ့ကာ ဆေးရုံတွင် ကုသမှုခံယူနေရသည်။ ဒုတိယမြောက်ပေါက်ကွဲမှုကို ဖောက်ခွဲရေးပစ္စည်းများပါရှိသည့် ဝတ်စုံကို ဝတ်ဆင်ထားသည့် အမျိုးသမီးတစ်ဦးက လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းဒေသသည် မွတ်ဆလင်ဘာသာဝင်များ သိပ်သည်းစွာနေထိုင်သည့်ဒေသဖြစ်ပြီး ယင်းဒေသအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခုအဖြစ် ထူထောင်ရန် ဒေသတွင်းရှိ အဓိကကျသော အစ္စလာမ္မစ်စစ်သွေးကြွအုပ်စုဖြစ်သည့် မိုရိုအစ္စလာမ္မစ်လွတ်မြောက်ရေးအဖွဲ့နှင့် ဖိလစ်ပိုင်အစိုးရအကြားတွင် သဘောတူညီမှုရရှိထားသည်။

သို့သော် ယင်းသဘောတူညီမှုအား ဂျိုလိုကျွန်းတွင် အခိုင်အမာတည်ရှိနေသည့် အခြားအစ္စလာမ္မစ်စစ် သွေးကြွအုပ်စုဖြစ်သည့် အဘူဆေယက်ဖ်အုပ်စုက ဆန့်ကျင်နေသည်။ ယမန်နှစ် ဇန်နဝါရီလအတွင်းက အဆိုပါကျွန်းရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်းတစ်ကျောင်း ဗုံးခွဲတိုက်ခိုက်မှုခံခဲ့ရခြင်းကြောင့် လူ ၂၀ ကျော် သေဆုံးခဲ့ရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ဇော်ဝင်း**




# ကယ်လီဖိုးနီးယားပြည်နယ်၌ တောမီးလောင်ကျွမ်းမှုကြောင့် ဒေသခံ ၁၂၀၀၀၀ အား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးရ



**ဝါရှင်တန် ဩဂုတ် ၂၄**

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်တွင် အပူလှိုင်းကျရောက်မှုနှင့် ခြောက်သွေ့သော ရာသီဥတုဖြစ်ပေါ်စဉ် တောမီးလောင်ကျွမ်းမှုများ ပြင်းထန်စွာ ဆက်လက်ဖြစ်ပွားနေခြင်းကြောင့် ခြောက်ဦး သေဆုံးခဲ့ပြီး ဒေသတွင်းနေထိုင်သူ ၁၂၀၀၀၀ တို့အား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ဒေသတွင်းသတင်းများ၌ ဖော်ပြသည်။

ဇူလိုင်လအကုန်ပိုင်းတွင် တောမီးလောင်ကျွမ်းမှုများ စတင်ဖြစ်ပွားခဲ့ပြီး လတ်တလောအချိန်ထိ သစ်တောဧရိယာ စတုရန်းကီလိုမီတာ ၄၀၀၀ ခန့် တောမီးဝါးမျိုခဲ့ပြီး ယင်းပမာဏသည် ဂျပန်နိုင်ငံမြို့တော် တိုကျို၏ ဧရိယာနှစ်ဆခန့်ရှိကြောင်း ဒေသတွင်းသတင်းများ၌ ဖော်ပြသည်။

တောမီးလောင်ကျွမ်းမှုအများအပြားသည် မိုးကြိုးပစ်ခြင်းများကြောင့် ဖြစ်ပွားခဲ့ရသည်ဟု သတင်းများ၌ ဖော်ပြသည်။ တောမီးလောင်ကျွမ်းမှုကြောင့် နေအိမ်များမှ စွန့်ခွာထွက်ပြေးသူများအား ဩဂုတ် ၂၃ ရက်တွင် ၎င်းတို့၏ကိုယ်ပိုင်ပစ္စည်းများ သယ်ယူနိုင်ရန် နေအိမ်များသို့ တစ်နာရီခန့်ပြန်ရန် အာဏာပိုင်များက ခွင့်ပြုခဲ့သည်။ ဩဂုတ် ၂၄ ရက်မှစ၍ ခြောက်သွေ့သော မိုးသက်မုန်တိုင်းနှင့် မိုးကြိုးပစ်မှုများ ပိုမိုဖြစ်ပေါ်နိုင်ခြင်းကြောင့် ပြင်းထန်သောတောမီးလောင်ကျွမ်းမှုများ ပိုမိုပျံ့နှံ့နိုင်ကြောင်း မိုးလေဝသတာဝန်ရှိသူများက ခန့်မှန်းထားကြသည်။

ယင်းတောမီးများ လောင်ကျွမ်းမှုကို မီးသတ်သမား ၁၃၀၀၀ ကျော်နှင့် အခြားသူများက ထိန်းချုပ်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊**
**ဘာသာပြန်-ဇော်ဝင်း**

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ ၂၃၆၃၆၈၉၃ ဦး

သေဆုံးသူ ၈၁၃၄၀၉ ဦး

ပြန်လည်ကျန်းမာလာသူ ၁၆၁၃၂၇၁၀ ဦး

## တရုတ်နိုင်ငံအရှေ့ပိုင်း၌ မသန့်ရှင်းသောရေ သောက်သုံးပြီးနောက် လူပေါင်း ၅၀၀ ခန့် ဖျားနာမှုဖြစ်ပေါ်

**ပေကျင်း သြဂုတ် ၂၄**

တရုတ်နိုင်ငံအရှေ့ပိုင်းနေ ပြည်သူအများအပြားမှာ မသန့်ရှင်းသောရေ သောက်သုံးပြီးနောက် ဝမ်းကိုက်ရောဂါဖြစ်စေနိုင်သည့် ဗက်တီးရီးယား ကူးစက်ခံခဲ့ရကာ ထိုဖြစ်ရပ်ကြောင့် ရေသန့်စင်စက်ရုံတစ်ခု ပိတ်သိမ်းခဲ့ရကြောင်း နိုင်ငံပိုင်မီဒီယာများက ယနေ့ဖော်ပြခဲ့သည်။

ရှန်ဟိုင်းမြို့၏အနောက်ဘက် ကီလိုမီတာ ၅၅၀ ခန့်အကွာ ပေါင်ယီမြို့နေ ပြည်သူ ၅၀၀ နီးပါးမှာ ပြီးခဲ့သည့် သီတင်းပတ်ကတည်းက အဖျားတက်ခြင်းနှင့် ဝမ်းလျှောခြင်းတို့ ဖြစ်ပွားခဲ့သည်။ ပြည်သူ ၅၀၀ ခန့်မှာ ဝမ်းကိုက်ရောဂါ ဖြစ်စေနိုင်သည့် ပိုးမွှားတစ်မျိုးဖြစ်သည့် ဗက်တီးရီးယားပိုး ကူးစက်ခံခဲ့ရကြောင်း ဒေသန္တရအစိုးရအဖွဲ့က ယမန်နေ့တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတစ်စောင်အရ သိရသည်။ ပေါင်ယီမြို့၏ ရေပေးဝေရေးစနစ်ကို ပိတ်သိမ်းခဲ့ပြီး လူပေါင်း ၃၀၀ နီးပါး ဆေးရုံတင်ခဲ့ရကြောင်း စီရင်စု တာဝန်ရှိသူများက ပြောကြားခဲ့သည်။

နိုင်ငံပိုင် ပြည်သူ့နေ့စဉ်သတင်းစာ၏ လူမှုကွန်ရက်တွင်ဖော်ပြခဲ့သည့် ရုပ်သံပြကွက်များအရ ဒေသန္တရ ဆေးရုံတစ်ခုရှိ ခုတင်များပေါ်၌ လူနာများ ထိုင်နေပုံကို ပြသခဲ့သည်။ လူနာအများစုမှာ သက်ကြီးများ သို့မဟုတ် ကလေးငယ်များဟု အဆိုပါသတင်းစာက ဆိုသည်။ သောက်သုံးရေဘေးအန္တရာယ်ကင်းမှုနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများမှာ လူအများစုက သောက်ရေအတွက် ရေသန့် သို့မဟုတ် ကျိုချက်ရေကို အားထားနေရသည့် မြို့ကြီးများအပါအဝင် တရုတ်နိုင်ငံရှိ ဒေသအများစု၌ ပြဿနာတစ်ခု ဖြစ်နေဆဲဖြစ်သည်။

တရုတ် ရေအရင်းအမြစ်ဝန်ကြီးဌာနက ဇူလိုင်လမကုန်မီ နိုင်ငံတစ်ဝန်းရှိ ကျေးလက်ပြည်သူ ၂၅၆ သန်းအတွက် ရေပေးဝေရေးလုပ်ငန်းများ အဆင့်မြှင့်တင်ခဲ့သည်ဟု ဆင်ဟွာသတင်းဌာနက ပြီးခဲ့သည့်သီတင်းပတ်အတွင်း ဖော်ပြခဲ့သည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - ကျော်ထိုက်စိုး**

## ငါးရက်ကြာ အရှေ့အလယ်ပိုင်းဒေသခရီးစဉ် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယို စတင်

**ဂျေရုဆလင် သြဂုတ် ၂၄**



အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုသည် ၎င်း၏ ငါးရက်ကြာ အရှေ့အလယ်ပိုင်းဒေသ ခရီးစဉ်ကို စတင်ရန် အစ္စရေးနိုင်ငံသို့ ယနေ့ ဆိုက်ရောက်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ မိုက်ပွန်ပီယိုသည် အစ္စရေးနှင့် ယူအေအီးနိုင်ငံအကြား ဆက်ဆံရေး ပုံမှန်ဖြစ်စေရေးနှင့် အခြားအာရပ်နိုင်ငံအကြား ဆက်ဆံရေး ပုံမှန်ဖြစ်စေရန် ရည်ရွယ်လျက် ၎င်း၏ ငါးရက်ကြာ အရှေ့အလယ်ပိုင်းဒေသခရီးစဉ်ကို စတင်ခဲ့ခြင်းဖြစ်သည်။

### သွားရောက်လည်ပတ်မည်

အမေရိကန်အလံ၏ အရောင်ဖြင့် ချုပ်လုပ်ထားသည့် နှာခေါင်းစည်းကို ဝတ်ဆင်ထားသော မိုက်ပွန်ပီယိုသည် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုကို ပထမဦးစွာ တွေ့ဆုံခဲ့ကြောင်း သိရသည်။ ထို့အပြင် မိုက်ပွန်ပီယိုသည် လာမည့်နေ့များတွင် ဆူဒန်၊ ဘာရိန်းနှင့် ယူအေအီးနိုင်ငံတို့ကိုလည်း သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

အမေရိကန်၏ အနီးကပ် မဟာမိတ်နိုင်ငံဖြစ်သည့် အစ္စရေးနိုင်ငံသည် အစဉ်အလာအားဖြင့် အစ္စရေးနိုင်ငံအပေါ် ရန်လိုနေကြသည့် ဒေသဆိုင်ရာ အခြားနိုင်ငံအများအပြားနှင့် မကြာမီ ဆက်ဆံရေး ပုံမှန်ပြန်ဖြစ်စေနိုင်တော့မည်ဟု မျှော်လင့်လျက်ရှိသည်။

ပွန်ပီယိုနှင့် နေတန်ယာဟုသည် ဂျေရုစလင်မြို့၌ တွေ့ဆုံဆွေးနွေးစဉ် အီရန်၏ ဩဇာလွှမ်းမိုးမှုနှင့် ဆက်စပ်သည့် ဒေသဆိုင်ရာ လုံခြုံရေးကိစ္စများ၊ ဒေသတွင်း အစ္စရေးနိုင်ငံနှင့် ဆက်ဆံရေးတည်ထောင်ပြီး ယင်းဆက်ဆံရေးအား ခိုင်မာတောင့်တင်းစေရေးဆိုင်ရာ ကိစ္စရပ်များကို ထည့်သွင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ကြေညာချက်အရ သိရသည်။

ထို့အပြင် မိုက်ပွန်ပီယိုသည် အစ္စရေးနိုင်ငံခြားရေးဝန်ကြီး ဂါဘီ အာ့ရှ်ကယ်နာဇီနှင့် ကာကွယ်ရေးဝန်ကြီး ဘင်နီဂန့်ဇ်တို့ကိုလည်း တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။ မိုက်ပွန်ပီယိုသည် အခြားနိုင်ငံများနှင့် မိမိတို့ ပြုလုပ်လျက်ရှိသော ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ အကျယ်တဝင့် ဆွေးနွေးလိမ့်မည်ဖြစ်ကြောင်း နေတန်ယာဟုက ကနဦး ပြောကြားခဲ့ကြောင်း သိရသည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - ဂျေတီ**

## တောင်ကိုရီးယား၌ အမေရိကန်တပ်ဖွဲ့ဝင် ခြောက်ဦး ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရ



**ဆိုးလ် သြဂုတ် ၂၄**

မကြာသေးမီက တောင်ကိုရီးယားနိုင်ငံ၌ ပြည်တွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုများနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများမြင့်တက်လာစဉ် တောင်ကိုရီးယားနိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင် ခြောက်ဦး ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရကြောင်း တောင်ကိုရီးယားနိုင်ငံဆိုင်ရာ အမေရိကန်တပ်ဖွဲ့က ယနေ့ပြောကြားသည်။

အဆိုပါ အမေရိကန်တပ်ဖွဲ့ဝင် ခြောက်ဦးတို့သည် သြဂုတ် ၁၀ ရက်နှင့် သြဂုတ် ၂၁ ရက်အကြားက တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိလာခဲ့ပြီးနောက် ကိုဗစ်-၁၉ရောဂါ ကူးစက်ခံရခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန် တပ်ဖွဲ့ဝင်ခြောက်ဦးအနက် လေးဦးသည် သြဂုတ် ၁၀ ရက်နှင့် ၁၉ ရက်တို့တွင် အမေရိကန်ပြည်ထောင်စုမှ စင်းလုံးငှားလေယာဉ်ဖြင့် မြို့တော်ဆိုးလ်မြို့မှ တောင်ဘက်ကီလိုမီတာ ၇၀ ခန့်အကွာရှိ အမေရိကန်၏ အိုဆန်လေတပ်အခြေပြုစခန်းသို့ အသီးသီး ဆိုက်ရောက်ခဲ့ကြသည်။

ထို့အပြင် ကျန်တပ်ဖွဲ့ဝင် နှစ်ဦးသည် သြဂုတ် ၁၂ ရက်နှင့် ၂၁ ရက်တို့တွင် အမေရိကန်ပြည်ထောင်စုမှ ကုန်သွယ်ရေးလေယာဉ်တစ်စင်းဖြင့် မြို့တော်ဆိုးလ်မြို့မှ အနောက်ဘက်တွင်တည်ရှိသော အင်ချွန်းအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဆိုက်ရောက်ခဲ့ကြကြောင်း သိရသည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသော အမေရိကန်တပ်ဖွဲ့ဝင်အားလုံးကို ပြောင်တက်ခ်အရပ်တွင်တည်ရှိသော ကမ့်ဟမ်းဖရေးစ်နှင့် အိုဆန်လေတပ်အခြေပြု စခန်းများရှိ ကိုဗစ်-၁၉ ရောဂါလူနာများအတွက် သတ်မှတ်ထားသော သီးခြားစောင့်ကြည့်ရေးစင်တာများသို့ ပို့ဆောင်ထားကြောင်း သိရသည်။

လက်ရှိအချိန်အထိ တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသော အမေရိကန်တပ်ဖွဲ့ဝင်နှင့် ၎င်းတို့၏ မိသားစုဝင်ပေါင်း ၁၆၆ ဦး ရှိလာကြောင်း သိရသည်။ တောင်ကိုရီးယားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၆၆ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၇၆၆၅ ဦး ရှိလာကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**

## ပစ်ချခံရသော ယူကရိန်းလေယာဉ်အတွက် ဖြေရှင်းဆောင်ရွက်ပေးရန် အီရန်အား ကနေဒါ တောင်းဆို

**တီဟီရန် သြဂုတ် ၂၄**

ပစ်ချခံရသော ယူကရိန်းလေယာဉ်၏ ပျံသန်းမှုမှတ်တမ်းများအရ လေယာဉ်သည် ဒုံးကျည်ဖြင့် ပစ်ခတ်ခံခဲ့ရသည်ဟု အီရန်က သြဂုတ် ၂၃ ရက်တွင် ပြောကြားခဲ့သည်။ အီရန်လေကြောင်းအာဏာပိုင်အဖွဲ့ အကြီးအကဲ တိုရီဒီဟာဇန်အနေဖြင့် ပျံသန်းမှုမှတ်တမ်းအား ဇူလိုင်လအတွင်း ပြင်သစ်သို့ပေးပို့စစ်ဆေးပြီးနောက် ယခုအချိန်တွင် ကြေညာချက်ထုတ်ပြန်ခြင်းဖြစ်သည်။ တီဟီရန်က ဇန်နဝါရီလအတွင်း ယူကရိန်းလေယာဉ်အား မတော်တဆပစ်ချခဲ့ကြောင်း ပြောကြားခဲ့သည်။ လေယာဉ်ပေါ်ရှိ ခရီးသည် ၁၇၆ ဦး သေဆုံးခဲ့သည်။

ပထမဒုံးကျည်လေယာဉ်ကို ထိမှန်ပြီးသည့်အချိန်အထိ ခရီးသည်များ၏စကားပြောသံများကို ကြားရကြောင်း လေကြောင်းအာဏာပိုင်အဖွဲ့အကြီးအကဲ တိုရီဒီဟာဇန်က ပြောကြားသည်။ လေယာဉ်မှူးများနှင့် လေယာဉ်အမှုထမ်းများအနေဖြင့် နောက်ဆုံးအချိန်အထိ လေယာဉ်ကို ထိန်းသိမ်းရန်ဆောင်ရွက်ခဲ့သည်ဟု ၎င်းက ပြောကြားသည်။

အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့က ယူကရိန်းလေယာဉ်ကို ဇန်နဝါရီ ၈ ရက်တွင် ပစ်ချခဲ့သည်။ အီရန်အား ယူကရိန်းလေယာဉ်ပစ်ချခံရမှုအတွက် စစ်ဆေးဆောင်ရွက်ရန် ယူကရိန်း၊ ကနေဒါနှင့် အခြားနိုင်ငံများက ပြောကြားခဲ့သည်။

ကနေဒါနိုင်ငံအနေဖြင့် ယခုဖြစ်စဉ်တွင် အီရန်မှ မည်သည့်အတွက်ကြောင့် လေယာဉ်ကို ပစ်ချရသနည်းဟူသော မေးခွန်းကိုမေးမြန်းနေသည်။ ကနေဒါအစိုးရက သြဂုတ် ၂၃ ရက်တွင် လေယာဉ်မှူးခန်းမှ အသံများပါဝင်သော အီရန်၏ မှတ်တမ်းကို ရရှိခဲ့သည်ဟု ပြောကြားသည်။ လေယာဉ်ပစ်ချခံရမှုဖြစ်ရပ်တွင် သေဆုံးခဲ့သူများ၏



မိသားစုများက အီရန်၏ မှတ်တမ်းများသည် လှည့်ဖြားမှုသာဖြစ်သည်ဟုပြောကြားခဲ့သည်။

ယူကရိန်းနှင့် အီရန်တာဝန်ရှိသူများအနေဖြင့် လေယာဉ်ပျက်ကျမှုတွင် သေဆုံးခဲ့သော ခရီးသည်များအတွက် လျော်ကြေးငွေပေးရန် ဆွေးနွေးလျက်ရှိသည်။

**ကိုးကား - အေအက်ဖ်ပီ၊ ဘာသာပြန် - စိုးသူရ**

# တမူး၊ အင်းတော်၊ ကျိုင်းတုံနှင့် ကွမ်းလုံမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



ဂွန်းအောင်၊ သိန်းသားတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဩဂုတ် ၂၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ယမန်နေ့ နံနက် ၆ နာရီခွဲက တမူးမြို့နယ် ခါမ်းပါတ်မြို့ ကလေး-တမူး သွားကားလမ်း နန်းကတိတ်ကျေးရွာအနီးတွင် ဆန်းဒေးလင်း မောင်းနှင်ပြီး ကမ်လွန်ပေါင် လိုက်ပါလာသည့် မော်တော်ယာဉ်အား ရပ်တန့်ရှာဖွေရာ ငွေကျပ် ၁ ဒသမ ၁၆၈၂ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၃၂၀၀၊ ဘိန်းဖြူ ၃ ဒသမ ၃ ကီလို၊ လက်ကိုင်ဖုန်း နှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ ညနေ ၅ နာရီခွဲတွင် အင်းတော်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် အင်းတော်မြို့နယ် နဘားပူးပေါင်းစစ်ဆေးရေးဂိတ်တွင် သိန်းသားမောင်းနှင်ပြီး ဂွန်းအောင် လိုက်ပါလာသည့် မော်တော်ယာဉ်အား ရပ်တန့်ရှာဖွေရာ ငွေကျပ် ၂ ဒသမ ၃၉၄ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၄၇၈၈၀၀၊ ငွေကျပ် ၈၀၀၀၀၊ လက်ကိုင်ဖုန်း နှစ်လုံးတို့ကို လည်းကောင်း။

အလားတူ ယင်းနေ့ မွန်းတည့် ၁၂ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ကျိုင်းတုံမြို့နယ် ကျိုင်းတုံ- မိုင်းခတ်သွားကားလမ်း ဝမ်တာပုံ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် မိုင်းခတ်မြို့မှ ကျိုင်းတုံမြို့သို့ စိုင်းမြအောင် မောင်းနှင်ပြီး မနန်းနမ်(ခ) နန်းနစ်နှင့် အိုက်နွန်းတို့ လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ငွေကျပ် ၇၂၀၀ တန်ဖိုးရှိ အိုက်စ် ၄၀ ကီလို၊ လက်ကိုင်ဖုန်း သုံးလုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ မိုင်းယန်းမြို့နယ် ယန်းခိုင်ကျေးရွာရှိ အိုက်နွန်း၏ နေအိမ်ကို ဆက်လက်ရှာဖွေရာ ဆေးခြောက် သုည ဒသမ ၃၅ ကီလို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့မွန်းလွဲ ၁ နာရီက လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ကွမ်းလုံမြို့နယ် တာလိလင်ကျေးရွာနေ မအန်းရှမ်း၏နေအိမ်အား ရှာဖွေရာ နေအိမ်ခြံဝင်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၄၅၀၊ ဘိန်းဖြူ သုည ဒသမ ၀၆ ကီလိုနှင့် ၎င်းထံမှ တရုတ်နိုင်ငံသုံးငွေ ယွမ် ၅၅၀၀၊ မြန်မာငွေကျပ် ၁၈၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# အောင်ပန်းနှင့် တောင်ကြီးဒေသထွက် အာလူးနှင့် ကြက်သွန်ဖြူများ ဖြန့်ဖြူးရောင်းချ

**အောင်ပန်း ဩဂုတ် ၂၄**

ဒေသတွင်းစားသုံးမှုဖူလုံစေရန်နှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စွာလည်ပတ်နိုင်စေရန်အတွက် သမဝါယမကဏ္ဍမှ အထောက်အကူပြုဆောင်ရွက်မှုအနေဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း/တောင်ပိုင်း) အောင်ပန်းမြို့နယ်နှင့် တောင်ကြီးမြို့နယ်မှ ဒေသထွက်အာလူးနှင့် ကြက်သွန်ဖြူများကို ကရင်ပြည်နယ်သမဝါယမအသင်းစုချုပ်က ဝယ်ယူ၍ ယမန်နေ့က ကရင်ပြည်နယ်အတွင်း ဘားအံ၊ လှိုင်းဘွဲ၊ မြဝတီ၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီး၊ သံတောင်ကြီးနှင့် ဖာပွန်မြို့နယ်များရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ သမဝါယမအသင်းသား အသင်းသူများထံသို့ အာလူးတစ်ပိဿာလျှင် ငွေကျပ် ၉၀၀ နှုန်းဖြင့် စုစုပေါင်းအာလူးပိဿာချိန် ၁၉၀၀ နှင့် ကြက်သွန်ဖြူ တစ်ပိဿာလျှင် ငွေကျပ် ၁၆၅၀ နှုန်းဖြင့် စုစုပေါင်းကြက်သွန်ဖြူပိဿာချိန် ၁၉၀၀ ကို ဒေသပေါက်ဈေးထက် သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်ရန် ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## မြစ်ကြီးနားမြို့၌ ဒေသန္တရအမိန့်ဖောက်ဖျက်သူများအား အရေးယူ

**နေပြည်တော် ဩဂုတ် ၂၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ စီတာပူရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက် ၁ နာရီခွဲက နယ်မြေအတွင်း လှည့်ကင်းတာဝန်ဆောင်ရွက်နေစဉ် နော်မိုင်ပါ ၃၄ ဦးအား ညမထွက်ရဒေသန္တရအမိန့် ဖောက်ဖျက်သွားလာနေသည်ကို တွေ့ရှိရ၍ မြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်တရားစွဲတင်ပို့သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

# အင်းတော်လဟာကြီးအင်းအတွင်း ငါးမျိုးစိုက်ထည့်

**ရွှေကူ ဩဂုတ် ၂၄**

ငါးမျိုးစိတ်များ ရေရှည်တည်တံ့စေရန်နှင့် ငါးရိက္ခာများ ထုတ်လုပ်ဖြန့်ဖြူးနိုင်စေရန် ရည်ရွယ်၍ ကချင်ပြည်နယ် ရွှေကူမြို့နယ် ရေလဲကျေးရွာ ရွှေအင်းတော်မွေးမြူရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်း၏ အင်းတော်လဟာကြီးအင်းအတွင်းသို့ ဩဂုတ် ပထမပတ်၌ ရွှေကူမြို့နယ်သမဝါယမဦးစီးဌာနနှင့် ဌာနပေါင်းစုံပါဝင်သောအဖွဲ့က ငါးသားပေါက်တန်ဖိုး ငွေကျပ်သိန်း ၅၀ နှင့် ညီမျှသော ငါးသိုင်းခေါင်းပွ၊ ငါးကြင်းဖြူနှင့် ငါးမုတ်ငါးများကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# ရွှေထည်ပစ္စည်းများ ခိုးယူထွက်ပြေးသူအား ဖမ်းဆီးရမိ

**ထားဝယ် ဩဂုတ် ၂၄**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ သဘော်ဆိပ်ရပ်ကွက် ကမ်းနားဈေးတွင် ယမန်နေ့ နံနက် ၃ နာရီက ရွှေထည်ပစ္စည်းများ ခိုးယူထွက်ပြေးသူအား နာရီပိုင်းအတွင်း ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့ နံနက် ၃ နာရီက မကေသီဝင်းမှာ ယာဉ်နောက်ခန်းတွင် ပစ္စည်းများအား ထုပ်ပိုးနေစဉ် ယာဉ်မောင်းဘေးထိုင်ခုံနောက်တွင် ချိတ်ထားသော လက်ဆွဲအိတ်အတွင်း ထည့်ထားသော ရွှေထည်ပစ္စည်းများ၊ လက်ပတ်နာရီ တစ်လုံး၊ လက်ကိုင်ဖုန်းတစ်လုံး စုစုပေါင်း တန်ဖိုးငွေကျပ် ၁၇၈၅၀၀၀၀ တို့အား ခိုးယူထွက်ပြေးသွားသဖြင့် ရဲစခန်းသို့ လာရောက်တိုင်ကြားသဖြင့် ထားဝယ်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်ခဲ့သည်။

အမှုမှ ခိုးမှုကျူးလွန်သူအား ဒုရဲအုပ်ဝင်းမင်းဦးဦးဆောင်၍ နယ်ထိန်းတပ်ဖွဲ့ဝင်များနှင့်အတူ စုံစမ်းဆောင်ရွက်ခဲ့ရာ ထားဝယ်မြို့ ဇရပ်ရပ်ကွက် ဈေးတောင်ဘက်လမ်းရှိ ဦးမိုးကျော်၏ ရွှေဆိုင်သို့ အမည်မသိတစ်ဦးက ရွှေဆွဲသီးတစ်ခုအား ရောင်းချရန် ပြသနေသည်ကို နယ်ထိန်း ရဲတပ်ကြပ်အောင်ဇင်ဌေးက မသင်္ကာဖွယ်တွေ့ရှိသဖြင့် ခေါ်ယူစစ်ဆေးရာ စိုးမိုးဦးမှာ အဆိုပါ ရွှေဆွဲသီးအား ပိုင်ဆိုင်ကြောင်း တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိသဖြင့် ရဲစခန်းသို့ ခေါ်ယူစစ်ဆေးရာ ကမ်းနားဈေးအရှေ့ဘက်တွင် ရပ်ထားသော ယာဉ်ပေါ်မှ ခိုးယူခဲ့ကြောင်း၊ ကျန်ပစ္စည်းများအား နေအိမ်တွင် ဝှက်ထားကြောင်း သိရသဖြင့် သိမ်းဆည်းခဲ့ပြီး ခိုးမှုကျူးလွန်သူအား ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထားဝယ်(ပြန်/ဆက်)

■

# ရွှေပြည်သာမြို့နယ်၌ အမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံး

**ရန်ကုန် ဩဂုတ် ၂၄**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်၌ အမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံးမှု ယမန်နေ့ နံနက်ပိုင်းက ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ရွှေပြည်သာမြို့နယ် (၁)ရပ်ကွက် ပြည်ကျော်အေးလမ်း အမှတ်(၅၃/က)တွင် အမျိုးသားတစ်ဦး ဓာတ်လိုက်၍ သေဆုံးပြီး အင်းစိန်ဆေးရုံကြီးသို့ ရောက်ရှိနေကြောင်း သိရသဖြင့် ဒုရဲမှူး တင်မောင်လွင်နှင့်အဖွဲ့ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ကောင်းထက်ဇော် ရိုးကြီးကျေးရွာ ထန်းတပင်မြို့နယ်နေသူဖြစ်ပြီး နေအိမ်ဝင်းအတွင်းရှိ ကွန်ကရစ်ကြမ်းပြင်အဟောင်းများကို ကျောက်ထွင်း GUN ဖြင့် ဖောက်ရန် ပလပ်ခုံအား ပလပ်ထိုးပြီး GUN ကို ကိုင်စဉ် GUN ရှိ ဝိုင်ယာကြိုးမှာ ပေါက်ပြဲနေသဖြင့် လျှပ်စစ်ဓာတ်လိုက်ခဲ့၍ အင်းစိန်ဆေးရုံကြီးသို့ ပို့ဆောင်စဉ် ဆေးရုံအရောက်တွင် သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရွှေပြည်သာမြို့မရဲစခန်းက သေမှုသေခင်းဖွင့်ပြီး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇွဲထက်ကို(ပြန်/ဆက်)



ရန်ကုန်အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီးလှသိန်း၏ အနီးကပ်ကြီးကြပ်မှုဖြင့် ခရိုင်မှုခင်းနှိမ်နင်းရေးဌာနမှ ရဲအုပ်မျိုးမင်းထွန်းဦးစီးသော ရဲတပ်ဖွဲ့ဝင်များက ဩဂုတ်လ ပထမပတ်တွင် ဒဂုံမြို့သစ် လေးမြို့နယ်အတွင်း ဆိုင်ကယ်စီးကာ ဆွဲကြိုးဖြတ်သည့်အမှု ကိုးမှု ကျူးလွန်သူ ဆန်းကိုကို (ခ)ဗျူပါဒ(ခ)ထိန်လင်းအား ဖမ်းဆီးရမိစဉ်။

ရဲပြန်ကြား

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ်၂၃ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၂၉ စီး၊ သွင်းကုန် ၃၈၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၀၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၅၆၅ သန်းတန်ဖိုးရှိ) တရားမဝင်အကောက်ခွန်မဲ့ ကုန်ပစ္စည်းဖြစ်သည့် Lipo (1x50) (15 Pkgs)၊ Lipo (1x50) (10 Pkgs)၊ ငံပြာရည် (1x12) (40 Pkgs) များကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ဆန္ဒမဲပေးပိုင်ခွင့် ရှိသူတွေက ဘယ်သူတွေလဲ

- အမျိုးသား အမျိုးသမီးမရွေး၊ ဘာသာမရွေး
- ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင်-
  - ✔ အသက် ၁၈ နှစ် ပြည့်ပြီးသူများ
- သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သည့်
  - ✔ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများနှင့်
  - ✔ သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သည့်သူများ ဖြစ်သည်။

ရွေးကောက်ပွဲကျင်းပရန်

# ၇၅

ရက်သာ

လိုတော့သည်။

## ဆန္ဒမဲပေးပိုင်ခွင့် မရှိသူတွေက ဘယ်သူတွေလဲ

- သာသနာ့ဝန်ထမ်း
- ထောင်ဒဏ်ကျခံနေရသူ
- စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ
- လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ
- ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေအရ တားမြစ်ခြင်းခံရသူ
- နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူတို့ ဖြစ်သည်။

## အထွေထွေရွေးကောက်ပွဲကို

## ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

**ရွေးကောက်ပွဲများသည် -**

- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ ( ဃ ) အရ ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်းမပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံ ရနိုင်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ( ဆ ) အရ ရွေးကောက်ပွဲတစ်ခုခုတွင် မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ်ထက်ပို၍ ဆန္ဒမဲပေးခြင်း မပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။



## ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၂၄ ဦး ထပ်မံတွေ့ရှိ၊ ရောဂါပိုးရှိသူ စုစုပေါင်း ၄၇၄ ဦးရှိသွားပြီ

**နေပြည်တော် ဩဂုတ် ၂၄**
ယနေ့တွင် ကိုဗစ် - ၁၉ ရောဂါပိုးရှိသူ ၂၄ ဦးထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၄၇၄ ဦးရှိသွားပြီဖြစ်ပြီး ပိုးတွေ့ရှိသူ ၂၄ ဦးမှာ စင်ကာပူနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူတစ်ဦးနှင့် ပြည်ပသို့ ခရီးသွားရာဇဝင်မရှိသူ ၂၃ ဦးဖြစ်ကြောင်း သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၄၇၄ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ ၃၄၁ ဦး၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၃၃၅ ဦးနှင့် ဩဂုတ် ၂၃ ရက် မွန်းတည့် ၁၂ နာရီမှ ဩဂုတ် ၂၄ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၃၁ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

**သတင်းစဉ်**

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၂၄-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

၁။ (၂၃-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင်-
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၈၇)ခုတွင်-
  - COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၁၃)ဦးတွေ့ရှိရပါသည်။

၂။ သို့ဖြစ်ရာ (၂၃-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL)မှ (ပထမ+ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ(၆၅၆)ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR)မှ ဓာတ်ခွဲနမူနာ (၂၂၇)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး)မှ ဓာတ်ခွဲနမူနာ (၁၆၈)ခုနှင့်
- ပြည်သူ့ဆေးရုံကြီး (စစ်တွေ)မှ ဓာတ်ခွဲနမူနာ (၄၁)ခု၊
- စုစုပေါင်း (၁,၀၉၂)ခုအား စစ်ဆေးရာတွင်-
  - COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၁၉)ဦး တွေ့ရှိရပါသည်။ (ဓာတ်ခွဲအတည်ပြုလူနာသစ်(၆)ဦး

တွေ့ရှိကြောင်းအား (၂၃-၈-၂၀၂၀) ရက်နေ့၊ ည(၈:၀၀) နာရီ သတင်းတွင် ဖော်ပြပြီးဖြစ်ပါသည်။)

၃။ (၂၄-၈-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၄၆၃)ဦး ရှိပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်**
**(၂၄-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၂၃-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL)မှ ထပ်မံ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၇) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၁၃) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၄-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၁၃) ဦး | (၄၆၃) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၃၄၁) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၂၄-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| လူနာ အမှတ်စဉ် | အသက် | ကျား/မ | နေထိုင်ခဲ့သည့် လိပ်စာ | COVID-19 ရောဂါ အတည်ပြုလူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/မရှိ | ယခု ဆေးကုသမှု ခံယူလျက်ရှိသည့် / ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 451 | ၃၂ နှစ် | ကျား | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | ရှိ (Case- 397) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 452 | ၄၇ နှစ် | ကျား | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | ရှိ (Case- 397) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 453 | ၄၆ နှစ် | ကျား | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | ရှိ (Case- 397) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 454 | ၇၁ နှစ် | မ | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | ရှိ (Case- 398) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 455 | ၆၇ နှစ် | မ | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | ရှိ (Case- 398) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 456 | ၆၁ နှစ် | ကျား | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | ရှိ (Case- 398) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 457 | ၅၆ နှစ် | မ | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | ရှိ (Case- 398) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 458 | ၄၂ နှစ် | မ | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | ရှိ (Case- 398) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 459 | ၂၁ နှစ် | ကျား | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | ရှိ (Case- 430) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 460 | ၉၂ နှစ် | ကျား | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | ရှိ (Case- 399) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 461 | ၅၂ နှစ် | ကျား | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | ရှိ (Case- 399) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 462 | ၂၆ နှစ် | ကျား | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | ရှိ (Case- 399) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့) |
| 463 | ၁၁ နှစ် | ကျား | စစ်တွေမြို့၊ ရခိုင်ပြည်နယ် | ရှိ (Case- 399) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (စစ်တွေမြို့) |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## စင်ကာပူနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် ဩဂုတ် ၂၄**
နိုင်ငံတကာခရီးသည်တင် လေယာဉ်များ ပျံသန်းမှုယာယီရပ်ဆိုင်းထားခြင်းကြောင့် စင်ကာပူနိုင်ငံ ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၅၃ ဦးအား စင်ကာပူနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် မြန်မာအမျိုးသားလေကြောင်း (MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။




**တာဝန်ယူဆောင်ရွက်**

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အချိန်ထိ စင်ကာပူနိုင်ငံမှ ကယ်ဆယ်ရေးလေယာဉ် ၁၅ ကြိမ် ပျံသန်းပြေးဆွဲခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြဝတီမြို့ အမှတ်(၂) တံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၄၈၀ ဆက်လက်ဝင်ရောက်

**မြဝတီ ဩဂုတ် ၂၄**
ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်း လုပ်သား ၄၈၀ သည် မြဝတီမြို့ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့တွင် ဆက်လက် ဝင်ရောက်လာကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား တာဝန်ရှိသူများက ကြိုဆိုကြပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ မေ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ဇူလိုင် ၃၁ ရက်အထိ ၁၈၅၉၇ ဦး၊ ဩဂုတ် ၁ ရက်မှ ၂၄ ရက် အထိ ၁၃၀၂၃ ဦး စုစုပေါင်း ၆၈၆၃၈ ဦးတို့ ပြန်လည်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး/ ပြည်နယ် များမှ အမျိုးသား ၂၇၉ ဦး၊ အမျိုးသမီး ၂၀၁ ဦး စုစုပေါင်း ၄၈၀ ဖြစ်ပြီး သက်ဆိုင်ရာ အသွားအလာကန့်သတ် စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# ပြည်ပမှပြန်လည်ဝင်ရောက်လာသည့် အလုပ်သမားများ အလုပ်အကိုင်ရရှိရေး



ကိုဗစ်-၁၉ ကိစ္စသည် မပြီးပြတ်သေးပါကြောင်း၊ ယင်းစိန်ခေါ်မှုသည် အဆုံးအထိမရောက်သေးပါကြောင်း၊ ဆက်လက်ရပ်တည် ရုန်းကန်ကြိုးစားရမည်ဖြစ်ပါကြောင်း၊ ပြည်ပမှပြန်လည်ဝင်ရောက်လာသည့် အလုပ်သမားများ အလုပ်အကိုင်ရရှိရေးကို နိုင်ငံတော်က ကြိုးစားဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များကလည်း ကြိုးစားပေးစေလိုပါကြောင်း၊ အားလုံးပူးပေါင်းဆောင်ရွက်မည်ဆိုပါက ရေရှည်တွင် အားလုံးအတွက် အကျိုးရှိမည်ဖြစ်ပါကြောင်း၊ မိမိတို့ နိုင်ငံသားများအနေဖြင့် ပြည်ပတွင် သွားရောက်၍ အလုပ် မရှာဖွေရအောင်နှင့် ပြည်တွင်းလုပ်ငန်းများလည်း ပိုမိုကျွမ်းကျင်သည့် အလုပ်သမားများ ရရှိပြီး ပိုမိုတိုးတက်လာနိုင်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နှစ်ဦးနှစ်ဖက်အတွက် အကျိုးရှိပါကြောင်း။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၇-၇-၂၀၂၀ ရက်နေ့တွင် COVID-19 နှင့် သားငါးမွေးမြူထုတ်လုပ်ရေးကဏ္ဍအပေါ် သက်ရောက်မှုများနှင့်စပ်လျဉ်း၍ ပါဝင်ဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၂၄-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၂၄-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL)မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၄၆၅)ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR)မှ ဓာတ်ခွဲနမူနာ (၂၉၁)ခု
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး)မှ ဓာတ်ခွဲနမူနာ (၉၀)ခု
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်)မှ ဓာတ်ခွဲနမူနာ (၁၇၆)ခုနှင့်
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၄၆)ခု

စုစုပေါင်း (၁၀၆၈)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၁) ဦး တွေ့ရှိရပါသည်။

၂။ (၂၄-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၄၇၄) ဦးရှိပြီ ဖြစ်ပါသည်။

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၂၄-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | |
|---|---|
| (၂၄-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)(NHL)မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၄၆၅) ခု |
| (၂၄-၈-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန(DMR)မှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၉၁) ခု |
| (၂၄-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၉၀) ခု |
| (၂၄-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၇၆) ခု |
| (၂၄-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၄၆) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၁၁) ဦး |

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၂၄-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၁၁) ဦး | (၄၇၄) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၃၄၁) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ စုစုပေါင်း (၃၄၁)ဦး ရှိပါသည်။ ၎င်းတို့အနက် (၃၃၅) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၂၃-၈-၂၀၂၀) ရက်နေ့၊ မွန်းတည့် (၁၂:၀၀) နာရီမှ (၂၄-၈-၂၀၂၀)ရက်နေ့၊ မွန်းတည့် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၃၁) ဦး ရှိပါသည်။

(၂၄-၈-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု
ည (၈:၀၀) နာရီ

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | COVID-19 ရောဂါအတည်ပြု လူနာများနှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| *464 | ၂၃ နှစ် | မ | ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |
| *465 | ၂၇ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |
| 466 | ၂၁ နှစ် | ကျား | ပေါင်မြို့နယ်၊ မွန်ပြည်နယ် | မရှိ | ရှိ (စင်ကာပူနိုင်ငံ) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကမာရွတ်မြို့နယ်) |
| *467 | ၇၅ နှစ် | ကျား | ဘူးသီးတောင်မြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ ဘူးသီးတောင်မြို့နယ် | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဘူးသီးတောင် မြို့နယ်) |
| *468 | ၁၆ နှစ် | မ | ဘူးသီးတောင်မြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ ဘူးသီးတောင်မြို့နယ် | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဘူးသီးတောင် မြို့နယ်) |
| *469 | ၁၅ နှစ် | မ | ဘူးသီးတောင်မြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ ဘူးသီးတောင်မြို့နယ် | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဘူးသီးတောင် မြို့နယ်) |
| 470 | ၂၄ နှစ် | ကျား | ဘူးသီးတောင်မြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-413) | မရှိ | ပြည်သူ့ဆေးရုံ ဘူးသီးတောင်မြို့နယ် | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ဘူးသီးတောင် မြို့နယ်) |
| 471 | ၂၈ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-413) | မရှိ | ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့) |
| 472 | ၁၂ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-432) | မရှိ | ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့) |
| 473 | ၅၇ နှစ် | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့) |
| 474 | ၂၇ နှစ် | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-447) | မရှိ | ပြည်သူ့ဆေးရုံကြီး စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (စစ်တွေမြို့နယ်) |

*စစ်တွေမြို့သို့ခရီးသွားရာဇဝင်ရှိ၍ အသွားအလာကန့်သတ်ထားရှိသူ

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ကိုဗစ်-၁၉ သတင်းနှင့် ထုတ်ပြန်ချက်



## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၄၆၀၃၇ | ၄၇၄ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၃၄၁ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၇၂၈၀

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၃၃၅ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၃၀၅ | ၅ |
| ၂ | ရခိုင် | ၉၆ | |
| ၃ | ချင်း | ၁၈ | |
| ၄ | ပဲခူး | ၉ | ၁ |
| ၅ | စစ်ကိုင်း | ၉ | |
| ၆ | မွန် | ၇ | |
| ၇ | ကရင် | ၅ | |
| ၈ | ရှမ်း(တောင်) | ၄ | |
| ၉ | မန္တလေး | ၄ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ရှမ်း(ရှေ့) | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၂ | |
| စုစုပေါင်း | | ၄၇၄ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၄-၈-၂၀၂၀ ရက်၊ ည (၈) နာရီ

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၈၇၅၉၃၉ | ၃၁၆၇၂၆၀ | ၁၈၀၆၁၈ |
| ၂။ | ဘရာဇီး | ၃၆၀၅၇၈၃ | ၂၇၀၉၆၃၈ | ၁၁၄၇၇၂ |
| ၃။ | အိန္ဒိယ | ၃၁၂၆၀၇၈ | ၂၃၅၅၈၂၃ | ၅၇၈၉၁ |
| ၄။ | ရုရှား | ၉၆၁၄၉၃ | ၇၇၃၀၉၅ | ၁၆၄၄၈ |
| ၅။ | တောင်အာဖရိက | ၆၀၉၇၇၃ | ၅၀၆၄၇၀ | ၁၃၀၅၉ |
| ၆။ | ပီရူး | ၅၉၄၃၂၆ | ၃၉၉၃၅၇ | ၂၇၆၆၃ |
| ၇။ | မက္ကဆီကို | ၅၆၀၁၆၄ | ၃၈၃၈၇၂ | ၆၀၄၈၀ |
| ၈။ | ကိုလံဘီယာ | ၅၄၁၁၄၇ | ၃၇၄၀၃၀ | ၁၇၃၁၆ |
| ၉။ | စပိန် | ၄၀၇၈၇၉ | စိစစ်ဆဲ | ၂၈၈၃၈ |
| ၁၀။ | ချီလီ | ၃၉၇၆၆၅ | ၃၇၁၁၇၉ | ၁၀၈၅၂ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဖိလစ်ပိုင် | ၁၉၄၂၅၂ | ၁၃၂၀၄၂ | ၃၀၁၀ |
| ၂။ | အင်ဒိုနီးရှား | ၁၅၅၄၁၂ | ၁၁၁၀၆၀ | ၆၇၅၉ |
| ၃။ | စင်ကာပူ | ၅၆၄၀၄ | ၅၄၁၆၄ | ၂၇ |
| ၄။ | မလေးရှား | ၉၂၇၄ | ၈၉၆၅ | ၁၂၅ |
| ၅။ | ထိုင်း | ၃၃၉၇ | ၃၂၂၂ | ၅၈ |
| ၆။ | ဗီယက်နမ် | ၁၀၂၂ | ၅၈၇ | ၂၇ |
| ၇။ | မြန်မာ | ၄၇၄ | ၃၄၁ | ၆ |
| ၈။ | ကမ္ဘောဒီးယား | ၂၇၃ | ၂၆၃ | ၀ |
| ၉။ | ဘရူနိုင်း | ၁၄၃ | ၁၃၉ | ၃ |
| ၁၀။ | လာအို | ၂၂ | ၂၀ | ၀ |

## နေရပ်ပြန် မြန်မာသင်္ဘောသားများအား ကော့သောင်းမြို့၌ အသွားအလာကန့်သတ်ထားရှိ

**ကော့သောင်း ဩဂုတ် ၂၄**

ကော့သောင်းမြို့အနီး အက်ဒမန်ပင်လယ်အတွင်း သင်္ဘောသား အလဲအလှယ်ပြုလုပ်ရန် စင်ကာပူနိုင်ငံမှ လာရောက်သည့် MT FORTUNE GLORY သင်္ဘောပေါ်မှ သင်္ဘောသား ၁၂ ဦး၊ နယ်သာလန်နိုင်ငံမှ လာရောက်သည့် MV UNISON MEDA သင်္ဘောပေါ်မှ သင်္ဘောသား ၁၃ ဦး၊ အိန္ဒိယနိုင်ငံမှလာရောက်သည့် MT MELATI 6 ပင်လယ်ကူးသင်္ဘောပေါ်မှ သင်္ဘောသား ၂၄ ဦးနှင့် ထိုင်းနိုင်ငံမှလာရောက်သည့် MV PACIFIC ACE သင်္ဘောပေါ်မှ သင်္ဘောသား ၁၂ ဦး စုစုပေါင်း သင်္ဘောသား ၆၁ ဦးသည် ယမန်နေ့ ညနေပိုင်းက မြို့မဆိပ်ကမ်းမှတစ်ဆင့် ကော့သောင်းမြို့သို့ဝင်ရောက်လာပြီး Hotel Quarantine ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

သင်္ဘောများပေါ်မှ ဆင်းလာသည့် အဆိုပါမြန်မာသင်္ဘောသား ၆၁ ဦးမှာ ကော့သောင်းမြို့၌ ကြိုတင်ရောက်ရှိနေသည့် MT FORTUNE GLORY သင်္ဘောပေါ်သို့ တက်ရောက်မည့် ကပ္ပတိန်ဦးအေးနိုင်ပါ သင်္ဘောသား ၁၂ ဦး၊ MV UNISON MEDA သင်္ဘောပေါ်သို့ တက်ရောက်မည့် ကပ္ပတိန် ဦးသန်းထွန်းပါ သင်္ဘောသား ၁၅ ဦး၊ MT MELATI 6 သင်္ဘောပေါ်သို့ တက်ရောက်မည့် ကပ္ပတိန် ဦးရဲဝင့်ကျော်ပါ သင်္ဘောသား ၂၃ ဦးနှင့် MV PACIFIC ACE သင်္ဘောပေါ်သို့ တက်ရောက်မည့် ကပ္ပတိန် ဦးအောင်မြတ်စိုးပါ သင်္ဘောသား ၁၂ ဦးတို့ဖြင့် တာဝန်လွှဲပြောင်းယူခဲ့သူများ ဖြစ်သည်။



သင်္ဘောများပေါ်မှ ဆင်းလာသည့် မြန်မာသင်္ဘောသား ၆၁ ဦးအား ဆိပ်ကမ်း၌ တာဝန်ရှိဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့နှင့် ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ကာ ကော့သောင်းမြို့၌ Hotel Quarantine ၂၁ ရက် ထားရှိပြီး ၎င်းတို့၏ အာခေါင်တို့ဖတ် နမူနာများအား ရန်ကုန်အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနသို့ ပို့ဆောင်ဓာတ်ခွဲစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## ချင်းရွှေဟော်မှ နေရပ်ပြန်ပြည်သူ ၂၃ ဦးအား သက်ဆိုင်ရာဒေသများသို့ ထပ်မံလွှဲပြောင်းပို့ဆောင်

**ချင်းရွှေဟော် ဩဂုတ် ၂၄**

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ မြန်မာ-တရုတ်နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင်နှင့် ကော်မတီအဖွဲ့ဝင်များက ၎င်းတို့၏ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များသို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ယမန်နေ့ ညနေ ၆ နာရီက ခုနစ်ဦးနှင့် ယနေ့ညနေ ၃ နာရီခွဲက ၁၆ ဦး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၂၃ ဦးတို့အား ထပ်မံလွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ထပ်မံလွှဲပြောင်းပို့ဆောင်ပေးခဲ့သည့် နေရပ်ပြန်ပြည်သူ ၂၃ ဦးမှာ အမျိုးသား ၁၁ ဦး၊ အမျိုးသမီး ၁၂ ဦးတို့ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးမှ တစ်ဦး၊ မန္တလေးတိုင်းဒေသကြီးမှ တစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ နှစ်ဦး၊ ပဲခူးတိုင်းဒေသကြီးမှ တစ်ဦး၊ မကွေးတိုင်းဒေသကြီးမှ တစ်ဦး၊ ကချင်ပြည်နယ်မှ တစ်ဦး၊ ချင်းပြည်နယ်မှ တစ်ဦး၊ ရှမ်းပြည်နယ်မှ ၁၃ ဦးနှင့် ရခိုင်ပြည်နယ်မှ နှစ်ဦးတို့ ဖြစ်သည်။

၎င်းနေရပ်ပြန်ပြည်သူများမှာ တရုတ်နိုင်ငံမှ လွှဲပြောင်းလာသည့် အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ခြောက်ဦး စုစုပေါင်း ၁၆ ဦးတို့သည် တရုတ်နိုင်ငံဘက်တွင် အကြောင်းအမျိုးမျိုးကြောင့် ပြစ်ဒဏ်ကျခံခဲ့ရသည့် ပြည်သူများဖြစ်၍ ၎င်းတို့အား ချင်းရွှေဟော်မြို့ မြို့တော်ခန်းမ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းတွင် ခေတ္တထားရှိပြီး ချင်းရွှေဟော်မြို့ ကုသရေးဦးစီးဌာနမှ ၎င်းတို့၏ အာခေါင်တို့ဖတ်၊ နှာခေါင်းတို့ဖတ်တို့အား ရယူကာ ကိုဗစ်-၁၉ ရောဂါ ပိုးကူးစက်မှု ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးနိုင်ရန် မန္တလေးမြို့ ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနသို့ ပေးပို့စစ်ဆေးခဲ့ရာ ဓာတ်ခွဲအဖြေကောင်းမွန်ကြောင်း သိရ၍ ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီက သက်ဆိုင်ရာဒေသများသို့ လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီမှ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များသို့ နေရပ်ပြန်ပြည်သူများအား စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၈၁၅၃ ဦးနှင့် အမျိုးသမီး ၆၅၃၂ ဦး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၁၄၆၈၅ ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**

## ထီးချိုင့်မြို့၌ ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှု ဒုတိယလှိုင်းမဖြစ်ပေါ်စေရေးအတွက် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**ထီးချိုင့် ဩဂုတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် စည်ပင်သာယာဈေးနှင့် ဈေးပတ်ဝန်းကျင်ရှိ လမ်းဆုံများတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှု ဒုတိယလှိုင်း မပေါ်ပေါက်စေရေးအတွက် နှာခေါင်းစည်းဖြန့်ဝေခြင်း အသိပညာပေးလုပ်ငန်းများကို ယနေ့ နံနက် ၈ နာရီက မြို့မစည်ပင်သာယာဈေးရှေ့တွင် ဆောင်ရွက်ခဲ့သည်။

ပြည်သူများ အိမ်အပြင်သို့ထွက်တိုင်း နှာခေါင်းစည်းကို စနစ်တကျ တပ်ဆင်ကြစေရန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ကြစေရန် ယခုလို နှိုးဆော်ပေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများ လုပ်ဆောင်ပေးခြင်းဖြစ်ကြောင်း မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်က ပြောသည်။

အဆိုပါဖြန့်ဝေမှုတွင် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ နှာခေါင်းစည်းများအား ဈေးရောင်း/ဈေးဝယ်လာရောက်သူများနှင့် လမ်းသွားလမ်းလာများအား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ရဲလင်းထွန်း(ထီးချိုင့်)**

# အခြေခံပညာအထက်တန်းအဆင့်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရန် ဆန်းစစ်အကဲဖြတ်မှု အခြေအနေ

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးနှင့် ကျန်းမာရေးနှင့် ညီညွတ်ပြီး လုံခြုံဘေးကင်းသည့် အခြေခံပညာ အထက်တန်းအဆင့်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရန်အတွက် အထွေထွေအုပ်ချုပ်ရေးမှူးများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဒေသအာဏာပိုင်များ၊ အခြေခံပညာဦးစီးဌာန၊ မိဘ၊ ဆရာအသင်းများနှင့် တာဝန်ရှိသူများ ပူးပေါင်းပါဝင်သော အဖွဲ့များ ဖွဲ့စည်း၍ ၁၇-၇-၂၀၂၀ ရက်နေ့မှစ၍ ၂၁-၈-၂၀၂၀ ရက်နေ့အထိ အခြေခံပညာ အထက်တန်း အဆင့်ကျောင်း စုစုပေါင်း (၇၁၇၃) ကျောင်းများအနက် (၇၁၂၉) ကျောင်းတို့အားဆန်းစစ်အကဲဖြတ်မှု ဆောင်ရွက်ရာတွင် အဆင်သင့်ဖြစ်သော (A အဆင့်)ကျောင်း (၆၅၇၃)ကျောင်း၊ ပြန်လည်စိစစ်အတည်ပြုရန် လိုအပ်သည့် ကျောင်း(၅၃၀)ကျောင်းနှင့် အဆင်သင့်ဖြစ်ရန် လိုအပ်သည့်ကျောင်း (၂၆) ကျောင်းဖြစ်ကြောင်း စိစစ်တွေ့ရှိခဲ့ပါသည်။ သို့ဖြစ်ပါသဖြင့် ဆန်းစစ်အကဲဖြတ်မှုများကို ပြန်လည်စိစစ်တွေ့ရှိချက်များအရ အချက်အလက်ပြည့်စုံမှုရှိသည့် အခြေခံပညာအထက်တန်းအဆင့်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် ၂၁-၇-၂၀၂၀ ရက် နေ့မှစ၍ ၂၁-၈-၂၀၂၀ ရက်နေ့အထိ အဆင်သင့်ဖြစ်သော (A အဆင့်) ရရှိသည့် ကျောင်းပေါင်း (၆၅၂၆)ကျောင်း ပြန်လည်ဖွင့်လှစ်နိုင်ရန် ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။ ဆက်လက်၍ ဖြည့်ဆည်းရန် လိုအပ်ချက်ရှိသောကျောင်းအားလုံးတို့ကို အမြန်ဆုံးပြန်လည်ဖြည့်ဆည်းပြီး ဆန်းစစ်အကဲဖြတ်မှုများ ထပ်မံဆောင်ရွက်၍ အချက်အလက်ပြည့်စုံမှုရှိပါက ဆက်လက်ဖွင့်လှစ်ရန် ခွင့်ပြုနိုင်ရေးစီစဉ်သွားမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်တွင် COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရေးအတွက် ရခိုင်ပြည်နယ်အတွင်း ဖွင့်လှစ်ခွင့်ပြုထားသည့် အခြေခံပညာအထက်တန်းကျောင်းများအားလုံး ခေတ္တပိတ်ထား၍ ၎င်းပြည်နယ်အတွင်း ဖွင့်လှစ်ရန် ပြင်ဆင်လျက်ရှိသော ကျောင်းများ အားလုံးယာယီရပ်ဆိုင်းထားပြီး ရခိုင်ပြည်နယ်ဒေသတွင်း COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုအခြေအနေအရ ကျောင်းများ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ပညာရေးဝန်ကြီးဌာန**

# အပြည်ပြည်ဆိုင်ရာအွန်လိုင်းကုန်စည်ပြပွဲ Myanmar International Expo of Organic and Natural Products ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၄**

မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အွန်လိုင်းကုန်စည်ပြပွဲ Myanmar International Expo of Organic and Natural Products ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီကရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု ဗဟိုဌာနတွင် ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံအပါအဝင် တရုတ်၊ ဗီယက်နမ်၊ လာအို၊ ကိုရီးယား၊ ဂျပန်၊ ဗြိတိန်၊ အီတလီ၊ ရုရှား၊ အာရပ်စော်ဘွားများနိုင်ငံ၊ ဥရောပသမဂ္ဂ၊ အမေရိကန်ပြည်ထောင်စုနှင့် အိန္ဒိယနိုင်ငံတို့မှ စိတ်ပါဝင်စားသူများက အွန်လိုင်းမှ ပါဝင်တက်ရောက်ကြသည်။




အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က မြန်မာနိုင်ငံသည် နိုင်ငံတကာကုန်သွယ်မှုမြှင့်တင်ရေး အဖွဲ့များနည်းတူ ကိုဗစ်-၁၉ ကာလအတွင်း နိုင်ငံတကာသို့ မိမိနိုင်ငံ၏အရည်အသွေးရှိ ထုတ်ကုန်များကို မိတ်ဆက်ပြသနိုင်ရန်နှင့် ဈေးကွက်သစ်များရှာဖွေနိုင်ရန် စီစဉ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒတွင် လယ်ယာထွက်ကုန်များကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးပါဝင်ပါ ကြောင်း၊ ကိုဗစ်-၁၉ ကာလအတွင်း မြန်မာနိုင်ငံကို စားနပ်ရိက္ခာထုတ်လုပ်တင်ပို့သောနိုင်ငံတစ်ခုဖြစ်လာရန် ကြိုးပမ်းဆောင်ရွက်ရာတွင် အွန်လိုင်းကုန်စည်ပြပွဲ ပလက်ဖောင်းသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါကုန်စည်ပြပွဲတွင် မြန်မာ၊ တရုတ်၊ ဗီယက်နမ်၊ လာအိုနှင့် ကိုရီးယားနိုင်ငံတို့မှ ကုမ္ပဏီ ၅၀ ကျော်မှ ဆန်၊ ပဲမျိုးစုံ၊ နှမ်း၊ သစ်သီးဝလံများ၊ ရေထွက်ပစ္စည်းများ၊ စားသောက်ကုန်များနှင့် အခြား လူသုံးကုန်ပစ္စည်းများကို ပါဝင်ပြသမည်ဖြစ်ကြောင်း၊ ပြပွဲကာလအတွင်း တရုတ်၊ စင်ကာပူနိုင်ငံတို့မှ ကုန်သည်လုပ်ငန်းရှင်များနှင့် Business Matching များလည်း ကျင်းပသွားမည်ဖြစ်ပြီး နိုင်ငံတကာမှ ဝယ်ယူသူ/လေ့လာသူအဖြစ် တက်ရောက်ရန် ကြိုတင်စာရင်းပေးသွင်းထားသူ ၂၅၀ ကျော်ရှိကြောင်းနှင့် ယင်းအွန်လိုင်းကုန်စည်ပြပွဲကို ဩဂုတ် ၂၄ ရက်မှ ၃၀ ရက်အထိ www. myanmarexpopark. com တွင် အခမဲ့စာရင်းပေးသွင်း၍ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး အရှေ့ဒဂုံမြို့နယ် ရွာသာကြီး စံပြရပ်ကွက်ရှိ National Infrastructure Holding Co.,Ltd မှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် Resources Group Logistics သို့ ရောက်ရှိပြီး ရှင်းလင်းဆောင်၌ ဥက္ကဋ္ဌ ဦးမောင်ကျေးက Dry Port အတွင်း အဆောက်အအုံများ တည်ဆောက်ပြီးစီးမှု၊ လုပ်ငန်းများ စတင်ဆောင်ရွက်နေမှုများနှင့် Power Regency Fuel Terminal များ တည်ဆောက်ပြီးစီးသုံးစွဲနေမှု၊ ဆီသိုလှောင်ထားရှိနိုင်မှု၊ ဆီအတင်အချပြုလုပ်ပေးနိုင်မှု၊ ဆီလက်လီလက်ကားရောင်းချပေးနိုင်ရန်အတွက် ဆီအရောင်းဆိုင် ၅၀ ဖွင့်လှစ်ရောင်းချပေးနိုင်မှုတို့အား ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်စေရေးအတွက် Logistic Services ကဏ္ဍသည် အလွန်အရေးကြီးသည့်ကဏ္ဍမှပါဝင်နေသည့်အတွက် ယင်းကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ရင်းနှီး မြှုပ်နှံမည့်သူများကို အားပေးပါကြောင်း၊ Logistic ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ ကုန်စည်များ သယ်ယူပို့ဆောင်ရေးတွင် ကုန်ကျစရိတ်နှင့် အချိန်ကို လျှော့ချဆောင်ရွက်နိုင်မည်ဖြစ်ရာ Dry Port လုပ်ငန်းစဉ်များတွင် အမြန်ဆုံးစွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် အခက်အခဲများကိုလည်း သက်ဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Dry Port အတွင်း သိုလှောင်ထားရှိသည့် စားသောက်ကုန်ပစ္စည်းများ၊ အထည်ချုပ်လုပ်ငန်းနှင့်ဆက်စပ်သည့်ပစ္စည်းများ၊ ဆပ်ပြာမှုန့်နှင့် ဆပ်ပြာကုန်ကြမ်းများ၊ ဂျုံ၊ တာဝါတိုင်နှင့် လုပ်ငန်းသုံးပစ္စည်းများ သိုလှောင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးတင်လတ် မကွေးတိုင်းဒေသကြီးရှိ ခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၄**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်သည် ယမန်နေ့ နံနက်ပိုင်းတွင် ပြည်မြို့ သရေခေတ္တရာ ပြတိုက်သို့ သွားရောက်ကြည့်ရှု လေ့လာခဲ့ပြီး သရေခေတ္တရာ မြို့ဟောင်းအတွင်း ပြည်တွင်းခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးစဉ်အသစ်များ ဖော်ဆောင်နိုင်ရေး အခြေအနေများကို လေ့လာကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရွှေဆံတော်ဘုရားသို့ သွားရောက်ကာ ဘုရားဂေါပကအဖွဲ့နှင့်တွေ့ဆုံ၍ ကိုဗစ်-၁၉ အလွန် ဘုရားများ ပြန်လည်ဖွင့်လှစ်ပါက ဘုရားဖူးများ ဘေးကင်းလုံခြုံရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော Physical Distancing ဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ လိုအပ်သလို ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရန် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ပြုစုထားသော Tourism National Guidelines for COVID-19 Safe Services (Beta Version – V)အား ဘုရားဂေါပကအဖွဲ့သို့ ပေးအပ်ကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ပြည်ခရိုင်ခရီးစဉ်ဒေသစီမံခန့်ခွဲမှုကော်မတီ(DMO)အဖွဲ့ဝင်များနှင့် ပြည်မြို့ရှိ Alinkar( PYAY) Hotel & Resort ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးက ၂၀၁၈ ခုနှစ်တွင် ပြင်ဆင်ပြဋ္ဌာန်းခဲ့သော မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ အဆင့်အလိုက်ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ အမျိုးသားအဆင့်တွင် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို လည်းကောင်း၊ ပြည်ထောင်စုအဆင့်တွင် ခရီးသွားလုပ်ငန်းကော်မတီကိုလည်းကောင်း၊ တိုင်းဒေသကြီးပြည်နယ်များတွင် ဒေသဆိုင်ရာခရီးသွားလုပ်ငန်း ကော်မတီ (RTC)များကို လည်းကောင်း အဆင့်ဆင့်ဖွဲ့စည်းကာ ဟိုတယ်နှင့်ခရီးသွား လုပ်ငန်းလိုင်စင်ဆိုင်ရာ လုပ်ပိုင်ခွင့်များကို တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ ဦးဆောင်သည့် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ(RTC)များသို့ လုပ်ပိုင်ခွင့်များခွဲဝေဆောင်ရွက်ခဲ့ပါကြောင်း၊ အလားတူ ဒေသအလိုက် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် ပြည်နယ်နှင့်တိုင်းလွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့များ၊ ဒေသခံရပ်မိရပ်ဖများနှင့် ဒေသခံလုပ်ငန်းရှင်များ အချိုး ညီညီပါဝင်သည့် ခရိုင်အဆင့်/မြို့နယ်အဆင့် ခရီးစဉ်ဒေသစီမံ ခန့်ခွဲရေးကော်မတီ (DMO)များကို RTC များက လိုအပ်သလို ဖွဲ့စည်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ခရီးသွားလုပ်ငန်း အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးစဉ်ဒေသများဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာလှပရေး၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် ခရီးသွားပြည်သူများ ဘေးကင်းလုံခြုံရေးတို့ကို ခရီးစဉ်ဒေသစီမံခန့်ခွဲရေးကော်မတီ(DMO)များက ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များ၊ ဧည့်လမ်းညွှန်များနှင့် တာဝန်ရှိသူများက ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးသည်။



ထို့နောက် ဒုတိယဝန်ကြီးသည် သရက်ခရိုင် ခရီးစဉ်ဒေသစီမံခန့်ခွဲမှုကော်မတီ (DMO) လျာထားအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးက ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်ရာတွင် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ လုပ်ငန်းရှင်များနှင့် ဒေသခံများအတွက်ပါ အကျိုးဖြစ်ထွန်းအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ခရီးစဉ်ဒေသ စီမံခန့်ခွဲရေး ကော်မတီ(DMO)များအနေဖြင့် ခရီးသွားပြည်သူများကို ဘေးအန္တရာယ်မဖြစ်စေရန် လုံခြုံစိတ်ချစွာ သွားလာလည်ပတ်နိုင်သော ခရီးစဉ်ဒေသမျိုးဖြစ်အောင် ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ခရီးစဉ်ဒေသစီမံခန့်ခွဲရေးကော်မတီ(DMO)တွင်ပါဝင်မည့်သူများနှင့် ဒေသခံ မြို့မိမြို့ဖများက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး ဆောင်ရွက်နေမှုများနှင့် ခရီးစဉ်ဒေသအသစ်ဖော်ဆောင်နိုင်မှုများကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးအောင်နှင့် တာဝန်ရှိသူများနှင့်အတူ သရက်မြို့ရှိ မြန်မာနိုင်ငံ၏ ပထမဆုံး နှစ် ၁၃၀ ကျော် ဂေါက်ကွင်း၊ တူရကီစစ်သင်္ချိုင်းနှင့် ရွှေသက်လွတ်စေတီတော်မြတ်ကြီးသို့ သွားရောက်ကာ ခရီးစဉ်ဒေသအသစ် ဖော်ဆောင်နိုင်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အာဆီယံစီးပွားရေး အကြံပေးကောင်စီတို့ တွေ့ဆုံပွဲကျင်းပ



**နေပြည်တော် ဩဂုတ် ၂၄**

အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အာဆီယံစီးပွားရေး အကြံပေးကောင်စီတို့ တွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းက ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

**ဆွေးနွေးတင်ပြ**

တွေ့ဆုံပွဲတွင် အာဆီယံစီးပွားရေးအကြံပေးကောင်စီ အဖွဲ့ဝင်များက အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ထိပ်သီးအစည်းအဝေး၊ ASEAN Business Awards၊ Digital Stars Legacy Project ၊ ASEAN Mentorship for Entrepreneurs Network၊ SGConnect၊ Digital Trade Connect နှင့် COVID-19 ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ချက်များ စသည့် ကိစ္စရပ်များအပေါ် ဆွေးနွေးတင်ပြကြသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီး ဦးဗရတ်ဆင်းက ဒေသတွင်းလူမှုစီးပွား သက်ရောက်မှုများကို လျှော့ချနိုင်ရေးအတွက် အာဆီယံ၏ ကြိုးပမ်းအားထုတ်မှုများကို ခိုင်မာအားကောင်းစေရန် ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းပါဝင်မှုသည် အရေးကြီးကြောင်း၊ ASEAN-BAC မှ တင်ပြသည့် အဆိုပြုလွှာ၏နယ်ပယ်ကို ကဏ္ဍစုံနှင့် မဏ္ဍိုင်စုံ ပူးပေါင်းဆောင်ရွက်မှုဖြစ်စေရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ အာဆီယံစီးပွားရေးဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံစီးပွားရေး အကြံပေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# (၃၈)ကြိမ်မြောက် အာဆီယံစွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၄**

(၃၈)ကြိမ်မြောက် အာဆီယံ စွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ(38th Senior Officials Meeting on Energy (SOME) and Associated Meetings) ကို ဩဂုတ် ၂၄ ရက်မှ ၂၇ ရက်အထိ ဗီယက်နမ်နိုင်ငံက အလှည့်ကျအိမ်ရှင်နိုင်ငံအဖြစ် ဗီဒီယိုကွန်ဖရင့် စနစ်ဖြင့် ကျင်းပလျက်ရှိရာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးသန်းဇော်နှင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၂၇)မှ ပါဝင်တက်ရောက်သည်။



**အတည်ပြုမည်**

အဆိုပါ အာဆီယံစွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတွင် အာဆီယံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (ASEAN Plan of Action for Energy Cooperation-APAEC)တွင် ပါဝင်သည့် ကဏ္ဍခွဲ ခုနစ်ခုဖြစ်သည့် ASEAN Power Grid(APG)၊ Trans-ASEAN Gas Pipeline (TAGP)၊ Coal and Clean Coal Technology၊ Renewable Energy (RE)၊ Energy Efficiency and Conservation (EE&C)၊ Regional Energy Policy and Planning နှင့် Civilian Nuclear Energy တို့နှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်မှု၊ ဖြစ်ပေါ်တိုးတက်မှုများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များအား ဆွေးနွေးခဲ့ပြီး အာဆီယံစွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်သစ်ဖြစ်သည့် APAEC Phase II (2021-2025) ကို အတည်ပြုမည်ဖြစ်သည်။

အခြားဆက်စပ် အစည်းအဝေးများကို အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် အမေရိကန်၊ ရုရှား၊ အရှေ့အာရှနိုင်ငံများ၊ ASEAN+3 နိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယား၊ International Organizations & Dialogue Partners များဖြစ်သည့် International Energy Agency (IEA)၊ International Renewable Energy Agency (IRENA)၊ ဂျပန်နိုင်ငံ Ministry of Economy, Trade and Industry (METI)တို့နှင့် ကျင်းပခဲ့ပြီး ဒေသတွင်းနှင့် နိုင်ငံတကာ၏ စွမ်းအင်ဆိုင်ရာ ဖြစ်ပေါ်တိုးတက် ပြောင်းလဲမှုများ၊ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ အားကာကွယ်၊ ထိန်းချုပ်တုံ့ပြန်ဆောင်ရွက်မှုများ၊ စွမ်းအင်ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်မည့် နယ်ပယ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြမည်ဖြစ်သည်။

**တက်ရောက်ကြမည်**

အဆိုပါ (၃၈)ကြိမ်မြောက် အာဆီယံ စွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများ၊ ASEAN+3 နိုင်ငံများမှ စွမ်းအင်ကဏ္ဍဆိုင်ရာ ဆက်စပ်ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ သက်ဆိုင်ရာ ကိုယ်စားလှယ်များ တက်ရောက်ကြမည်ဖြစ်ပြီး မြန်မာကိုယ်စားလှယ်အနေဖြင့် စွမ်းအင်ဆိုင်ရာ ဆက်စပ်ဝန်ကြီးဌာနများဖြစ်သော ပညာရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနတို့မှ သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက အစီအစဉ်အလိုက် အစည်းအဝေး တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ ရေဘေးသင့်ဒေသများ၌ ထောက်ပံ့ကူညီ

**နေပြည်တော် ဩဂုတ် ၂၄**

ကယားပြည်နယ် ဖားဆောင်းမြို့နယ်ရှိ ရပ်ကွက်/ကျေးရွာ လေးခုတို့၌ ဩဂုတ် ၂၂ ရက်တွင် သံလွင်မြစ်ရေမြင့်တက်၍ မြစ်ရေဝင်ရောက်မှုကြောင့် အိမ်ထောင်စု ၁၆၄ စု၊ လူဦးရေ ၆၆၃ ဦးတို့သည် ဩဂုတ် ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ရေဘေးရှောင်နေရာ ရှစ်ခုနှင့် ဆွေမျိုးနေအိမ်များသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

**ပြောင်းရွှေ့နေထိုင်**

အလားတူ စစ်ကိုင်းတိုင်းဒေသကြီးတွင် ချင်းတွင်းမြစ်ရေလျှံတက်ပြီး မြစ်ရေများဝင်ရောက်မှုကြောင့် မော်လိုက်၊ ဆားလင်းကြီး၊ မင်းကင်းနှင့် ကနီမြို့နယ်တို့ရှိ ရပ်ကွက်/ ကျေးရွာ ၁၅ ခုတို့မှ အိမ်ထောင်စု ၁၀၆ စု၊ လူဦးရေ ၅၃၂ ဦးတို့သည် ဩဂုတ် ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ရေဘေးရှောင်နေရာ သုံးခုနှင့် ရေလွတ်ရာနေရာများသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ကယားပြည်နယ် ဦးစီးမှူးရုံး၊ ယင်းမာပင်ခရိုင်ဦးစီးမှူးရုံးနှင့် ကနီမြို့နယ်ဦးစီးမှူးရုံးတို့မှ တာဝန်ရှိသူများသည် ဘေးသင့်နေရာများသို့သွားရောက်၍ ဆန်ရိက္ခာဖိုးစုစုပေါင်း ငွေကျပ် ၁၈၁၆၅၀၀ နှင့် နှာခေါင်းစည်းများ၊ ဆပ်ပြာများကို ယနေ့တွင် ထောက်ပံ့ပေးခဲ့ပြီး ထောက်ပံ့မှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



# မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့် ရှေးဦးပြုစုခြင်း အခြေခံသင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်



**ရန်ကုန် ဩဂုတ် ၂၄**

မြန်မာနိုင်ငံကြက်ခြေနီအသင်း ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ကြက်ခြေနီအသင်းခွဲနှင့် ရှင်သန်ခြင်း(ကြည့်မြင်တိုင်)လူမှုကူညီရေးအသင်း၊ ပရဟိတနှလုံးသား(ရန်ကုန်)လူမှုကူညီရေးအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။ အခမ်းအနားတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့် တက်ရောက်ပြီး သင်တန်းဆင်းအမှာစကား ပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် အနောက်ပိုင်းခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာအောင်ခင်က သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကိုပေးအပ်ကာ သင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသူများအား အသင်းဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့်က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက်သင်တန်းဖြစ်မြောက်ရေးအတွက်အကူအညီပေးခဲ့ကြသူများအား ကျေးဇူးတင်ဂုဏ်ပြုလွှာများကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက ပေးအပ်သည်။

**လူမှုကူညီရေးအသင်းများတက်ရောက်**

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး ကြည့်မြင်တိုင်မြို့နယ် အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်းအတွက် နှာခေါင်းစည်း၊ မျက်နှာအကာ၊ လက်သန့်ဆေးရည်နှင့် ပိုးသတ်ဆေးဖျန်းပုံးတို့ကို ပေးအပ်လှူဒါန်းသည်။ ရှေးဦးပြုစုခြင်း အခြေခံသင်တန်းကို သုံးရက်တာ သင်ကြားပို့ချခဲ့ပြီး သင်တန်းသို့ မြို့နယ်ကြက်ခြေနီအသင်းခွဲများမှ ကြက်ခြေနီစေတနာလုပ်အားရှင်များနှင့် မြို့နယ်များရှိ လူမှုကူညီရေးအသင်းများမှ သင်တန်းသား သင်တန်းသူများ စုစုပေါင်း ၇၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဝင်းအောင်(MRCS)

## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးစခန်းများ ကြည့်ရှုစစ်ဆေး

**ပဲခူး ဩဂုတ် ၂၄**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ယမန်နေ့ နံနက် ၉ နာရီက တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပန်းတောင်းမြို့နယ် ဥဿျှစ်ပင်နှင့် ညောင်ကျိုးကျေးရွာတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်မှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ညောင်ကျိုးကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၌ ပဲခူးတိုင်းဒေသကြီးအတွင်း ကိုဗစ်- ၁၉ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေး ကြိုတင်ကာကွယ်နိုင်ရန်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်မှုအခြေအနေနှင့် ပတ်သက်၍ ဌာနဆိုင်ရာများနှင့် တွေ့ဆုံဆွေးနွေးသည်။

ပန်းတောင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်ထွန်းက နယ်မြေဒေသအခြေအနေနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးစခန်း ဖွင့်လှစ်ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူး ဒေါက်တာရန်နိုင်မောင်က ကျန်းမာရေးဌာနမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ပြည်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်မိုးက လုံခြုံရေးဆောင်ရွက်ပေးမှုအခြေအနေများကိုလည်းကောင်း၊ ပြည်ခရိုင်အုပ်ချုပ်ရေးမှူး ဦးဉာဏ်ဇော်က တင်ပြချက်များအပေါ် ဖြည့်စွက်၍လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ညောင်ကျိုးကျေးရွာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးစခန်း၌ တာဝန်ထမ်းဆောင်နေသူများအတွက် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံများ၊ လက်သန့်ဆေးရည်ဘူးနှင့် နှာခေါင်းစည်းများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည် (နဝဒေး)-တောင်ကုတ်လမ်း မိုင်(၂၁/၇) ဥဿျှစ်ပင်လမ်းဆုံအနီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် စစ်ဆေးရေးစခန်းဖွင့်လှစ်ရန် အဆောက်အအုံတည်ဆောက်နေမှု အခြေအနေနှင့် ပြည်မြို့အထွေထွေရောဂါဆေးရုံကြီးတွင် ကိုဗစ်-၁၉ ရောဂါ ခတ်ခွဲစမ်းသပ်စစ်ဆေးစက်တပ်ဆင်ရန်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ စောင့်ကြည့်လူနာများ၊ ခတ်ခွဲအတည်ပြုလူနာများနှင့် ရောဂါသည်းထန်လူနာများ ရောက်ရှိပါက ကုသပေးနိုင်ရေး စီစဉ်ထားရှိမှုအခြေအနေတို့ကို သွားရောက်ကြည့်ရှုခဲ့ရာ တိုင်းဒေသကြီး ကုသရေး ဦးစီးဌာနမှူး ဒေါက်တာရန်နိုင်မောင်၊ ဆေးရုံအုပ်ကြီး ဒေါက်တာရဲအောင်ထွန်း၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်ထားနှစ်၊ ပြည်မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကေခိုင်ဝင်းနှင့် အထူးကုဆရာဝန်ကြီးများက ရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



## ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် ရေဘေးသင့်ပြည်သူများအား ရေဘေးစခန်းများတွင်ထားရှိနိုင်ရေး ကြည့်ရှုစစ်ဆေး

**ဘားအံ ဩဂုတ် ၂၄**

ကရင်ပြည်နယ် ဘားအံမြို့တွင် သံလွင်မြစ်ရေသည် ယနေ့ နံနက် ၇ နာရီခွဲ တိုင်းထွာချက်များအရ စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာအထက် ၈၃၄ စင်တီမီတာသို့ ကျော်လွန်ရောက်ရှိနေရာ ဘားအံမြို့ မြေနိမ့်ပိုင်းရပ်ကွက်အချို့တွင် ရေများဝင်ရောက်လျက်ရှိရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်နှင့် ပြည်နယ်ဝန်ကြီးများသည် ဘားအံမြို့ပေါ် အနိမ့်ပိုင်းရပ်ကွက်လူနေအိမ်များ ရေဝင်ရောက်နေမှုနှင့် ရေဘေးသင့်ပြည်သူများအား ရေဘေးစခန်းများတွင်ထားရှိနိုင်ရေး ယနေ့ နံနက် ၈ နာရီက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် အမှတ်(၁)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်နှင့် ဆယ်အိမ်စုကျေးရွာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆယ်အိမ်စုကျေးရွာရှိ အိမ်ထောင်စုများအား ဆန်နှင့်စားနပ်ရိက္ခာများ ထောက်ပံ့ပေးခဲ့ပြီး ပြောင်းရွှေ့ရန်လိုအပ်သည့် အိမ်ထောင်စုများအား အမှတ်(၅)ရပ်ကွက်ရှိ ဆိုင်ကလုံးရှပ်တာနှင့် စိုက်ပျိုးရေးဂိုဒေါင်တို့တွင် ကိုဗစ်-၁၉ ရောဂါ ကျန်းမာရေးညွှန်ကြားချက်နှင့်အညီ ထားရှိပေးနိုင်ရေး သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် ချင်းတွင်းမြစ် ကမ်းနားလမ်းတစ်လျှောက် တာပေါင်များမကျိုးပေါက်ရေးစစ်ဆေး

**မုံရွာ ဩဂုတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၉ နာရီခွဲက မုံရွာမြို့ ချင်းတွင်းမြစ်ရေမြင့်တက်လာမှုကြောင့် အလုံဆိပ်ကမ်းနှင့် မုံရွာမြို့ ချင်းတွင်းမြစ်ကမ်းနားလမ်းတစ်လျှောက်ရှိ တာပေါင်များ ကျိုးပေါက်မှုမရှိစေရေးအတွက် ကြံ့ခိုင်မှုရှိ၊ မရှိ အခြေအနေများနှင့် သလ္လာဝတီဆိပ်ကမ်း၊ နန်းချွန် ကူးတို့ဆိပ်ကမ်း၊ ဇက်ဆိပ်ကမ်းတို့၌ ခရီးသည်များအတွက် မြစ်ရေမြင့်တက်ချိန်တွင် အန္တရာယ်ကင်းရှင်းစွာသယ်ယူပို့ဆောင်ပေးနေမှုအခြေအနေများ၊ အိုးဘိုတောင်ရပ်ကွက် ၁၀ ပေါက် ရေထိန်းတံခါး၊ နဂါးတွင်းကျေးရွာ ငါးပေါက်ရေထိန်းတံခါး ခိုင်ခံ့မှုအခြေအနေများနှင့် ရေကင်းဂိတ် ၂၅ ခု ချထားမှုတို့အား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ပြည်သူများသွားလာမှု အဆင်ပြေချောမွေ့စေရေးကို အထူးအလေးထား၍ဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး အားလုံးပူးပေါင်း ဆောင်ရွက်ပေးရန်



တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် မုံရွာမြို့ ကားကြီးဝင်း တည်ဆောက် ပြီးစီးမှုအခြေအနေနှင့် ညောင်ကိုင်းအင်း ရေဝင်ရောက်မှု အခြေအနေတို့အား ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

## တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လေဘေးနှင့်ရေဘေးသင့် ပြည်သူများအား ထောက်ပံ့ငွေများပေးအပ်

**ဖျာပုံ ဩဂုတ် ၂၄**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လေဘေးနှင့်ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက ဖျာပုံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်လူ့စွမ်းအားအရင်းအမြစ် ဝန်ကြီး ဒေါက်တာစိုးဝင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် သဘာဝဘေးကြောင့် ဘုန်းတော်ကြီးကျောင်း အမိုးလန်ပျက်စီးခဲ့လျှင် ငါးသောင်းကျပ်၊ လူနေအိမ်အမိုးလန်ပျက်စီးခဲ့လျှင် ငါးသောင်းကျပ်၊ ပင်လယ်ဒီရေမြင့်တက်မှုကြောင့် မြေနေရာများကမ်းပြိုကာ နေအိမ်ပျက်စီးသူများအား မြေကွက်အတွက် တစ်ကွက်လျှင် တစ်သိန်းနှစ်သောင်းကျပ်နှင့် အိမ်ထောင်စုတစ်စုလျှင် ငါးသောင်းကျပ်ကို ထပ်မံထောက်ပံ့ပေးမည်ဖြစ်ရာ ဖျာပုံခရိုင်အတွင်း ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၊ လူနေအိမ်တစ်လုံး၊ ပင်လယ်ဒီရေကြောင့် ကမ်းပြိုအိမ်ထောင်စု ၂၀ နှင့် မြေကွက် ၁၀ ကွက်အတွက် စုစုပေါင်း ထောက်ပံ့လှူဒါန်းငွေကျပ် ၂၃သိန်းအား ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဌေးဝင်း၊ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက လေဘေးနှင့်ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

**သပြေထွန်း၊ အောင်ဝင်းနိုင်(ပြန်/ဆက်)**



## ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် မြစ်ရေတိုက်စားမှုကြောင့် နေအိမ်ပြောင်းရွှေ့ခဲ့ရသော အိမ်ထောင်စုများအား ထောက်ပံ့

**ဇလွန် ဩဂုတ် ၂၄**

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တာဝန်ရှိသူများသည် ဇလွန်မြို့နယ်၌ ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် နေအိမ်ပြောင်းရွှေ့ခဲ့ရသော အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့ မွန်းတည့် ၁၂ နာရီ က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးလှမိုးအောင်က ထောက်ပံ့ငွေပေးအပ်ရသည့်အကြောင်းနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး ကြာအင်းကျေးရွာအုပ်စုနှင့် ညောင်ပင်သာကျေးရွာအုပ်စုတို့တွင် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် နေအိမ်ပြောင်းရွှေ့ခဲ့ ရသော အိမ်ထောင်စု ၃၃ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၆၅၀၀၀၀ နှင့် အိမ်ထောင်စုတစ်စု လျှင် ပေ ၂၀၊ ပေ ၄၀ တာပေါ်လင်မိုးကာစတစ်စ၊ အိမ်ထောင်စု ၃၃ စုအတွက် စုစုပေါင်း တာပေါ်လင် မိုးကာစ ၃၃ စ ထောက်ပံ့ပေးအပ် ခဲ့သည်။

ယင်းနောက် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် နေအိမ်ပြောင်းရွှေ့ခဲ့ရသော အိမ်ထောင်စုများကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ဇလွန် (ပြန်/ဆက်)**

## ဓနုဖြူမြို့၌ ကုန်ပစ္စည်းများ ဈေးနှုန်းမြှင့်တင် ရောင်းချမှုမရှိစေရေး စစ်ဆေး

**ဓနုဖြူ ဩဂုတ် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့တွင် မြို့မဈေးအတွင်းရှိ ဆေးဆိုင်များနှင့် ကုန်စုံဆိုင်များတွင် အရေးကြီးကုန်စည်အဖြစ် သတ်မှတ်ထားသည့် ကုန်ပစ္စည်းများ ဈေးနှုန်းမြှင့်တင်ရောင်းချခြင်းမရှိစေရေး စစ်ဆေးခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ် တိုင်းရင်းဆေးကုဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်ရဲတပ်ဖွဲ့တို့ပူးပေါင်း၍ အရေးကြီးကုန်စည်အဖြစ် သတ်မှတ်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများနှင့် ဆေးဝါးများကို ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း (သို့မဟုတ်) ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းမပြုရန် ပူးပေါင်းအဖွဲ့က စစ်ဆေးဆောင်ရွက်ခဲ့ပြီး လိုက်နာမှုမရှိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

❒ ကျောဖုံးမှ

(၁) **ကယ်ဆယ်ရေးစခန်းအတွင်းရှိ တာဝန်ရှိသူများအနေဖြင့် ဆောင်ရွက်ရန် အချက်များ –**

- သံသယလူနာများအား ရှာဖွေထောက်လှမ်းသည့်လုပ်ငန်း (Surveillance activities) များအား ပူးတွဲပါ Case Definitions for Surveillance အတိုင်း အခြေခံကျန်းမာရေးပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းမှ တာဝန်ရှိဝန်ထမ်းများ၊ ကယ်ဆယ်ရေးစခန်း တာဝန်ရှိသူများနှင့် သက်ဆိုင်ရာကယ်ဆယ်ရေးစခန်း၏ စီမံခန့်ခွဲမှုအုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ပေးပို့ထားရှိပြီးဖြစ်သော ကျန်းမာရေးပညာပေး အသိပေးနှိုးဆော်ချက်များအား မြန်မာဘာသာနှင့် ဘင်္ဂါလီဘာသာတို့ဖြင့် ကယ်ဆယ်ရေးစခန်းများတွင် လက်ကိုင်အသံချဲ့စက် (handheld speaker) များ အသုံးပြု၍ တစ်နေ့လျှင် (၅)ကြိမ်ဆောင်ရွက်ရန်၊
- ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်သူများအား မိုးလုံလေလုံ နေရာများတွင် တတ်နိုင်သမျှ တစ်ဦးနှင့်တစ်ဦး (၆)ပေအကွာ ထားရှိနေရာချထားပေးနိုင်ရန်၊
- ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်သူများသုံးစွဲရန် ရေအဆက်မပြတ်ရရှိနိုင်ရေး စီစဉ်ပေးရန်နှင့် လက်ဆေးရန်နေရာ (Hand Washing Station – ဆပ်ပြာ၊ ရေ၊ ဘေစင်၊ လက်သန့်စင်ဆေးရည် စသည်) များအား လူဦးရေပေါ်မူတည်၍ လုံလောက်စွာ ထားရှိပေးရန်၊
- ကယ်ဆယ်ရေးစခန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းနှင့် အမှိုက်များအား စနစ်တကျ စွန့်ပစ်နိုင်စေရေး စီစဉ်ဆောင်ရွက်ပေးရန်၊
- ကယ်ဆယ်ရေးစခန်းများတွင် ပစ္စည်းဝေခြင်း၊ ရိက္ခာပေးခြင်း စသည့် လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရာတွင် လူစုလူဝေးမဖြစ်ပွားစေရန် အလေးထား၍ စီစဉ်ဆောင်ရွက်ရန်၊
- ကယ်ဆယ်ရေးစခန်းများတွင် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်း ဆောင်ရွက်ရာ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ နောက်ဆုံးထွက်ရှိထားသော လမ်းညွှန်ချက်များအတိုင်း ဆောင်ရွက်ရန်၊
- ကယ်ဆယ်ရေးစခန်းများအတွင်း သံသယလူနာများအတွက် သီးခြားထားရှိရန်နေရာများ (Isolation/ Quarantine place) ကြိုတင်စီစဉ်ထားရှိပေးရန်နှင့် သံသယလူနာတွေ့ရှိမှုအား သက်ဆိုင်ရာ ကျန်းမာရေးဌာနသို့ ချက်ချင်းအကြောင်းကြားရန်၊
- ကယ်ဆယ်ရေးစခန်းများ၏ လူဦးရေစာရင်း (တိုး/ လျော့) အား သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ကျန်းမာရေးဌာနသို့ နေ့စဉ်သတင်းပို့ရန်၊
- ကျန်းမာရေးဌာနနှင့် ညှိနှိုင်းတိုင်ပင်၍ မိမိတို့၏ ကယ်ဆယ်ရေးစခန်းများရှိ ရောဂါကူးစက်နိုင်ခြေများသော အုပ်စုများအား ရှာဖွေဖော်ထုတ်၍ ဓာတ်ခွဲနမူနာ ရယူစစ်ဆေးရန်၊
- ကယ်ဆယ်ရေးစခန်းများအတွင်း နေထိုင်သူများအနေဖြင့် မည်သည့်ကျန်းမာရေးပြဿနာဖြစ်စေ ဖြစ်ပွားပါက ကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်အကြောင်းကြားရန်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အခမဲ့တာဝန်ယူ ကုသပေးမည်ကို သိရှိစေရန်၊
- ကယ်ဆယ်ရေးစခန်းများရှိ တာဝန်ရှိသူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းအပါအဝင် အခြားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ရန်၊
- ကယ်ဆယ်ရေးစခန်းများအတွင်း ပတ်ဝန်းကျင်သန့်ရှင်းရေးကိစ္စရပ်များနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးကိစ္စရပ်များအား အထူးအလေးထားစီစဉ်ဆောင်ရွက်ပေးရန်၊
- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ဆောင်ရန်၊ ရှောင်ရန်ညွှန်ကြားချက်များကို အမြဲတစေ ဖတ်ရှုလေ့လာ၍ လိုက်နာဆောင်ရွက်ကြရန်၊

(၂) **ကယ်ဆယ်ရေးစခန်းတွင် နေထိုင်သူများ လိုက်နာဆောင်ရွက်ရန် အချက်များ –**

- ကယ်ဆယ်ရေးစခန်းတွင် နေထိုင်သူတစ်ဦးစီတိုင်းသည် မိမိတို့ကိုယ်တိုင် ရောဂါကူးစက်ခံရမှုမရှိစေရေးနှင့် မိမိတို့မှတစ်ဆင့် ရောဂါဆက်လက်ပြန့်ပွားမှု မရှိစေရေးအတွက် အခြားသူများနှင့် (၆)ပေအတွင်း ပြောဆိုဆက်ဆံရမည်ဆိုပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) များကို စနစ်တကျ တပ်ဆင်အသုံးပြုကြရန်၊
- ကယ်ဆယ်ရေးစခန်းများအတွင်း လူများစုဝေးခြင်းကိစ္စရပ်များနှင့် အခမ်းအနားများ မပြုလုပ်ကြရန်၊
- လူစုလူဝေးနေရာများအား တတ်နိုင်သမျှ ရှောင်ကြဉ်ရန်၊ တစ်ဦးနှင့်တစ်ဦးကြား (၆) ပေအကွာ ခပ်ခွာခွာနေထိုင်ရန်၊
- နှာချေ၊ ချောင်းဆိုးသည့်အခါတိုင်း ပါးစပ်နှင့်နှာခေါင်းကို တစ်ခါသုံးတစ်ရှူး (သို့မဟုတ်) တံတောင်ကွေးဖြင့် လုံခြုံအောင် ဖုံးအုပ်ရန်၊ အသုံးပြုပြီးသော တစ်ရှူးကို အဖုံးပါသော အမှိုက်ပုံးထဲသို့ စွန့်ပစ်ရန်၊ ပြီးလျှင် လက်ကို စနစ်တကျပြန်ဆေးရန်၊
- ဆပ်ပြာနှင့် ရေကိုအသုံးပြု၍ လက်ကို အနည်းဆုံး စက္ကန့်(၂၀) ကြာအောင် မကြာခဏ စနစ်တကျ ဆေးကြောရန် (သို့မဟုတ်) အယ်ကိုဟောလ် အနည်းဆုံး (၆၀%) ပါဝင်သော လက်သန့်စင်ဆေးရည်ကို အသုံးပြုရန်၊
- ကယ်ဆယ်ရေးစခန်းတွင် နေထိုင်သူများအနေဖြင့် ခွင့်ပြုချက်မရဘဲ မိမိသဘောဖြင့် ကယ်ဆယ်ရေးစခန်းပြင်ပသို့ ထွက်ခွာခြင်း (သို့မဟုတ်) တစ်ဖက်နိုင်ငံသို့သွားရောက်ခြင်း လုံးဝ(လုံးဝ) မပြုလုပ်ရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေဖြင့် အရေးယူခြင်း ခံရမည်ကို သိရှိစေရန်၊
- မိမိတွင် သံသယရောဂါလက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာ ကျန်းမာရေးဌာနများသို့ အမြန်ဆုံးသွားရောက်ပြသကြရန်၊

(၃) **ကယ်ဆယ်ရေးစခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများမှ လုပ်ငန်းဆောင်ရွက်နေသူများ လိုက်နာရန်အချက်များ –**

- လုပ်ငန်းဆောင်ရွက်မည့် လူပုဂ္ဂိုလ်များ၏စာရင်းအား စနစ်တကျပြုစု၍ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ ကြိုတင်ပေးပို့ထားရှိရန်၊
- အဆိုပါ လုပ်ငန်းဆောင်ရွက်မည့်သူများအနေဖြင့် အလုပ်ချိန်မှအပ ကျန်အချိန်များတွင် အဖွဲ့အစည်း၏ သီးသန့်နေအိမ်၌ အသွားအလာကန့်သတ်နေထိုင်ရန်၊
- တာဝန်ထမ်းဆောင်မည့်သူများအားလုံးထံမှ ဓာတ်ခွဲနမူနာရယူ၍ COVID–19 ရောဂါ ကူးစက်ခံရမှု ရှိ/မရှိ ဓာတ်ခွဲစစ်ဆေးပြီး ဓာတ်ခွဲနမူနာတွင် COVID–19 ရောဂါပိုး မတွေ့ရှိမှသာ တာဝန်ထမ်းဆောင်ရန်၊
- လုပ်ငန်းဆောင်ရွက်မည့်သူသည် နေမကောင်းဖြစ်ပါက ကယ်ဆယ်ရေးစခန်းများသို့ လုံးဝ (လုံးဝ) သွားရောက်ခြင်းမပြုရန်နှင့် ကျန်းမာရေးဌာနများသို့ ချက်ချင်းဆက်သွယ် အကြောင်းကြားရန်၊
- ကျန်အဖွဲ့ဝင်များအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုအား ဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်အတိုင်း စောင့်ဆိုင်းလိုက်နာဆောင်ရွက်ရန်၊
- ဖျားနာသူ (သို့မဟုတ်) COVID–19 ရောဂါ သံသယလက္ခဏာရှိသူများရှိပါက ဆေးရုံသို့ အမြန်ဆုံးလွှဲပြောင်းစမ်းသပ်ကုသမှုခံယူရန်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

နောက်ဆက်တွဲ

# ရောဂါအဓိပ္ပာယ်သတ်မှတ်ချက်(Case Definitions for Surveillance)

**သံသယလူနာ(Suspected case)**

လူနာသည် လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများရှိခြင်း(ဖျားခြင်းနှင့် ချောင်းဆိုးခြင်း(သို့မဟုတ်) အသက်ရှူကျပ်ခြင်း)နှင့် အဆိုပါလူနာသည် ရောဂါလက္ခဏာများ မပေါ်ပေါက်မီ (၁၄)ရက်အတွင်း လူထုအတွင်း ကူးစက်မှု (Community Transmission)ရှိသည့် နိုင်ငံ/ဒေသများသို့ ခရီးသွားရာဇဝင်ရှိခြင်း၊ (သို့မဟုတ်) နေထိုင်သော ရာဇဝင်ရှိခြင်းတို့ ရှိပါက သံသယလူနာအဖြစ်သတ်မှတ်သည်။

(သို့မဟုတ်)

လူနာသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများရှိခြင်း၊ ရောဂါလက္ခဏာများ မပေါ်ပေါက်မီ (၁၄)ရက်အတွင်း COVID–19 ဓာတ်ခွဲအတည်ပြုလူနာ(သို့မဟုတ်) COVID–19 ဖြစ်နိုင်ခြေရှိသော လူနာနှင့် ထိတွေ့မှုရှိခြင်းများရှိပါက သံသယလူနာအဖြစ် သတ်မှတ်သည်။

(သို့မဟုတ်)

လူနာသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများရှိခြင်း (ဖျားခြင်းနှင့် ချောင်းဆိုးခြင်း (သို့မဟုတ်) အသက်ရှူကျပ်ခြင်း)၊ ရောဂါအခြေအနေအရ ဆေးရုံတက်ရောက်ကုသမှု ခံယူရန်လိုအပ်ခြင်း၊ ရောဂါဖြစ်ပွားစေသည့်အကြောင်းအရာ တိကျစွာ ဖော်ထုတ်နိုင်ခြင်းမရှိပါက သံသယလူနာအဖြစ် သတ်မှတ်သည်။

**ရောဂါဖြစ်ပွားနိုင်ခြေရှိသောလူနာ**

လူနာ၏ ဓာတ်ခွဲနမူနာများမှ Coronavirus (COVID–19)ရောဂါပိုးအား ဓာတ်ခွဲစစ်ဆေးရာတွင် ဓာတ်ခွဲအဖြေတွင် တိကျစွာဖော်ထုတ်နိုင်ခြင်းမရှိသူ (သို့မဟုတ်) အကြောင်းအမျိုးမျိုးကြောင့် ဓာတ်ခွဲစစ်ဆေးနိုင်ခြင်းမရှိသူ သံသယလူနာများအား ရောဂါဖြစ်ပွားနိုင်ခြေရှိသော လူနာအဖြစ် သတ်မှတ်သည်။

**အတည်ပြုလူနာ**

အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါလက္ခဏာများ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ Coronavirus (COVID–19) ရောဂါပိုးအား ဓာတ်ခွဲအတည်ပြု စစ်ဆေးရရှိသည့်လူနာအား အတည်ပြုလူနာအဖြစ် သတ်မှတ်သည်။

Source: WHO.COVID–19 Case Definitions for Surveillance, 20 March 2020.

# ဖလမ်းမြို့နယ်၌ မဏိပူရ်မြစ်ကူး(ဗားရ်)တံတား အစားထိုး ဗားရ်တံတားအမှတ်(၂) ယခုလကုန်တွင် အပြီးတည်ဆောက်မည်

**ဖလမ်း ဩဂုတ် ၂၄**

ချင်းပြည်နယ် ဖလမ်းမြို့နယ်ရှိ နှစ်ပေါင်းသက်တမ်းကြာမြင့်နေပြီး ခိုင်ခံ့မှုအားနည်းလာသည့် မဏိပူရ်မြစ်ကူး(ဗားရ်)တံတားအစားထိုး ဗားရ်တံတားအမှတ်(၂)တည်ဆောက်မှုကို ဩဂုတ်လကုန်တွင် အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးအိုးက ပြောသည်။

အဆိုပါ မဏိပူရ်မြစ်ကူး(ဗားရ်)တံတား အမှတ်(၂)သည် ကလေး–ဖလမ်း–ဟားခါး ကားလမ်း မိုင်တိုင်အမှတ် (၆၈/၅)တွင် တည်ရှိပြီး ၂၀၁၉ ခုနှစ် နှစ်ဆန်းပိုင်းက စတင်အကောင်အထည်ဖော် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တံတားအရှည် ၅၅၈ ပေ၊ အကျယ်ပေ ၃၀၊ တံတားခံနိုင်ဝန် ၂၅ တန် (AASHTO HS–25)ရှိကာ တံတားအမျိုးအစားမှာ သံကူကွန်ကရစ်ဖြစ်ကာ တံတားစီမံကိန်းအဖွဲ့(၁)မှ တည်ဆောက်နေခြင်းဖြစ်သည်။

“အခုလက်ရှိ ဗားရ်တံတားအမှတ်(၂)တည်ဆောက်နေတာ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပါပြီ။ ဒီတံတားကို ဩဂုတ်လကုန်မှာ ရာနှုန်းပြည့် အပြီးတည်ဆောက်ပြီး စက်တင်ဘာလဆန်းပိုင်းလောက်မှာ ဖွင့်လှစ်နိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ဒီဗားရ်တံတားဟာ ကလေး–ဖလမ်း–ဟားခါးလမ်းမပေါ်မှာ တည်ရှိတဲ့အတွက် ပြည်မဘက်ကလာတဲ့ ကုန်စည်တွေ၊ ချင်းတောင်ဘက်ကထွက်ကုန်တွေ တင်ပို့ရာမှာ အရေးပါတဲ့အပြင် ဒေသခံတွေအနေနဲ့လည်း ဒီတံတားကြီးပေါ်ပေါက်လာတဲ့အတွက် သွားလာရေးအဆင်ပြေပါတယ်။ အခုတည်ဆောက်နေတဲ့တံတားက စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့–ဝေဘူလမြို့–ဖလမ်းကားလမ်းရဲ့ အဓိကကျတဲ့တံတားတစ်စင်းလည်း ဖြစ်ပါတယ်” ဟု ပြည်နယ်ဝန်ကြီး ဦးရွှေထီးအိုးက ပြောသည်။

အဆိုပါ မဏိပူရ်မြစ်ကူး(ဗားရ်)တံတားသည် ချင်းပြည်နယ် မြန်မာ–အိန္ဒိယ ကုန်သွယ်ရေး ရိဒ်နယ်စပ်စခန်းနှင့် သွားလာရေးတွင်လည်းကောင်း၊ မြို့တော်ဟားခါး– ဖလမ်း–တီးတိန်–တွန်းဇံ–ကျီခါး ဆက်သွယ်သွားလာရေးတွင်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နှင့် ဖလမ်း–ဟားခါးဆက်သွယ်သွားလာရေးတွင်လည်းကောင်း အရေးပါသည့်အပြင် တံတားတည်ဆောက်ပြီးစီးပါက ကုန်စည်စီးဆင်းမှု လျင်မြန်စွာဆောင်ရွက်နိုင်မည်ဖြစ်ပြီး ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အခြားကိစ္စရပ်များကို အဆင်ပြေစွာအသုံးပြုဆောင်ရွက်နိုင်မည့် တံတားတစ်စင်းဖြစ်ကြောင်း သိရသည်။

**ဇိုဟေဆာ**



# သံလွင်မြစ်ကူးတံတား(တာဆန်း) ကြိုးတံတား တည်ဆောက်ရေး ဩစတြီးယားနိုင်ငံမှ အတိုးမဲ့ချေးငွေ ယူရို ၈ ဒသမ ၄ သန်းရယူရေး ရှင်းလင်းဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၄

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို ယနေ့ နံနက်၁၀ နာရီတွင်နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ၂၀၂၀ – ၂၀၂၁ ခု၊ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ညာဏစိုးက တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြု တင်ပြ၍ ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က သက်ဆိုင်ရာကဏ္ဍအလိုက် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၏ သဘောထားမေးမြန်း၍ လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ထို့နောက် ၂၀၂၀ – ၂၀၂၁ ခု၊ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ ဥပဒေ အကြောင်းအရာများနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ညာဏစိုးက ဥပဒေကြမ်း၏

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ★



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ ကျင်းပစဉ်။

## ကယ်ဆယ်ရေးစခန်းများတွင် COVID-19 ရောဂါ ကူးစက်ဖြစ်ပွားပျံ့နှံ့မှု မရှိစေရေးအတွက် လိုက်နာရမည့် လမ်းညွှန်ချက်များ ထုတ်ပြန်ခြင်း

(၂၄-၈-၂၀၂၀)ရက်နေ့

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကယ်ဆယ်ရေးစခန်းများတွင် ခိုလှုံနေထိုင်ရသူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ပုံမှန်လုပ်ဆောင်ပေးလျက်ရှိပါသည်။ ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်ရသူများတွင် လူဦးရေသိပ်သည်းစွာနေထိုင်ရသော ပြဿနာသည် COVID–19 ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ ကျန်းမာရေးဆိုင်ရာ အကြီးမားဆုံးစိန်ခေါ်မှုတစ်ခုဖြစ်ပါသည်။

ကယ်ဆယ်ရေးစခန်းများရှိ နေထိုင်သူများတွင် COVID–19 ရောဂါဖြစ်ပွားပါက ပုံမှန်အခြေအနေထက် ထိန်းချုပ်နိုင်ရန် ခက်ခဲသောကြောင့် ရောဂါပြန့်ပွားမှုကို ထိရောက်စွာထိန်းချုပ်နိုင်ရန်အတွက် သက်ဆိုင်ရာ ကယ်ဆယ်ရေးစခန်း၏ စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ရေးအဖွဲ့များ၏ အခန်းကဏ္ဍမှာ လွန်စွာအရေးကြီးပါသည်။ ရခိုင်ပြည်နယ်အတွင်း (၂၄-၈-၂၀၂၀)ရက်နေ့၊ နံနက်ပိုင်းအထိ COVID– 19 ရောဂါ ခတ်ခွဲအတည်ပြုလူနာ (၈၈)ဦး တွေ့ရှိခဲ့ရပြီး (၁၆-၈-၂၀၂၀) ရက်နေ့မှ (၂၄-၈-၂၀၂၀) ရက်နေ့၊ နံနက်ပိုင်းအထိ ခတ်ခွဲအတည်ပြုလူနာ (၇၂)ဦး တွေ့ရှိခဲ့ရသဖြင့် ကယ်ဆယ်ရေးစခန်းများတွင် COVID–19 ရောဂါ ကူးစက် ဖြစ်ပွားပျံ့နှံ့မှုမရှိစေရေးသည် လွန်စွာ အရေးကြီးပါသည်။

ယခုတွေ့ရှိရသော COVID–19 ရောဂါ၊ ယခင် ရန်ကုန်တိုင်းဒေသကြီးအတွင်းနှင့် ကျန်တိုင်းဒေသကြီး/ ပြည်နယ်များတွင် တွေ့ရှိခဲ့ရသော COVID–19 ရောဂါပိုးနှင့်မတူဘဲ တစ်ပတ်အတွင်းခန့်တွင် အလွန်လျင်မြန်စွာ ကူးစက်ပြန့်ပွားခဲ့ကြောင်း တွေ့ရှိရသဖြင့် ပြည်သူလူထု၏ ကျန်းမာရေးအသိပညာမြင့်မားမှုရှိမှသာ ထိရောက်စွာ ထိန်းချုပ်ကာကွယ်နိုင်မည်ဖြစ်ပါသည်။

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❒

## ဘိုင်ယန်မြူးနစ်အသင်း ချန်ပီယံလိဂ်ဖလား ခြောက်ကြိမ်မြောက် ဆွတ်ခူး

ဥရောပဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပတဲ့ ယူအီးအက်ဖ်အေချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲရဲ့ နောက်ဆုံး ဗိုလ်လုပွဲစဉ်အဖြစ် ပီအက်စ်ဂျီအသင်းနဲ့ ဘိုင်ယန်မြူးနစ်အသင်းတို့ ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဘိုင်ယန်မြူးနစ်အသင်းက ကင်စလေကိုးမန်းရဲ့ ပွဲကစားချိန် ၅၉ မိနစ်မှာ သွင်းယူခဲ့တဲ့ တစ်လုံးတည်းသော သွင်းဂိုးနဲ့ အနိုင်ရရှိပြီး ချန်ပီယံလိဂ်ဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ် အသင်းဟာ ပီအက်စ်ဂျီအသင်းကို အနိုင်ရရှိခဲ့ပြီး ချန်ပီယံလိဂ်ဆုဖလားကို ရယူဆွတ်ခူးနိုင်ခဲ့တာကြောင့် လက်ရှိမှာ ချန်ပီယံလိဂ်ဖလားကို ခြောက်ကြိမ်မြောက် ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ခဲ့တဲ့

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ✪



## ကြေးမုံ ယနေ့ ဖတ်စရာ

**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်**

စာမျက်နှာ » ၉

**အကြမ်းဖက်အဖွဲ့အစည်းများရှိသည့် နေရာများမှအပ ကျန်နယ်မြေများတွင် စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်အထိ တိုးမြှင့်ရပ်ဆိုင်းပေးသွားမည်**

စာမျက်နှာ » ၆

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို မဲခေါင်ဒေသနိုင်ငံများအတွက် ဦးစားပေးမည်ဟု တရုတ်ဝန်ကြီးချုပ် လီခချန်း ပြော**

စာမျက်နှာ » ၁၂

## ဧရာဝတီမြစ်ရေ ပခုက္ကူမြို့၌ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၂၄

ယနေ့ နံနက် ၁၁ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပခုက္ကူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ